www.burmeseclassic.com



www.burmeseclassic.com

ဆရာကျိုချန်နှင့် ဆချွန်မင်က လှည့်၍ ကြည့်လိုက်ရာ မှုန်မွားမွား လရောင်အောက်တွင် အရှေ့တောင်ဘက်ထောင့်မှ လူရိပ်နှစ်ခုသည် အဟုန်မြင်းစွာဖြင့် မိမိတို့တည်းခိုရာ ဧည့်ဂေါဆောင်ရှိရာသို့ ပြေးလွှား၍ လာနေကြသည်။

ဆချွန်မင်က ပြောလိုက်သည်။

"ဆရာတို့က မန်ချူးတမန်တော်များကို လက်ဦးအောင် မသုတ်သင်ခင်မှာ သူတို့က လူလွှတ်ပြီး ကျွန်တော်တို့ကို အရင် သုတ်သင်နိုင်းတာပဲ"

ဆရာကျိုချန်သည် ပြေးလွှားနေသူနှစ်ဦးကို ကြည့်လိုက်၏။ ထိုနှစ်ဦးမှာ ဆိတ်ချိုဦးထုပ်များဆောင်းသော စင်လင်ကျွင်ကျဲ့နှင့် ချစ်ထော်တို့နှစ်ဦး ဖြစ်နေသည်။

"ဦးလေး တစ်နေ့ရာကပုန်းနေပြီး စောင့်ကြည့်နေမယ်၊ မင်းတို့

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်က အမြန်ဆုံးနည်းနဲ့ သိုင်းကွက်သုံးလေးငါးကွက်အတွင်း အပြတ်ရှင်းပစ်ရမယ်၊ လှုပ်ရှားမှုက လျင်မြန်ပြီး ပြတ်သားရမယ်"

ဆရာကျိုချန်က အိမ်ခေါင်မိုးပေါ်မှ မြေကြီးပေါ်သို့ ခုန်ဆင်းလိုက်ပြီး မှောင်ရိပ်တစ်နေရာတွင် ဝင်ပုန်းနေပြီး တိုက်ပွဲကို ကြည့်ရန်စောင့်နေလေ၏။

ဆချွန်မင်နှင့် မုံစီလွန်တို့သည် မားမားမတ်မတ် မတ်တပ်ရပ်၍ စောင့်နေကြသည်။

ထိုအခိုက် အရိပ်နှစ်ခုမှာ အနီးသို့ ရောက်ရှိလာသည်။

BURMESE CLASSIC

မုံစီလွန်၏ ခန့်မှန်းချက်မှာ အလွန်မှန်ကန်၏။ လာသူများမှာ စင်လီကျွင်ကျူနှင့် ချစ်ထော်တို့နှစ်ဦး ဖြစ်နေသည်။

ဆချွန်မင်နှင့် မုံစီလွန်တို့သည် ဓားကိုင်ပြီး ဧည့်ကြိုဆောင်၏ အိမ်ခေါင်မိုးပေါ်တွင် ရပ်နေသည်ကို တွေ့မြင်ရ၍ စင်လီကျွင်ကျူက ...

"မင်းတို့ လာဆာဖြို့တော်ကိုလာပြီး မင်းတို့အသက်ကို ဆက်သကြတာထင်တယ်"

ထိုသူသည် ပြောရင်း ခန္ဓာကိုယ်ကို လှုပ်ရှားလိုက်သည်။

အသံနှစ်ချက် ကြားလိုက်ရပြီး ထိုသူမှာ အရှိန်ပြင်းစွာဖြင့် ဆချွန်မင်တို့ရှိရာ လေထဲသို့ ခုန်ပျံတက်၍ တိုးဝင်လာသည်။

"ဟူး ...ဟူး ..."

အသံနှစ်ချက်ကြားလိုက်ရပြီး စင်လီကျွင်ကျူမှာ သူ၏ ဝတ်ရုံဖြင့် မုံစီလွန်အား ပိုက်ကွန်သဖွယ် ဖုံးအုပ်၍ ချုပ်နှောင်လိုက်လေ၏။ မုံစီလွန်မှာ ၎င်းထက်ပင် လျင်မြန်နေသည်။



သူမသည် ဓားကို ဓားအိမ်တွင်းမှ ဆွဲထုတ်ကာ နွဲ့နှောင်းသော ခန္ဓာကိုယ်ကို လှုပ်ရှားလိုက်သည်နှင့် ငါးပေ ခြောက်ပေ အမြင့်ဆီသို့ ခုန်တက်သွားပြီး မိုးကြိုးလေခွဲသိုင်းကွက်မှ လျှပ်ရောင်တောင်ရိုးဖြတ် သိုင်းကွက်ဖြင့် စင်လီကျွင်ကျူ၏ နရီးကြားကို ထိုးသွင်းလိုက်လေသည်။

သူမသည် မိုးကြိုးလေခွဲသိုင်းကွက် တစ်ကွက်တည်းဖြင့် စင်လီကျွင်ကျူ၏ နရီးကြားကို ဓားတစ်ချက်ထိုးသွင်းလိုက်ရာ ငယ်သံပါအောင် အော်ကာ အသက်ပျောက်သွားလေတော့သည်။

မုံစီလွန်မှာ စင်လီကျွင်ကျူကို အပြတ်ရှင်းလိုက်ချိန်တွင် ဆချွန်မင်မှာလည်း ကိစ္စပြီးပြတ်သွားလေသည်။

ထိုအချိန်အတွင်း ဆချွန်မင်သည် စန်ယန်စင်ကုန်သိုင်းကွက်ကို ရာခိုင်နှုန်းခုနှစ်ဆယ်အားဖြင့် တိုက်ခိုက်လိုက်သည့်အတွက် ချစ်ထော်ဆိုသူမှာ သိုင်းပညာ မည်မျှတတ်သည်ဖြစ်စေ ဤသိုင်းကွက်ကို ခုခံနိုင်စွမ်းမရှိချေ။ ငယ်သံပါအောင်အော်ပြီး ဆချွန်မင်၏ လက်ဝါးချက်ကြောင့် ပေနှစ်ဆယ်အပြင်ဘက်သို့ လွင့်စဉ်ထွက်သွားပြီး ခန္ဓာကိုယ်မှ သွေးများယိုစီးကာ အသက်ပျောက်သွားသည်။

ဆရာကျိုချန်မှာ မှောင်ရိပ်ကွယ်မှထွက်လာပြီး ၎င်းတို့၏ ခန္ဓာကိုယ်ကို ရှာဖွေစစ်ဆေးလေ၏။ ၎င်းတို့နှစ်ယောက်ထံမှ ခြောက်လက်မခန့်ရှည်သော သားရေအိတ်ကလေးထဲတွင် ကြွေပုလင်းကလေး တစ်လုံး ထည့်ထားသည်ကို တွေ့မြင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကြွေပုလင်းအတွင်း၌ အနီရောင်ဆေးမှုန့်များ ထည့်၍ထားသည်။

ဆရာကျိုချန်မှာ ၎င်းဆေးမှုန့်သည် အရိုးကိုပင် အရည်ပျော်စေနိုင်သော ဆေးမှုန့်ဖြစ်ကြောင်း သိရပေသည်။

ချက်ချင်း ကြွေပုလင်းထဲမှ ဆေးမှုန့်ကို အနည်းငယ်ထုတ်ပြီး ထိုသူနှစ်ဦး၏ အာခေါင်တွင်းသို့ တောက်ထည့်လိုက်၏။

အချိန် ၁၅ မိနစ်လောက်ကြာသောအခါ စင်လီကျွင်ကျုနှင့် ချစ်ထော်နှစ်ဦး၏ အလောင်းကောင်သည် အရည်ပျော်ပြီး သွေးခဲအိုင်ကြီး ဖြစ်သွားလေတော့သည်။

ဆရာကျိုချန်သည် အလောင်းကောင်များ အရည်ပျော်သွားသည်ကို တွေ့မြင်ရသောအခါ ဆချွန်မင်အား ကြွေပုလင်းငယ်ကို အိတ်တွင်း၌ သိမ်းဆည်းထားစေလိုက်သည်။

"အင်း... ဒုစရိုက်နှစ်ကောင်တော့ ကြွသွားကုန်ပြီ၊ တို့တစ်တွေ တမန်များကို သွားရောက်သုတ်သင်ကြစို့"

ဆရာကျိုချိန်တို့ ဆရာတပည့်သုံးယောက်သည် ကိုယ်ဖော့သိုင်းပညာဖြင့် ကျူပေါ့ဘုန်းကြီးကျောင်းသို့ ပြေးလွှားသွားကြသည်။

ကျူပေါ့လားမား ကျောင်းသည် လာဆာမြို့တော်တွင် ကြီးကျယ်ခံ့ညားဆုံးသော ကျောင်းတစ်ခုဖြစ်သည်။ ရွှေရောင်များ ဝင်းလက်နေပြီး အဆောက်အအုံမှာ လွန်စွာမှ ခံ့ညားသည်။

တရားသူကြီးမင်းနေထိုင်သော ပုတာပ်လာနန်းတော်နှင့် မတိမ်းမယိမ်း ဖြစ်သည်။ မကြာမီ ဆရာကျိုချန်တို့သည် ကျူပေါ့လားမားကျောင်းတွင်းသို့ ရောက်သွားကြလေ၏။



၎င်းတို့သည် နေ့လယ်က ဘုရားကျောင်း၏ အခြေအနေကို စုံစမ်းပြီးဖြစ်သည်။ ၎င်းကျောင်းအနီး၌ အဆောက်အအုံတစ်ခုမှာ တည်းခိုနေထိုင်ရာ ဂေဟာဖြစ်သည်။

၎င်းတို့သည် စေတီ၏ အနေအထားကို ကြည့်ပြီး လာခဲ့ရာ မန်ချူးတမန်များ တည်းခိုသော အဆောင်၏ အောက်သို့ ရောက်လာကြသည်။

အဆောင်တွင်း၌ မီးများ ထိန်ထိန်လင်းနေပြီး လူအတော်များများ သွားလာလှုပ်ရှားနေသည်ကို တွေ့ရသည်။

မန်ချူးတမန်များသည် အခြွေအရံ သုံးဆယ်ကျော်ကို ခေါ်ဆောင်လာသည်။

အဆောင်၏ ထိပ်ဆုံးအခန်းမှ မီးရောင်များလက်နေပြီး ညလေနှင့်အတူ ပါလာသော စကားသံသဲ့သဲ့ကလေးကို ကြားရသည်။

ဆရာကျိုချန်က ဆချွန်မင်နားနားကပ်ပြီး ...

"ဆချွန်မင် သူတို့ ဟိုအပေါ်ဆုံးအထပ်မှာ ဆွေးနွေးတိုင်ပင်နေကြတယ်၊ ဘယ်ပုံဘယ်နည်း လုပ်ဆောင်ရမယ်ကို ဆွေးနွေးကြမှာပေါ့"

ဆချွန်မင်သည် ပျံလွှားငှက်ကလေးပမာ တမန်များတည်းခိုသော အပေါ်ဆုံးအထပ် ခေါင်မိုးပေါ်သို့ ခုန်သွားသည်။ ခြေထောက်

www.burmeseclassic.com

www.burmeseclassic.com



နှစ်ချောင်းကို တံစက်မြိတ်တွင်ချပြီး ကိုယ်ကို အောက်နိုက်ထားကာ ပြတင်းပေါက်မှနေ၍ အတွင်းသို့ လှမ်းကြည့်သည်။

မန်ချူးတမန်တော် နှစ်ယောက်သည် ကုလားထိုင်ပေါ်တွင် ထိုင်နေသည်ကို တွေ့လိုက်ရသည်။

ထိုတမန်တော် နှစ်ယောက်အနက် တစ်ယောက်မှာ အသက် လေးဆယ်ခန့်ရှိပြီး ကျန်တစ်ယောက်မှာ သုံးဆယ်ခန့်ရှိသည်။ ၎င်းတို့၏ အနေအထားကို ကြည့်ခြင်းအားဖြင့် သိုင်းပညာကို အတော် အသင့် တတ်မြောက်ထားသူဖြစ်ကြောင်း ထင်ရှားလေသည်။

ထိုလူသတ် တမန်တော်၏အမည်မှာ ကျက်အော်ပေါ်ဖြစ်ပြီး ကျန်တစ်ယောက်၏ အမည်မှာ စုခက်တူဖြစ်သည်။

၎င်းတို့မျက်နှာမှာ ကိစ္စတစ်ခုကို အငြင်းအခုံ ဖြစ်နေပုံရ၏။

ကျက်အော်ပေါ်က ...

"ငါ့ညီ ...မင်းဘာမှ ဇဝေဇဝါဖြစ်နေဖို့ မလိုပါဘူး၊ လာဆာမြို့တော်အတွက် စိုးရိမ်ကြောင့်ကြစရာ မလိုပါဘူး၊ မီးတုတ်ပေါင်း လေးငါးရာကို ရှိသမျှ လားမားကျောင်းတွေနဲ့ တရားသူကြီးမင်း နေထိုင်တဲ့ ပုတာပ်လား နန်းတော်ကို တစ်ခါတည်း ပြာချပစ်လိုက်မယ်...

"တရားသူကြီးမင်း တပ်လိုက်ရဲ့ အုပ်ချုပ်ရေး စက်ယန္တရားကြီးကို ဖြိုခွင်းပစ်ရမယ်၊ ဒီအကြံအစည်က ကောင်းတဲ့အကြံအစည်ပဲ"

စုခက်တူက ...



"နောင်တော် ...လာဆာမြို့ဟာ တိဘက်ပြည်သူပြည်သားများရဲ့ အထွတ်အမြတ်ထားတဲ့ မြို့တော်ဖြစ်တယ်၊ နောင်တော် ပြောတဲ့ နည်းလမ်းအတိုင်း လုပ်ခဲ့ရင် တိဘက်လူမျိုးတို့ဟာ ကမ္ဘာမကြေ ရန်ညိုးထားကြမှာ၊ ဒီတော့ ဘာကောင်းကျိုး ခံစားရမှာလဲ၊ စိတ်မောတ်စစ်ဆင်ရေးက ပထမ၊ မြို့ရွာ တိုက်ခိုက်ရေးက ဒုတိယ ဖြစ်တယ်၊ ဘာဖြစ်လို့ ဒီလောက်အောက်ကျတဲ့ အကြံကို ကြံရတာလဲ"

ကျက်အော်ပေါ်က ဒေါသဖြင့် ပြောလေတော့၏။

"ငါပြောတဲ့နည်းလမ်းက ကျူပင်ခုတ် ကျူငုတ်ပါ မကျန်တဲ့ နည်းပဲ၊ ဘာဖြစ်လို့ အောက်တန်းကျတယ်လို့ ပြောရတာလဲ၊ မင်းလဲ တွေ့ပြီးပြီ မဟုတ်လား၊ ဗိုလ်ချုပ်စောက်ပေ့က တွေ့ကျန်ဒေသကို သိမ်းပိုက်တုန်းက တရှောင်ဟိုကျိုမှာရှိတဲ့ စော်ဘွားတို့ကို အားလုံး သတ်ပစ်တဲ့အတွက် ကျန်လက်အောက် ငယ်သားတွေက ကျုပ်တို့ကို အညံ့ခံရတယ် မဟုတ်လား"

ထိုအခါ နောက်ဘက်မှ လေသံကြားရ၏။ နောက်ဘက်သို့ လှည့်ကြည့်လိုက်ရာ မှုံစီလွန်မှာ နောက်မှလိုက်၍ တက်လာ၏။ ဆချွန်မင်အား ပြုံးရယ်ပြပြီး သူမ၏ နှုတ်ခမ်းကလေးမှာ ဆချွန်မင်၏ နားကို ကပ်ပြီး အသံတိုးတိုးကလေးဖြင့် မေးသည်။

"ဘာကိုစောင့်နေတာလဲ၊ ဦးရီးတော်က ညီမတို့ကို ဟိုမန်ချူး နှစ်ယောက်ကို သုတ်သင်ပစ်ဖို့ မှာလိုက်တယ်"

ဆချွန်မင်က အသံနိမ့်ပြီး ပြန်ဖြေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သိပ်ကောင်းတယ်၊ အခုချက်ချင်း လုပ်ငန်းစကြပါစို့၊ ဒါပေမယ့် အသက်ကြီးတဲ့လူကိုပဲ သတ်ပစ်ရမယ်၊ ကျန်တစ်ယောက်ကို အသက်ချမ်းသာပေးထားရမယ်၊ သူက စိတ်ထားပျော့ပျောင်းတယ်"

မုံစီလွန်သည် စကားတစ်ခွန်းမျှမပြောဘဲ လောက်လေးကို ထုတ်ကာ အခန်းတွင်းရှိ မီးအိမ်များကို ချိန်ရွယ်ပြီး ပစ်သွင်းလိုက်ရာ မီးများငြိမ်းသွား၏။ နောက် တစ်ခန်းလုံး မှောင်ကျသွားသည်။

မုံစီလွန်၏ မီးအိမ်ငြိမ်းသတ်သောနည်းမှာ အလွန်အဆင့်အတန်းမြင့်သည်။ သူ မီးငြိမ်းရသည်။ အဘယ်ကြောင့်ဆိုသော်...

ကျက်အော်ပေါ့နှင့် စုခက်တူ တမန်နှစ်ယောက်၏ အိပ်ခန်းအပြင်ဘက်၌ ကိုယ်ရံတော်တပ်သား ဆယ်ယောက်ကျော်က လက်နက်ကိုယ်စီဖြင့် စောင့်ကြပ်လျက်ရှိသည်။ အဆောင်အောက်ထပ်၌လည်း ကိုယ်ရံတော်တပ်သားများ ရှိသေးပြန်၏။ ထို့အပြင် မန်ချူးတမန်တော်နှစ်ယောက်မှာ ကိုယ်ခန္ဓာအလွန်ထွားကျိုင်းသည်။ ၎င်းတို့သည် သိုင်းပညာကိုလည်း တတ်မြောက်ထားသည်ကို သက်သေပြနေသည်။

ဆချွန်မင်နှင့် မုံစီလွန်တို့သည် အခန်းတွင်းသို့ ခုန်ဝင်သွားကြသည်။ သိုင်းကွက်သုံးလေးခွက်ဖြင့် တစ်ဖက်လူအား အသေမသတ်နိုင်ခဲ့လျှင် အပြင်ဘက်နှင့် အောက်ဘက်မှ ကိုယ်ရံတော်များက စုပြုံ၍ အပေါ်သို့ တက်လာမည်။ ပြဿနာမှာ ပိုမိုရှုပ်ထွေးပေတော့မည်။



ဆချွန်မင်နှင့် မုံစီလွန်တို့သည် အတွင်းအားကို အထူးလေ့ကျင့်ထားသူဖြစ်၍ ၎င်းတို့၏မျက်လုံးအစုံသည် မှောင်နေသော်လည်း အရာဝတ္ထုကို မြင်နိုင်စွမ်းရှိသည်။

ထိုအခိုက် မီးများငြိမ်းသွားသည်။

မန်ချူးတမန်တော် ကျက်အော်ပေါ့က ထိတ်လန့်စွာ အော်လိုက်သည်။

"သူခိုးရှိတယ်"

စကားကို ပါးစပ်မှ ထွက်ရုံသာရှိသေးသည်။ အမှောင်ထဲမှ အလင်းရောင်တစ်ချက် လက်သွားပြီး ဆချွန်မင်နှင့် မုံစီလွန်တို့သည် ဓားဆွဲပြီး ပြတင်းပေါက်ကို တွန်းဖွင့်၍ အတွင်းသို့ ခုန်ဝင်လာခဲ့ကြလေ၏။

ဆချွန်မင်သည် မန်ချူးတမန်တော် စုခက်တူ၏ ခြေစုံကို ခုတ်ချလိုက်၏။

စုခက်တူ၏ သိုင်းပညာမှာလည်း အလွန်တော်၏။ မီးငြိမ်းသွားသည်နှင့်တစ်ပြိုင်နက် ထလိုက်ပြီး မိမိထိုင်နေသော ကုလားထိုင်ကို လက်၌ ကိုင်ထားသည်။

ဆချွန်မင်က ၎င်းအား ဓားဖြင့် ခုတ်လိုက်သည်ကို ဓားသံကြား၍ ကိုယ်ခန္ဓာကို အောက်သို့ နှိမ့်ချလိုက်ပြီး ကုလားထိုင်အား အပြင်ဘက်သို့ တစ်ချက်ရမ်းလိုက်လေ၏။

သို့သော် ဆချွန်မင်၏ဓားသည် ကြေးများ၊ သံများကို ဖြတ်

www.burmeseclassic.com

www.burmeseclassic.com



တောက်နိုင်သော ဓားဖြစ်၍ အဘယ်မှာလျှင် ကုလားထိုင်သည် ခံနိုင်ပါမည်နည်း။

ဓားသွားနှင့် ထိလိုက်သော ကုလားထိုင်သည် ပြတ်ထွက်သွားပြီး ဓားသည် စုခက်တူ၏ ဘယ်ဘက်ခြေသလုံးကို ထိသွားလေ၏။ အသံတစ်ချက် အော်မြည်သံ ကြားလိုက်ပြီး ကြမ်းပြင်ပေါ်သို့ လဲကျသွားသည်။

ထိုအခါ ဆရွှန်မင်သည် ခြေတစ်ဖက်နှင့် ဆောင့်ကန်သွင်းလိုက်ရာ စုခက်တူမှာ အကြောဂိတ်ခံရပြီး သတိမေ့မျောသွားလေ၏။

ကျက်အော်ပေါ့က အလွန်ကြမ်းကြုတ် ကောက်ကျစ်၏။ ပြတင်းပေါက်ပွင့်သွားသည်ကို မြင်လိုက်သည်နှင့် ကြမ်းပြင်ပေါ်သို့ လှိမ့်ချလိုက်ပြီး စုတင်အောက်သို့ ဝင်ပုန်းရန် ကြိုးစားသော်လည်း အခန်းတွင်း၌ မည်းမှောင်နေသည့်အတွက် ကုလားထိုင်ကို မမြင်ရဘဲ ဦးခေါင်းသည် ကုလားထိုင်ခြေထောက်နှင့် ဝင်ဆောင့်မိသည်။

"အား..."

အသံတစ်ချက် ထွက်ပေါ်လာ၏။

မုံစီလွှန်က အသံကိုဖမ်းပြီး ဓားတစ်ချက်သွင်းလိုက်ရာ ကျက်အော်ပေါ့မှာ ညာဘက်လက်ဖြင့် ခုခံလေ၏။ မှောင်ထဲတွင် လက်ကို ဓားထိသွားပြီး ညာဘက်လက်ချောင်းငါးချောင်းစလုံး အရင်းမှ ပြတ်သွားလေ၏။ သွေးများပန်းထွက်လာ၏။ နာကြည်းမှုကို အောင့်ခံပြီး ခြေတစ်ချက်အပေါ်သို့ ကန်ကြောက်လိုက်လေ၏။ မုံစီလွှန်၏ ဝမ်းဗိုက်ကို ကန်ခြင်းဖြစ်၏။



ထိုအခါ မုံစီလွှန်က လက်ကိုလှည့်ပြီး ဓားတစ်ချက် သွင်းလိုက်ပြန်၏။ ကျက်အော်ပေါ့၏ ခြေမျက်စိနေရာမှ ပြတ်ထွက်သွားပြီး ဓားကို ရှေ့သို့ထိုးသွင်းလိုက်ပြန်ရာ ကျက်အော်ပေါ့၏ ဝမ်းဗိုက်ချက်ကောင်းကို ထိသွားကာ ငယ်သံပါအောင် တစ်ချက်အော်ပြီး အသက်ထွက်သွားလေတော့သည်။

ကိုယ်ရံတော် တပ်သားလေးယောက်သည် အော်သံကြား၍ အခန်းတွင်းသို့ ပြေးဝင်လာလေ၏။ မုံစီလွှန်က ကုလားထိုင်တစ်လုံး ဆွဲပြီး ၎င်းတို့လေးဦးထံ ပစ်သွင်းလိုက်သည်။

ထိုအခါ ရှေ့ဆုံးမှ ပြေးဝင်လာသော ကိုယ်ရံတော်တပ်သားတစ်ယောက်၏ ရင်ဝကိုထိမှန်ပြီး နောက်ဘက်သို့ လန်ကျသွားသည်။ ကိုယ်ရံတော် တပ်သားလေးယောက်မှာ တစ်ယောက်ပေါ်တစ်ယောက် ထပ်ပြီး လဲကျကုန်၏။

ဆရွှန်မင်က စုခက်တူအား ချိုင်းကြားတွင်ညှပ်ပြီး ပြတင်းပေါက် အပြင်ဘက်သို့ ခုန်ထွက်လိုက်၏။

အဆောင်အောက်ထပ်မှ စစ်သည်များက တွေ့မြင်ရသဖြင့် အော်ကြတော့သည်။

"သူလျှိုရှိတယ်...သူလျှိုကို ဖမ်းကြပါ"

မုံစီလွှန်မှာ ဆရွှန်မင်နှင့် ထက်ကြပ်မကွာ ပြတင်းပေါက်မှ ခုန်ထွက်လိုက်၏။ လေးကိုလည်း ဆက်တိုက်ပစ်ခတ်လိုက်၏။

အိမ်အောက်မှ မီးအိမ်များအားလုံးသည် မီးငြိမ်းသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အဆောက်အအုံ တစ်ခုလုံးရှိ မီးများ ငြိမ်းသွားပြီး မည်းမှောင်သွား၏။ မန်ချူးစစ်သည်များ မြင်ကွင်းမှ ပျောက်ကွယ်သွားတော့သည်။

မုံစီလွန်မှာ တစ်ချက်ရယ်ပြီး ဆချွန်မင်၏နောက်သို့ ခုန်ပျံပြေးလွှားလိုက်သွားလေတော့၏။

ဆချွန်မင်နှင့် မုံစီလွန်တို့သည် မန်ချူးတပ်များကို သုတ်သင်ရှင်းလင်းခဲ့ပြီး ပြေးလွှားထွက်လာခဲ့ကြသည်။ ထို့နောက် ဆရာကျိချန် စောင့်ဆိုင်းနေသော နေရာသို့ ရောက်လာကြပြီး လူစုမိသောအခါ ဆရာတပည့် သုံးယောက်တို့သည် အသံတစ်ချက်ပြုပြီး ကိုယ်ဖော့ပညာဖြင့် မိမိတို့တည်းခိုရာ နေရာဖြစ်သော ဧည့်ကြိုအဆောင်သို့ ဦးတည်၍ လာခဲ့ကြပေတော့သတည်း။

* * *

ဆရာကျိချန်တို့သည် တည်းခိုဂေဟာသို့ ပြန်ရောက်လာကြသည်။

ဆချွန်မင်သည် ချိုင်းကြားတွင် လူတစ်ယောက်ကို ညှပ်၍ သယ်ဆောင်လာ၏။ ထိုလူကို အသာချလိုက်ပြီး...

ဖွမ်ကျောင်ကျွီတို့ ညီအစ်ကိုအား အမိန့်ပေးသည်။

"သူ့ကို ကြိုးနဲ့ချည်ထားလိုက်ပါ"

ဖွမ်ကျောင်ကျွီ ညီအစ်ကိုနှစ်ယောက်သည် ချက်ချင်း အနားကပ်သွားပြီး မန်ချူးတမန်တော် စုခက်တူအား ကြိုးနှင့် ချည်နှောင်ထားလိုက်၏။



မုံစီလွန်တို့သည် ၎င်းတို့စွန့်စားချက်များကို ဖွမ်ကုံတပ်အား ပြန်လည်၍ ပြောကြားလိုက်သည်။

သည့်နောက် ဖွမ်ကုံတပ်က မေးသည်။

"ဒီလို မန်ချူးလက်ပါးစေတွေကို ဓားနဲ့ နှစ်ပိုင်း ပိုင်းလိုက်ရင် ကိစ္စပြီးတာပဲ၊ ဘာဖြစ်လို့ အပင်ပန်းခံပြီး ဒီအရောက်ယူလာရတာလဲ တူမောင်"

ဆချွန်မင်က...

"ဦးလေးပဲ ပြောခဲ့တယ် မဟုတ်လား၊ မန်ချူးတမန်များ လာဆောဖြို့တော်မှာ ဗိုလ်ချုပ်ခန်းအန်းရဲ့ အတွင်းလူအဖြစ် လျှပ်ရှားတဲ့ အထောက်အထားကို ရယူချင်တဲ့အတွက် ခုလို ဖမ်းခဲ့ရတာပါ၊ ဒီလိုမှ အရှင်မဖမ်းခဲ့ရင် အထောက်အထားကို ရနိုင်မှာ မဟုတ်ဘူး"

ဖွင့်ကုံတပ်သည် မျက်ခုံးတစ်ချက် တွန့်တက်သွားပြီး...

"ဩော်...မင်းက သူ့ကို စစ်မေးမလို့လား၊ သိပ် လွယ်လိမ့်မယ်လို့ မထင်ဘူး"

ထိုအခါ မုံစီလွန်က ရယ်မောပြီး...

"သူက ကျွန်မတို့လက်ထဲ ရောက်နေပြီပဲ၊ ကျွန်မတို့က အကြံဉာဏ်ကလေးသုံးလိုက်ရင် မှန်တဲ့အတိုင်း မပြောဘဲ မနေနိုင်ပါဘူး၊ ဒီမယ် မောင်လေး ကျင်ကျွီ၊ မင်းရဲ့ တစုသီး လက်နက်ပုန်းတစ်ခု လောက် ယူလာပါ၊ သူ့ကို အမှန်အတိုင်း အစအဆုံး ပြောစေရမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဖွမ်ကျင်ကျွဲသည် ရယ်မောပြီး မိမိ၏ တစုသီးပုံသဏ္ဍာန် လက်နက်ပုန်းကို ယူလာလေ၏။

မုံစီလွန်သည် လက်နက်ပုန်းကို လှမ်းယူပြီး ဆရွှန်မင်အား မန်ချူးတမန် စုခက်တူကို သတိရစေရန် ဆောင်ရွက်စေသည်။

ဆရွှန်မှင်သည် လက်ဝါးနှစ်ဖက်ကို ပူထူနေအောင် ပွတ်သပ်ပြီးနောက် မန်ချူးတမန် စုခက်တူ၏ ရင်ပတ်နှင့် ကျောဘက်ကို ခဏကြာမျှ နှိပ်နယ်ပေးလိုက်ရာ ထိုမန်ချူးတမန်မှာ တဖြည်းဖြည်း သတိရလာလေ၏။

မန်ချူးတမန်သည် သတိရလာ၍ မျက်လုံးကို ဖွင့်ကြည့်လိုက်ရာ အခြေအနေ လုံးဝ ပြောင်းလဲနေသည်ကို တွေ့မြင်ရသဖြင့် ထိတ်လန့်သွားသည်။

"ခင်ဗျားတို့က ဘယ်ကလူတွေလဲ၊ ကျွန်တော့်ကို ဘာကြောင့် ဒီကို ဖမ်းလာရတာလဲ"

မုံစီလွန်က ရယ်မောလိုက်လေ၏။

"တရားသူကြီးမင်း တပ်လိုက်လားမားရဲ့ အမိန့်တော်အရ ရှင့်ကို ဖမ်းရတာ၊ တရားသူကြီးမင်းက ရှင်တို့ တမန်တွေရဲ့ အကြံအစည်ကို သိသွားပြီ၊ ရှင်တို့ ဒီတစ်ခေါက် လာဆာမြို့ကို လာတာဟာ ကောင်းသောလာခြင်းမျိုး မဟုတ်ဘူး၊ အမှန်တော့ ရှင်တို့ဟာ အဖျက်လုပ်ငန်းကို လုပ်ဆောင်ဖို့ ရောက်လာကြတယ်၊ ဒါကြောင့် တရားသူကြီးမင်းက ကျွန်မတို့ကို ညှို့ကြိုဆောင်ကိုသွားပြီး ရှင့်ကို ဖမ်းခေါ်



ခိုင်းတာ၊ ဗိုလ်ချုပ်ခန်းအန်းရဲ့ စစ်တပ်တွေက ဘယ်နေ့ကျမှ တောင်အောက်ကို ရောက်လာမှာလဲ၊ ရှင်တို့ လာဆာမြို့တော်မှာ သူလျှိုဦးရေ ဘယ်လောက်သွင်းထားသလဲ၊ အပြင်ဘက်ကတိုက်ပြီး အတွင်းထဲကနေ တော်လှန်ဖို့ ကြံစည်ထားတယ် မဟုတ်လား"

သူမသည် ပြောရင်း မျက်နှာကို တင်းထားလိုက်၏။ သူမ၏ မျက်နှာ၌ ဒေါသများ ယှက်သန်းလာ၏။

စုခက်တူသည် အလွန်ပါးနပ်သော လူတစ်ယောက်ဖြစ်၏။ ၎င်းသည် ဗိုလ်ချုပ်ခန်းအန်း၏ လက်အောက်မှ အကြံပေးအရာရှိတစ်ယောက်ဖြစ်သည်။ မုံစီလွန်၏ တရားသူကြီးမင်း တပ်လိုက်လားမား၏ နိုင်းစေချက်အရဆိုလျှင် ဘီဘက်လူမျိုး လားမားတစ်ယောက် တလေ အနားတွင် ရှိရမည်။ ထို့ကြောင့် စုခက်တူက အေးစက်စွာဖြင့် ရယ်ပြီး ပြောလေ၏။

"ခင်ဗျားတို့က ဘယ်သူတွေလဲ၊ နိုင်ငံကို ပုန်ကန်ချင်တဲ့ လူတွေ၊ ခင်ဗျားတို့ ညသန်းခေါင်ကြီး ညှို့ကြိုဆောင်ကို လာတိုက်ရတာ ဘာသဘောလဲ"

မုံစီလွန်က…

"ရှင်နဲ့ ကျွန်တစ်ယောက် စကားပြောနေတာကို ကျွန်မ အားလုံး ကြားပြီးပါပြီ၊ ရှင်က ဘာငြင်းချင်သေးသလဲ၊ ရှင့်ကို ကြည့်ရတာ အကြောင်းနည်းနည်း မပြမချင်းတော့ စကားအမှန်ကို ပြောမှာ မဟုတ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ပြောရင်း လက်ကိုဆန့်ကာ စုဓကတ်တူ၏ ညာဘက်ပခုံးကို ကိုင်ပြီး ညှစ်လိုက်ရာ စုဓကတ်တူမှာ အလွန်နာကျင်၍ အသံကျယ်လောင်စွာ အော်လိုက်လေ၏။

မုံစီလွန်က ချက်ချင်း လက်ကို လွှတ်ပေးလိုက်လေ၏။

"ရှင်က အတော်လာတဲ့လူပဲ၊ ဒီနေရာမှာလာပြီး မန်ချူးတမန်ဆိုတဲ့ ဟိတ်ဟန်ကို ပြမနေနဲ့၊ ရှင့်ကို ကျွန်မ စကားတစ်ခွန်း မေးမယ်၊ ရှင် စကားအမှန်အတိုင်း ပြောမလား"

စုဓကတ်တူက ခပ်ပြတ်ပြတ် ပြန်ပြောလိုက်လေ၏။

"သူ့ဆန္ဒစား ရဲရမယ်၊ ဗိုလ်ချုပ်ခန်းအန်းရဲ့ လျှို့ဝှက်ချက်တွေကို ထုတ်ဖော်မပြောနိုင်ဘူး၊ ခင်ဗျားတို့ ကျုပ်ကို သတ်ပစ်လိုက်ပါ"

ဆချွန်မင်နှင့် ဖွမ်ကျင်ကျိတို့သည် ဒေါသထွက်ကာ မိမိတို့၏ဓားဆောင်များကို ဆွဲထုတ်လိုက်ပြီး ဦးခေါင်းကို ပိုင်းဖြတ်လိုက်မည်အပြုမုံစီလွန်က လက်ကာပြလိုက်သည်။

"စုဓကတ်တူ ရှင်ဟာ ဒီလောက်ခေါင်းမာလိမ့်မယ်လို့ မထင်မိဘူး၊ ရှင်က ထုတ်ဖော်မပြောရင်နေပါ၊ ကျွန်မက ရှင်တို့ရဲ့ လျှို့ဝှက်ချက်တွေကို ထုတ်ဖော်ရမှာပဲ"

မုံစီလွန်သည် ပြောရင်း လက်ထဲရှိ တစုသီးပုံသဏ္ဌာန် လက်နက်ပုန်းကို ဖော့ယမ်းကာ...

"ဒီလက်နက်ပုန်းကတော့ အဆိပ်လူးထားပါတယ်၊ လူကို



ထိမှန်လို့ရှိရင် ထိမှန်တဲ့လူဟာ ချက်ချင်းမသေပါဘူး၊ တဖြည်းဖြည်းနှစ်ရက်လောက် ဒုက္ခခံစားပြီးမှ သေရပါတယ်၊ ဒီတော့ ရှင် မပြောရင်တော့ ရှင့်ကို ဒီအရသာ မြည်းစမ်းနိုင်းရမှာပဲ"

သူမသည် ပြောရင်း စားပွဲခုံပေါ်မှ မီးခွက်ကိုယူလိုက်ပြီး တစုသီးပုံသဏ္ဌာန် လက်နက်ပုန်း၏ အစွန်းတစ်ဖက်ကို မီးကင်လိုက်လေ၏။ တစ်ခဏမျှကင်ပြီးနောက် ရယ်မောကာ...

"မီးကင်ပြီးတဲ့အခါ အဆိပ်က ပိုပြီး မြန်မြန်ဆန်ဆန် တန်ခိုးပြလာတယ်၊ မိုးမလင်းစေရပါဘူး၊ ရှင်ဟာ မျက်စိကန်းပြီး အ,သွားလိမ့်မယ်၊ နောက် ကိုယ်စန္ဒာ အပေါက်ခုနစ်ပေါက်က သွေးတွေယိုစီးထွက်လာပြီး သေဆုံးသွားနိုင်ပါတယ်"

စကားပြောပြီးနောက် မီးကင်ပြီးသော တစုသီးပုံသဏ္ဌာန် လက်နက်ပုန်းကို စုဓကတ်တူ၏ လည်ပင်း၊ နောက်စေ့အောက်၌ ခပ်ပြင်းပြင်းကလေး နှစ်ချက် ခြစ်လိုက်လေ၏။

စုဓကတ်တူမှာ ခြေလက်များကို ကြိုးများဖြင့် ချည်နှောင်ခံထားရသည့်အတွက် ရုန်းကန်ရန် အင်အားလုံးဝ မရှိတော့ပေ။ ပူလောင်နေသော လက်နက်ပုန်းအချွန်ကြီးကို အသားတွင်းသို့ ထိုးသွင်းခြင်းကို ခံစားလိုက်ရသည်။

စုဓကတ်တူသည် မိမိ၏လက်ပင်း၌ လက်နက်ပုန်းအထိုးခံလိုက်ရသော နေရာမှ တဖြည်းဖြည်း ယားယံလာခြင်းကို ခံစားလိုက်ရ နာကျင်၍လာ၏။ ၎င်းသည် ရုတ်တရက် စဉ်းစားပြီး ညည်းညူ

www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။ အသက်ရှင်လျက်နှင့် အတိဒုက္ခကို ခံစားနေရပြီး ဤကမ္ဘာပေါ် ရှိသမျှ ရက်စက်ကြမ်းကြုတ်သော ပစ်ဒဏ်ခတ်နည်းထက် ပိုမိုဆိုး၏။ ပိုမိုကြောက်မက်ဖွယ်ကောင်း၏။ ချက်ချင်း ရင်ထိတ်ပြီး ကြောက်လန့်ကာ ပြောတော့သည်။

"အသက်ကို ချမ်းသာပေးပါ၊ အသက်ကို ချမ်းသာပေးပါ၊ ကျုပ်ထုတ်ဖော် ပြောပြပါ့မယ်· ကျုပ်ထုတ်ဖော် ပြောပြပါ့မယ်"

မုံစီလွန်က ရယ်မောပြီး လက်ကိုဆန့်ကာ အိတ်ထဲက ပုလင်းတစ်လုံးထုတ်ပြီး ဆေးတစ်လုံးကို စုခက်တူ၏ ပါးစပ်တွင်းသို့ ထိုးထည့်လိုက်လေ၏။

မန်ချူးတမန်သည် ခေါင်းမမာနိုင်တော့ဘဲ ဗိုလ်ချုပ်ခန်းအန်း၏ လျှို့ဝှက်အစီအစဉ်တွေကို ဖော်ထုတ်ပြောပြလေတော့၏။

"အသက်မသေချင်ရင် ဒီဆေးလုံးကလေးကို အမြန်မျိုချလိုက်ပါ၊ ဒီဆေးလုံးက ဖြေဆေး ဖြစ်ပါတယ်"

စုခက်တူသည် ကပျာကယာ ထိုဆေးလုံးကလေးကို မျိုချလိုက်သည်။

ဆစ္စျန်မင်နှင့် ကျန်လူများမှာ ဘေးမှနေပြီး သူမ၏ လုပ်ဆောင်ချက်များကို ကြည့်ပြီး ကြိတ်၍ ရယ်မောကြကုန်၏။

အမှန်မှာ မုံစီလွန်သုံးသော လက်နက်ပုန်းမှာ အဆိပ်လူးထားခြင်း လုံးဝ မရှိပေ။

ထိုပုလင်းထဲက ဆေးနီလုံးကလေးများမှာလည်း ဖြေဆေး မဟုတ်ပေ။ အားလုံးကို လုပ်ကြံခြိမ်းခြောက်ခြင်းမျှသာ ဖြစ်၏။



စုခက်တူမှာ နောက်ဆုံးတွင် လျှို့ဝှက်ချက်များကို မည်သို့မျှ ထိန်းချုပ်မနေဝံ့တော့ဘဲ ထုတ်ဖော်ဝန်ခံရင်း ဗိုလ်ချုပ်ဟုခန်းအန်း၏ အစီအစဉ်များကို ပြန်လည်၍ ပြောပြလေတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၂)

### တားဆီးသူများ

ဗိုလ်ချုပ်ဟုခန်းအန်းသည် မန်ချူတမန်များ တိဘက်ပြည်ထဲသို့ မဝင်ရောက်မီကပင် မန်ချူးစစ်သည် သုံးထောင်ကို တိဘက်ပြည်ထဲ စီမံဝင်စေ၏။ အဝတ်အထည်များနှင့် လက်ဖက်ခြောက် ကုန်သည်များ အဖြစ် ကုလားအုပ်များဖြင့် သွားစေ၏။

ခွန်လွန်းတောင်ကို ဖြတ်ကျော်ပြီး တိဘက် ပြည်နယ်ထဲသို့ ဝင်စေ၏။

၎င်းတို့အား လာဆာမြို့တော်ကို တိုက်ခိုက်သည့်အခါ အတွင်းလူအဖြစ် အသုံးချရန်ဖြစ်၏။

ထိုကုန်သည်ဟန်ဆောင်သော မန်ချူးစစ်သည်များမှာ ဓား၊ လှံ၊ လေး၊ မြား လက်နက်တို့အပြင် လောင်စာပစ္စည်း အမြောက်အမြားကို ထိန်ဝှက်ပြီး ယူဆောင်သွားစေ၏။

မန်ချူးစစ်တပ်သည် မြို့တော်၏ တောင်အောက်သို့ ရောက်



သည်နှင့် တစ်ပြိုင်နက် မီးဖြင့်အချက်ပြီး မြို့တော်ကို မီးတင်ရှို့ရန် ဖြစ်၏။

ယခု မန်ချူးစစ်သည်များ သုံးထောင်အနက် နှစ်ထောင်ကျော်မှာ လာဆာမြို့တော်အတွင်းသို့ ရောက်ရှိသွားသည်။

၎င်းတို့သည် ယခု လာဆာမြို့တော်၏ ဟန်မြို့၌ နေထိုင်ကြ၏။

လာဆာမြို့တော်တွင် ဟန်လူမျိုးနှင့် ဇေ့လူမျိုးဟူ၍ မြို့နှစ်မြို့ ခွဲခြားထား၏။ တရားသူကြီးမင်းတပ်လိုက်လားမားက ဟန်လူမျိုးမှ ဇေ့လူမျိုးတို့ သီးခြားနေထိုင်ရန် ခွဲခြားပေးထားခြင်းဖြစ်၏။ တိဘက်လူမျိုးများနှင့် ရောနှော၍မရပေ။

လူဆယ်ယောက်တို့ကို အဖွဲ့ငယ်တစ်ခုဖွဲ့ပေးထားပြီး ထိုအဖွဲ့ငယ်ဆယ်ဖွဲ့ကို အဖွဲ့လတ်တစ်ခုဖွဲ့၏။ အဖွဲ့လတ် ဆယ်ခုကို အဖွဲ့ကြီးတစ်ခု ဖွဲ့ပြန်၏။

၎င်းတို့သည် ကုန်သည်ဟန်ဆောင်သော်လည်း ၎င်းတို့အထဲတွင် လျှို့ဝှက်အမှတ်အသားတစ်ခု ရှိ၏။

၎င်းတို့၏ ကျစ်ဆံမြီးများကို အစိမ်းရောင်ကြိုးများဖြင့် ကျစ်ထားခြင်းဖြစ်သည်။

အကယ်၍ ဗိုလ်ချုပ်ဟုခန်းအန်း၏ စစ်တပ်ကြီး ချီတက်လာပါက ထိုကုန်သည်ဟန်ဆောင်ထားသော မန်ချူးစစ်သည် သုံးထောင်တို့သည် နဂိုရုပ်ကို ပြန်ဖော်ပြီး လက်နက်များကိုင်ကာ မြို့တော်ကို မီးတင်ရှို့မည့်အပြင် မြို့တော်၏ တံခါးကို ဖွင့်ပေးမည်။

www.burmeseclassic.com

www.burmeseclassic.com



စုခက်တူသည် မုံစီလွန်၏ မြိမ်းခြောက်မှုကို မခံရပ်နိုင်၍ ဗိုလ်ချုပ်ဟုခန်းအန်း၏ တိဘက်ပြည်အပေါ် ထားရှိသော အကြံအစည် လျှို့ဝှက်ချက်များကို ဖွင့်ဟပြောဆိုလေ၏။

ဆရျှန်မင်သည် ဘေးမှထိုင်ပြီး နားထောင်ရင်း ထိတ်လန့်နေမိသည်။

မုံစီလွန်က ထပ်မံ၍ မေးလိုက်ပြန်၏။

"ဗိုလ်ချုပ်ဟုခန်းအန်းတို့စစ်တပ် ဘယ်တော့ လာဆာမြို့ကို ချီတက်တိုက်ခိုက်မှာလဲ"

စုခက်တူက...

"ဒီကိစ္စကို ကျုပ်မသိပါဘူး၊ ဒါပေမယ့် ဗိုလ်ချုပ်ဟုခန်းအန်း ပြောသံကြားဖူးတာက အကယ်၍ တပ်မတော်က လာဆာမြို့တော်ကို တိုက်ခိုက်မယ်ဆိုရင် တိုက်ခိုက်မယ့် ကြိုတင် တစ်ရက်မှာ လူတစ်စုကို စေလွှတ်ပြီး ဗုံရှည်ကို တီးပြီး အရက်လိုက်အော်ရောင်းလိုက်မယ်၊ အဲဒီအရက်ရောင်းတဲ့ညမှာပဲ လုပ်ငန်းကိုစတော့မယ်လို့ အကြောင်းကြားတာ ဖြစ်တယ်"

မုံစီလွန်သည် ဆရာကျိုချန်အားကြည့်ကာ ခေါင်းညိတ်၍ပြပြီး...

"ရှင်ကတော့ ကိုယ်ချင်းစာတရား နည်းနည်းရှိသေးတယ်၊ ကျွန်မတို့ကို စကားအမှန်အတိုင်း ထုတ်ဖော်ပြောပြပေးတယ်၊ ရှင့်အသက်ကို ချမ်းသာပေးမယ်၊ ဒါပေမယ့် ရှင့်ကို ပြန်လွှတ်မပေးဘူး၊ ဒီမှာပဲ လေးငါးရက်လောက် ဆက်နေလိုက်ပါဦး"



စကားဆုံးသည်နှင့် ဖွမ့်ကျင်ကျို ညီအစ်ကိုတို့အား မန်ချူးတမန်ကို အတွင်းဆောင်သို့ ခေါ်ဆောင်သွားစေသည်။

ဆရျှန်မင်က...

"ဒီကိစ္စက သိပ်အရေးကြီးတယ် ညီမ၊ အစ်ကိုတို့ ဘယ်လိုလုပ်ပြီး မျက်မှောက်မှာရှိတဲ့ အန္တရာယ်ကို ရင်ဆိုင်ကြမလဲ"

မုံစီလွန်မှာ ခေတ္တစဉ်းစားပြီး...

ရုတ်တရက် ဖွမ့်ကုံတပ်အား မေးလိုက်၏။

"ဦးရီးတော်၊ ကျွန်မတို့ ပိုက်ယုံကုစခန်းကနေပြီး လူအင်အား ဘယ်လောက် ခေါ်ဆောင်ခဲ့သလဲ"

"ဪ...ပိုက်ယုံကုစခန်းကပါလာတဲ့ လူပေါင်းမှာ နှစ်ထောင်လောက်ရှိမယ်၊ အမျိုးသမီးနဲ့ ကလေးတွေကို နုတ်လိုက်ရင် စစ်ထွက်တိုက်နိုင်မယ့် လူအင်အား တစ်ထောင်ကျော်လောက် ရှိပါတယ်၊ ဒါပေမယ့် သူတို့ရဲ့ လက်နက်တွေဟာ တိဘက်ပြည်ကို စဝင်ချိန်က အသိမ်းခံလိုက်ရတယ်လေ၊ တိုက်ခိုက်ရင်လဲ မဖြစ်နိုင်တော့ဘူး"

မုံစီလွန်မှာ ယတိပြတ်ပြောလိုက်၏။

"ဘာပဲဖြစ်ဖြစ် မနက်ဖြန်ကျရင် ကျွန်မတို့ ပုတပ်လာနန်းတော်ကိုသွားပြီး ဒီကိစ္စကို တရားသူကြီးမင်း တပ်လိုက်လားမားကို လျှောက်တင်ရမယ်"

ဆရာကျိုချန်က လန့်ဖျပ်ပြီး ...

"တရားသူကြီးမင်း တပ်လိုက်လားမားက ကျုပ်တို့ကို တွေ့ပြီး

www.burmeseclassic.com

www.burmeseclassic.com



ပြီ မဟုတ်လား၊ အခြေအနေကြည့်ရတာ တရားသူကြီးမင်း တပ်လိုက်လားမားက ကျုပ်တို့အပေါ် ယုံကြည်မှုသိပ်မရှိဘူး၊ ကျုပ်တို့စကားကိုလဲ မယုံဘူး၊ နောက်ထပ်တစ်ကြိမ်တွေ့ရင်ကော ဘာအကြောင်းထူးမှာလဲ"

မုံစီလွန်က ပြတင်းပေါက်မှ အပြင်ဘက်သို့ လှမ်းကြည့်လိုက်ပြီး...

"အခု အများဆုံး အုန်းမောင်းလေးချက်တီးချိန်လောက်ပဲ ရှိဦးမယ်၊ အချိန်မီပါသေးတယ်၊ ဦးရီးတော် ကျွန်မတို့ မိုးမလင်းမီ အချိန်ကလေးအသုံးပြုပြီး ပုတပ်လာနန်းတော်ကို တစ်ခေါက်သွားကြပါစို့"

ဖွမ့်ကုံတပ်က ထိတ်လန့်ပြီး...

"တူမလေး...တူမလေးက သတ္တိတကယ်ကောင်းတဲ့လူပဲ၊ စောစောကပဲ ကျုပေါ့ဘုရားကျောင်းသွားပြီး မန်ချူးတမန်တွေကို ဖမ်းချုပ်သတ်ဖြတ်ခဲ့တယ်၊ ခုလဲ ပုတပ်လာနန်းတော်ကို သွားပြီး တပ်လိုက်တရားသူကြီးမင်း လားမားကို ဖူးမြော်ဦးမယ်ဆိုတော့..."

ဆရာကျိုချန်က ရုတ်တရက် ရယ်မောပြီး...

"ဟုတ်တယ်...ဟုတ်တယ်...ပန်းဘဲဆရာက မီးအပူရှိန်ကောင်းတုန်း သံကိုထုတယ်၊ ကျားဂူတွင်းထဲကို မဝင်ဘဲနဲ့ ဘယ်နည်းနဲ့မှ ကျားသားပေါက်ကလေးကို မရနိုင်ပါဘူး၊ ကျုပ်တို့ ပုတပ်လာ နန်းတော်ကိုသွားကြစို့၊ ဆချွန်မင် မင်းရဲ့ ကိုယ်ကြပ် အင်္ကျီကို လဲဖို့မလိုဘူး၊ အခုချက်ချင်း သွားကြမယ်"



ဆရာတပည့်သုံးယောက်တို့သည် ကိုယ်ဖော့သိုင်းပညာဖြင့် ဧည့်ကြိုဆောင်မှ ထွက်ခွာပြီး ပုတပ်လာနန်းတော်ရှိရာသို့ ထွက်ခွာခဲ့ကြလေတော့သည်။

ဆရာကျိုချန်တို့ ဆရာတပည့် သုံးယောက် တောင်ခြေသို့ ရောက်လာသည်။ ထိုအခိုက် ကျောက်ဆောင်အနောက်ဘက်မှ လေးတိုးသံနှင့်အတူ လူနှစ်ယောက် ခုန်ထွက်လာပြီး တုတ်ရှည်ကိုယ် စီကိုင်ပြီး အော်ပြောလိုက်၏။

"ဘယ်ကလာတဲ့လူတွေလဲ၊ စင်စန်းတောင်ကိုလာပြီး ထိပါးရဲတယ်၊ အမြန်ဆုံး ရပ်တန့်လိုက်ပါ"

ဆချွန်မင်နှင့် မုံစီလွန်တို့သည် စင်စန်းတောင်မှာ လူအစောင့်များ ရှိထားလိမ့်မည်ဟု မမျှော်လင့်ခဲ့ပေ။ ထိတ်လန့်သွား၏။

ဆရာကျိုချန်သည် အသံမပြုချေ။

ရုတ်တရက် အရှေ့ဘက်သို့ တိုးဝင်လာပြီး အင်္ကျီလက်ရှည်ကို ဝှေ့ယမ်းလိုက်ရာ...

"အား..."

အသံတစ်ချက် ထွက်ပေါ်လာပြီး ထိုလူနှစ်ဦး၏လက်ထဲမှ တုတ်ရှည်များသည် လက်မှလွတ်ထွက်သွား၏။

"ဘုံး...ဒိုင်း..."

၎င်းတို့နှစ်ဦးမှာ မြေပေါ်သို့ လဲကျသွားလေသည်။ ဆရာကျိုချန်သည် ရှေ့သို့ခုန်ဝင်လိုက်သည်နှင့် ထိုလူနှစ်ဦး၏ ရင်ဝအကြောကို ပိတ်မိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရှုန်မင် ထိတ်လန့်သွားသည်။

"ဆရာ...ဆရာ တရားသူကြီးမင်း တပ်လိုက်လားမားရဲ့ ကိုယ် ရံတော်တွေကို အကြောပိတ်လိုက်တော့ တရားမင်းရဲ့ အပြစ်တင် ခြင်းကို မကြောက်ဘူးလား"

ဆရာကျိုချန်က ...

"ကိစ္စအောင်မြင်ဖို့အတွက် ဒီအသေးအဖွဲ့ကလေးတွေကို ဂရုစိုက်နေလို့ မဖြစ်ဘူး၊ အချိန်ရှိတုန်း တောင်ပေါ်တက်ကြ"

ဆရာတပည့် သုံးယောက်တို့သည် စင်စန်းတောင်သို့ တက်သွားကြသည်။

ခြေလှမ်းနှစ်ရာခန့် ခရီးနှင်မိသောအခါ တောင်ကုန်းကလေး အနောက်ဘက်မှ လေချွန်သံတစ်ချက် ကြားလိုက်ရပြီး လူလေးယောက် ခုန်ထွက်လာပြန်သည်။

နှစ်ယောက်က ဆောင်ဓားကို ကိုင်ဆောင်ပြီး ကျန်နှစ်ယောက်က ဂေါ်ပြားရှည်ကြီးကို ကိုင်ဆောင်ကြလေသည်။

သည့်နောက် အသံကျယ်ကြီးဖြင့် ...

"ဘယ်သူတွေလဲ ...တရားသူကြီးနေထိုင်တဲ့ မြေကို နင်းခွင့်မပြုနိုင်ဘူး၊ မသန့်ရှင်းတဲ့လူတွေ"

ဆရာကျိုချန်သည် ရယ်မောပြီး ...

"တူမလေးနဲ့ ဆရှုန်မင်၊ ဒီလူတွေကို မင်းတို့သွားပြီး ရှင်းလင်းပါ၊ ဒါပေမယ့် သူတို့ရဲ့အသက် မသေစေနဲ့"



ဆရှုန်မင်သည် ဓားကိုဆွဲထုတ်ပြီး အရှေ့ဘက်သို့ တိုးဝင်လိုက်၏။ ဓားရှည်ကိုင်ဆောင်သူနှစ်ဦးက ဘာမှ မပြောမဆိုဘဲ ဓားရှည်ကို ဇွဲ့ယမ်းရင်း တိုက်ခိုက်လာ၏။ ဓားနှစ်လက်ဖြင့် ဆရှုန်မင်အား တိုက်ခိုက်သည်။

ဆရှုန်မင်သည် ဝင်လာသည့်ဓားကို လေပွေသိုင်းကွက်ဖြင့် ကိုက်သည်။

"ဖတ် ...ဖတ် ..."

အသံနှစ်ချက် ထွက်ပေါ်လာသည်။

ဆရှုန်မင်က လက်ကို နောက်ပြန်လှည့်ပြီး ထိုလူနှစ်ဦး၏ နောက်စေ့ကို ပုတ်လိုက်ပြီး လက်ဝါးတစ်ချက်စီ ရိုက်ချလိုက်၏။

ဆရှုန်မင်သည် စန်ယန့်စင်ကုန့်သိုင်းအတတ်ကို သင်ယူပြီးနောက် ၎င်း၏လက်ဝါးသည် အထူးတိုးတက်လာသည်။

ဓားကိုင်နှစ်ဦးမှာ ဆရှုန်မင်၏ လက်ဝါးချက်ကြောင့် ချာချာလည်သွားပြီး မျက်လုံးများပြာလာကာ မည်းမှောင်သွားသည်။

"ဘုံး ...ဒိုင်း ..."

မြေပေါ်သို့ လဲကျသွားသည်။

ထိုအခါ ကျန်ဂေါ်ပြားဓားရှည်ကိုင်ဆောင်သော လူနှစ်ဦး ဆရှုန်မင်၏ တိုက်ခိုက်ခြင်းကြောင့် လဲကျသွားသည်ကို တွေ့လိုက်ရသောအခါ ထိတ်လန့်သွားကြသည်။

၎င်းတို့သည် ဂေါ်ပြားများကိုမကာ ဆရှုန်မင်အား ဝင်ရောက်

www.burmeseclassic.com

www.burmeseclassic.com



တိုက်နိုက်ကြ၏။ ဂေါ်ပြားကြီးများဖြင့် ဆချွန်မင်၏ ဦးခေါင်းထက်မှ ရိုက်ချသည်။

ဆချွန်မင်က ရယ်မောပြီး ဓားကိုမသုံးစွဲဘဲ စန်ယန်စင်ကုန် လက်ဝါးသိုင်းကွက်ဖြင့် လက်မောင်းဆန့်ပြီး ခုခံလိုက်ရာ...

ဟူးခနဲ အရှိန်အဟုန်ပြင်းထန်သော လေအားတစ်ခုကြောင့် ဂေါ်ပြားနှစ်ခုမှာ ဆယ်ပေအမြင့်ဆီသို့ မြောက်တက်သွားသည်။

ထိုအခါ နှစ်ယောက်စလုံး နောက်ဘက်သို့ ဆုတ်ပြေးမည်ပြုစဉ် မုံစီလွန်က လက်ကိုဆွဲပြီး လောက်လေးနှင့်ပစ်သည်။

"ဒိုး...ဒိုး..."

ထိုသူနှစ်ဦး၏ ခြေသလုံး မှကြောကိုထိမှန်ပြီး လဲကျသွားတော့သည်။

ဆချွန်မင်သည် လက်ဝါးတစ်ချက် ထပ်သွင်းလိုက်ရာ ၎င်းတို့မှာ ဆယ်ပေကျော် အပြင်ဘက်သို့ ရောက်သွားပြီး ဦးခေါင်းနှင့် ကျောက်တုံး ထိတွေ့ကာ မူးမေ့သွားတော့သည်။

❋ ❋ ❋

ဆရာကျိုကျန်က မြင်ကွင်းကိုမြင်လိုက်ရသည့်အတွက် ချီးမွမ်းပြီး ပြောလိုက်သည်။

"တပည့် ဆချွန်မင် မင်းရဲ့ စန်ယန်စင်ကုန် လက်ဝါးသိုင်းကွက်က အတော်ကလေး အောင်မြင်မှုရလာပြီ၊ နောင်ကို သံလက်ဝါး



ပေါ်တော်နဲ့တွေ့တဲ့အခါ သူ့ကိုမနိုင်ပေမယ့် အနည်းဆုံးတော့ သူ့ကို အရှုံးမပေးရတော့ဘူး"

ဆချွန်မင်က ပြုံးလိုက်သည်။

ဆရာတပည့် သုံးယောက်တို့သည် ဆက်လက်၍ တောင်ပေါ်သို့ တက်လာကြသည်။

တစ်လမ်းလုံး ခုန်ပျံကျော်လွှားလာကြသည်။ ထမင်းအိုးတစ်ခါချက်ခန့်ကြာသောအခါ ပုတပ်လာနန်းတော်အရှေ့သို့ ရောက်လာသည်။

ဆချွန်မင် တံခါးကြီးမှ ဝင်သွားမည်ပြုစဉ်...

ဆရာကျိုချန်က အင်္ကျီကိုဆွဲထားလိုက်ရင်း...

"ငါတို့ ညသန်းခေါင်ကြီး ခိုးဝင်လာတာ တံခါးမကြီးကနေပြီး ဝင်လို့ ဘယ်ဖြစ်မလဲ၊ နန်းတော်ရဲ့ အနောက်ဘက်ကနေ အုတ်တံတိုင်းကို ကျော်တက်ပြီး ခုန်ဝင်သွားရမှာ"

ဆချွန်မင် သဘောပေါက်သွားသည်။ ဆရာတပည့်သုံးယောက်တို့သည် ညာဘက်ကနေပြီး နန်းတော်၏ အနောက်ပေါက်မှ ဝင်သွားကြသည်။

တောင်ကမူကလေးနှစ်ခုကို ကျော်လွန်ပြီးနောက် ပုတပ်လာနန်းတော်၏ အနောက်ဘက်ရှိ အုတ်တံတိုင်းကြီးကို တွေ့မြင်ရလေတော့သည်။

ထို့နောက် ဆရာတပည့် သုံးယောက်တို့သည် ကိုယ်ဖော့ပညာဖြင့် အုတ်တံတိုင်းကိုခုန်၍ တက်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အုတ်တံတိုင်းထိပ်သို့ ရောက်ပြီး အခြေအနေကို အကဲခတ်မည်အပြုတွင် မမျှော်လင့်ဘဲ အုတ်တံတိုင်းအောက်မှ …

ဝိုးခနဲ အသံမြည်လာပြီး …

အလင်းရောင်တန်းနှစ်ခုသည် အပေါ်သို့ တိုးတက်လာသည်။ ဆရာကျိချန်၏ ရင်ဝသို့ ဦးတည်၍လာသည်။

ဆရာကျိချန်က အသံမှန်းပြီး လက်နက်ပုန်းကိုဖမ်းသည့်အတတ်ဖြင့် ဝင်လာသော လက်နက်ပုန်းနှစ်ခုကို ဖမ်းလိုက်သည်။

ထိုလက်နက်ပုန်းမှာ အလွန်ထူးဆန်းသည်။

လက်နက်ပုန်းသည် ဆရာကျိချန်၏ လက်ဝါးနှင့် မထိမိခင် ရုတ်တရက် အသံထွက်လာသည်။

"ဟူး …ဟူး …"

ဘေးနှစ်ဖက်သို့ ကွေ့ကောက်သွားပြီး ဆရာကျိချန်အား ဘေးမှနေ၍ တိုက်ခိုက်လေတော့သည်။

ဆချွန်မင်နှင့် မုံစီလွှန်တို့က သွက်လက်စွာဖြင့် ဓားကိုယ်စီ ဆွဲထုတ်လိုက်ကာ ရိုက်ထုတ်လိုက်သည်။

ထိုလက်နက်ပုန်းနှစ်ခုမှာ ခရေပွင့်ပုံသဏ္ဍာန် ဓားပျံဖြစ်၏။ ဓားရိုးကို ခရေပွင့်ပမာပြုလုပ်ထားပြီး အလယ်ခေါင်၌အပေါက်များ ဖောက်ထားသည်။ လေ၏အနေအထားကိုလိုက်ပြီး ကွေ့ကောက်သွားနိုင်သည်။

ဆရာကျိချန်သည် မမျှော်လင့်ဘဲ ခံလိုက်ရသဖြင့် လန့်သွားသည်။



ထိုအချိန်တွင် ဘေးဘက်မှ …

ဟူး …ဟူး …ဟူး …ဟူး …အသံများ ထွက်ပေါ်လာသည်။

တစ်ဆက်တည်း အလင်းတန်းခုနစ်ခု ပြိုင်တူတက်လာသည်ကို တွေ့မြင်လိုက်ရသည်။

ဆရာကျိချန်သည် ရန်သူ၏ ခရေပွင့်ပုံ လက်နက်ပုန်း၏ ကြောက်စရာကောင်းပုံကို သိလိုက်သဖြင့် မကိုင်ရဲတော့ဘဲ မိမိ၏ ဓားတန်းများကို ဆွဲထုတ်ပြီး ကိုယ်ခန္ဓာကို ဓားရောင်ဖြင့် လွှမ်းမိုးထားလိုက်သည်။

"ဒေါင် …ဒေါင် …"

"ဒေါင် …ဒေါင် …"

အသံများ ထွက်ပေါ်လာပြီး …

ထိုခရေပွင့်ပုံသဏ္ဍာန် လက်နက်ပုန်းများကို ဖယ်ရှားလိုက်နိုင်၏။ သို့သော် …

ထိုလက်နက်ပုန်းများသည် ဘေးဘက်သို့ ကွေ့ပတ်ပြီး ဆချွန်မင်နှင့် မုံစီလွှန်ထံသို့ ပြေးဝင်သွားသည်။

ဆချွန်မင်နှင့် မုံစီလွှန်တို့သည် ရန်သူ၏ လက်နက်ပုန်းများသည် ကွေ့ကောက်၍ လာတတ်သည်ကို သိထား၍ ကြိုတင်ကာကွယ်မှုကို ပြုလုပ်ထားသည်။

ဓားပျံများ ကိုယ်ခန္ဓာအနားသို့ မရောက်မီအချိန်မှာ မုံစီလွှန်က လေးကိုဆွဲပြီး …

www.burmeseclassic.com

www.burmeseclassic.com



"ဗိုး...ဗိုး...ဗိုး..."

တစ်ဆက်တည်း လောက်စာလုံးများဖြင့် ပစ်သွင်းလိုက်သည်။

ဓားပျံများသည် ဦးတည်ချက်ပြောင်းသွားပြီး အုတ်တံတိုင်းအောက်သို့ ကျသွားသည်။

ဆရာကျိုချန်တို့ ဆရာတပည့်သုံးယောက်တို့သည် ဒုတိယအကြိမ် လက်နက်ပုန်းများကို ပုတ်ခတ်ဖယ်ရှားပစ်နိုင်၏။ ထိုစဉ် အုတ်တံတိုင်းအောက်မှ ရှိုမွှမ်းပြောဆိုသံကို ကြားလိုက်ရ၏။

"သိပ်တော်တဲ့ ပညာရပ်တွေပဲ၊ ဆရာကောင်းရဲ့ တပည့်ပီသပါတယ်"

စကားသံနှင့်အတူ လေတိုးသံကြားလိုက်ရပြီး လှုရိပ်နှစ်ခုသည် ပေါ့ပါးသော မီးခိုးများပမာ အပေါ်သို့ ထိုးတက်လာလေတော့သည်။

* * *

## အခန်း(၂၃)

## ငါးကြင်းဆီဖြင့် ငါးကြင်းကြော်

လူနှစ်ယောက်အနက် တစ်ယောက်မှာ ဓားနှစ်လက်ကိုင်ဆောင်ထား၏။ ထိုလူမှာ မျက်ခုံးမွေးထူထူ၊ မျက်လုံးပြူးပြူး အသက်ကလေးဆယ်ပိုင်းအရွယ်ဖြစ်ပြီး ရုပ်ရည်အလွန်ခံ့ညားသည်။

ညာဘက်မှလူမှာ ခန္ဓာကိုယ် ပိန်ပိန်သေးသေးဖြစ်ပြီး အသက်အရွယ်သည် အိုရှုံနေ၏။ ချိုင်းကြားတွင် ဓားအိမ်ကို ညှပ်ထားသည်။

ထိုလူနှစ်ဦးမှာ လျှပ်တစ်ပြက်အချိန်အတွင်း၌ အုတ်တံတိုင်းအပေါ်သို့ တက်လာသည်ကို တွေ့မြင်ရသည်။ ၎င်းတို့ခန္ဓာကိုယ်မှာ သစ်ရွက်များပမာ ပေါ့ပါးလတ်ဆတ်နေ၏။

ဆရာကျိုချန်က...

"မတိုက်ခိုက်ပါနဲ့ဦး၊ ကျွန်တော် ပြောစရာ နည်းနည်းရှိပါတယ်"

ထိုအသက်အရွယ် အိုသောသူက အေးစက်စွာ ရယ်မောပြီး ပြန်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့က တရားသူကြီးမင်းကို ဖူးမြော်ချင်တာလား၊ နှစ်ပေါင်းရာပေါင်းများစွာကပဲ သက်သတ်လွတ်စားပြီး ကိုယ်လက်သန့်စင်ခြင်းမပြုဘဲ စင်စန်းတောင်ကို တက်ခွင့် မပြုဘူး၊ ခွင့်မတောင်းဘဲ အုတ်တံတိုင်းကို ကျော်ပြီးဝင်လာတာကို ခွင့်မပြုနိုင်ဘူး၊ အမြန်ဆုံး တောင်အောက်ကို ပြန်ဆင်းသွားပါ၊ မိုးလင်းတော့မှ တရားမင်းရဲ့ ပစ်ဒဏ်ခတ်ခြင်းကို ခံယူရမယ်"

ဆချွန်မင်သည် ဒေါသဖြင့် ပြောလိုက်လေ၏။

"ဝန်မင်း၊ မိုးလင်းသွားလို့ရှိရင် မန်ချူးတပ်မတော်ကြီးက လာဆာမြို့တော်ကို ဝင်ရောက်လာလိမ့်မယ်၊ ကျုပ်တို့ဆီမှာ အလွန်အရေးပါတဲ့ ကိစ္စရှိကို တရားမင်းကို ဖူးမြော်ရန်လာခဲ့ခြင်းဖြစ်တယ်၊ ဝန်မင်းဟာ တကယ်တော့ သေရေးရှင်ရေး အရေးကြီးတဲ့ ကိစ္စကို တောင် နားမလည်တဲ့လူပဲ"

ထိုအသက်အရွယ် ကြီးရင့်သောသူ၏အမည်မှာ တော်ပါရန်ဖြစ်၏။ တရားမင်းတပ်လိုက်လားမား၏ ဝန်မင်းဖြစ်၏။

အသက်အရွယ် ခပ်ငယ်ငယ် လူရွယ်က တရားမင်းတပ်လိုက်လားမား၏ တရားထိန်းဆရာဖြစ်သည်။

တိဘက်ပြည်သည် လားမားဂိုဏ်းသားများ စိုးမိုးအုပ်ချုပ်သောနယ်မြေဖြစ်သည်။

တိဘက်ပြည်သူ ပြည်သူသားများသည် တပ်လိုက်လားမားအား ဘုရားကဲ့သို့ ကိုးကွယ်ယုံကြည်၍ ရိုသေလေးစားကြ၏။



ဆချွန်မင် ထိုကဲ့သို့ပြောလိုက်သည့်အတွက် တရားထိန်းဆရာ ဟပ်ချင်သည် အကြီးအကျယ် ဒေါသထွက်သွားသည်။

"တယ်ရိုင်းပါလား၊ ရတနာသုံးပါးကို မရိုမသေ မကိုင်းရှိုင်းတဲ့လူက တရားသူကြီးမင်းကို ဖူးမြော်ဖို့သင့်မလား၊ ကျုပ်တို့ရဲ့ဓားကို တစ်ချက်လောက် မြည်းစမ်းကြည့်ပါ"

စကားမဆုံးမီ ဓားနှစ်လက်ကို ဝှေ့ယမ်းလိုက်ပြီး လျှင်မြန်စွာဖြင့် အလယ်မှ ဆချွန်မင်အား ပိုင်းခုတ်လိုက်သည်။

ဆချွန်မင်သည် စိတ်ကို ငြိမ်ငြိမ်ထားပြီး...

မိုးကြိုးလေးခွဲဓားသိုင်းကွက် တစ်ရာရှစ်ကွက်ကို သင်ကြားတတ်မြောက်ထားပြီဖြစ်ရာ...

တစ်ဖက်လူက ဓားကို စတင်လွှပ်ရှားလိုက်သည်နှင့် ဆချွန်မင်ကလည်း လှုပ်ရှားလိုက်၏။

ပတ်လည်လျှပ်ရောင်သိုင်းကွက်ဖြင့် ဓားကို အားစိုက်ပြီး ဝှေ့ယမ်းကာ လူရောဓားပါ အလင်းရောင်တန်းတစ်ခုဖွဲ့ပြီး ဓားရိပ်များအောက်မှ ထိုတက်ပြီး ပေနှစ်ဆယ်အပြင်ဘက်သို့ ခုန်ထွက်လိုက်သည်။

ထိုအခါ တရားထိန်းဟပ်ချင်သည် ကိုယ်ကို နောက်ပြန်လှည့်ပြီး ဆချွန်မင် ခြေချမည့်နေရာကို ဝင်၍ ယူထားလိုက်၏။

ဆချွန်မင်သည် ထိတ်လန့်သွား၏။

ဤသို့ ခုန်ပျံပြီး နေရာလုသည့်အတွက် မိမိ၏ခြေထောက်၊

www.burmeseclassic.com

www.burmeseclassic.com



အလယ်၊ အောက်ပိုင်း၊ သုံးပိုင်းစလုံးမှာ ရန်သူ၏ ဓားစက်ဝိုင်းအတွင်းသို့ ကျရောက်သွားလေသည်။

သို့သော် ဆချွန်မင်မှာ ခန္ဓာကိုယ် မြေပြင်သို့မကျမီ ပျံလွှားတိမ်လွှာထိုး သိုင်းကွက် သုံးလိုက်၍ ဓားရောင်များ လေးဘက်လေးတန်သို့ ဖြာထွက်ကာ ကြယ်ကလေးများ ကြွေကျသည့်ပမာ ဖြစ်လာသည်။

တရားထိန်းဆရာဟပ်ချင်သည် အသံတစ်ချက်ပြု၍ နောက်ဘက်သို့ ခုန်ပျံထွက်လိုက်ပြီး ဦးခေါင်းငုံ့ကာ မိမိ၏ ဓားနှစ်လက်ကို ကြည့်လိုက်ရာ ဓားနှစ်လက်မှာ အကွက်လိုက်ကြီး ပဲ့ထွက်သွားကြောင်း တွေ့ရလေ၏။

ထို့ကြောင့်

တရားထိန်းဆရာဟပ်ချင်၏ မျက်နှာမှာ နီရဲ၍ သွားသည်။

ဆချွန်မင်သည် သူ၏ ဓားစက်ဝိုင်းအောက်မှ ထိုးထွက်နိုင်ခဲ့၏။

ဆချွန်မင်၏ဓားသည် တရားထိန်းဟပ်ချင်၏ ဓားနှစ်လက်ကို ပဲ့သွားအောင်ခုတ်နိုင်ခဲ့သည်။

သို့သော်

မိမိ၏ လက်မောင်းသည် ရန်သူ၏ဓားများ ဝိတ်ဆို့မှုကို ခံလိုက်ရသည့်အတွက် နာကျင်သွား၏။

တရားထိန်းဆရာဟပ်ချင်သည် အံကြိတ်ပြီး...



"မင်းက ဓားသိုင်းလဲ တော်တယ်၊ ဒီတစ်ချီကတော့ အနိုင်အရှုံး မရှိပါဘူး၊ နောက်တစ်ချီ ထပ်ဆင်နွှဲကြပါစို့"

စကားသံမဆုံးသေးမီ တစ်ဖက်မှ ဝန်မင်းဆိုသူ တော်ပါရန်သည် ဆချွန်မင်၏ရှေ့သို့ တိုးဝင်လာပြီး ဟပ်ချင်ကို ပြောလိုက်၏။

"မင်းရဲ့ဓားကိုပေးစမ်း"

စကားဆုံးသည်နှင့် လျင်မြန်သောအရှိန်အဟုန်ဖြင့် ဘယ်ဘက်လက်နှစ်ချောင်းဖြင့် ဆချွန်မင်၏ မျက်လုံးအစုံကို ထိုးဖောက်သည်။

ဤအကွက်သည် မမျှော်လင့်ဘဲ ပေါ်ပေါက်လာသည့်အပြင် အရှိန်အဟုန်က အလွန်လျင်မြန်လွန်းသည်။

ဆချွန်မင်၏ အာရုံသည် တရားထိန်းဟပ်ချင်ထံသို့ ရောက်နေ၏။ တော်ပါရန်က ဤသို့ ပြုလုပ်လိုက်မည်ဟု မမျှော်လင့်ပေ။ ထိုအခါ ကပျာကယာ ဦးခေါင်းကိုမှောက်ပြီး ခန္ဓာကိုယ်ကို ဘေးသို့တိမ်းရှောင်ပေးလိုက်ပြီး ပက်လက်တိမ်းမျှော် သိုင်းကွက်ဖြင့် ဘေးဘက်သို့ ခုန်ထွက်သွားမည်ပြုရာ အချိန်က နောက်ကျသွား၏။ ထိုအခါ ညာဘက် ဓားကိုင်သော လက်မှာ လျော့သွားပြီး ဓားကို တစ်ဖက်လူ၏ လက်နက်မဲ့ဝင်လုသော တိုက်နည်းဖြင့် လုယူသွားခြင်းကို ခံလိုက်ရလေ၏။

တော်ပါရန်သည် ဆချွန်မင်၏ ဓားကို လက်ဝယ် အရယူလိုက်သည်။

ထိုအခါ ဆရာကျိုချန်သည် စတင် တိုက်ခိုက်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ခန္ဓာကိုယ်ကို လှုပ်ရှားလိုက်သည်နှင့် တော်ပါရန်၏ ညာဘက်သို့ ပြေးကပ်သွားပြီး အကျီလက်ရှည်ဖြင့် တစ်ချက်ခါလိုက်ရာ ပြင်းထန်သော လေအဟုန်တစ်ခုသည် တော်ပါရန်၏ ခန္ဓာကိုယ်ပေါ်သို့ ကျရောက်သွားသည်။

တစ်ဖန်တွန်းအားဖြင့် ပြန်လည်ရုပ်သိမ်းလိုက်ပြီး ငေါ်မေဂိုဏ်း၏ လှံယက်ယူနည်းဖြင့် လက်ကိုလှည့်ပြီး ချိတ်လိုက်ရာ ဆချွန်မင်ထံမှ လုယူသွားသော ဓားကို ပြန်လည်ရယူလိုက်သည်။

တော်ပါရှန့်သည် အရှက်တကွဲဖြစ်ပြီး ချင်ကျွမ်ဂိုဏ်း၏ ထိပ်တန်းသိုင်းကွက် မိုးကြိုးလက်ဝါးဖြင့် ဆရာကျိုချန်၏ ဦးခေါင်းကို တိုက်ခိုက်မည်ပြုစဉ် ...

"ဖတ် ..."

အသံတစ်ချက် ပေါ်ထွက်လာသည်။

ပါးပြင်ကို လက်ဝါးတစ်ချက် မိသွားသည်။

အမှန်စင်စစ်က ...

ဆချွန်မင်သည် ခန္ဓာကိုယ်ကို လှည့်ပတ်ပြီး ထိန်ချီ လူထူးသုံးယောက် သင်ကြားပြသပေးသော လေဗွေလက်ဝါးသိုင်းကွက်ဖြင့် တော်ပါရန်၏ ပါးပြင်ကို တစ်ချက်ရိုက်လိုက်ခြင်း ဖြစ်တော့သည်။

တော်ပါရန်သည် ဓားကိုမက်မော၍ လုယူရာ မရသည့်အပြင် ဆချွန်မင် ပါးရိုက်နှက်ခြင်းကို ခံလိုက်ရသည်။

ထိုအခါ သူသည် ဒေါသချောင်းချောင်းထွက်ပြီး လက်ဝါး



နှစ်ဖက် ပြိုင်တူထုတ်ကာ လက်ဝါးဖြင့် ဆရာကျိုချန်နှင့် ဆချွန်မင်ထံ ရိုက်ချလိုက်သည်။

ဆချွန်မင်သည် ငေါ်မေဂိုဏ်း၏ နံကောင်ခြေလှမ်းသိုင်းကွက်ဖြင့် လေထဲသို့ ခုန်တက်ပေးလိုက်၏။

တော်ပါရန်၏ လက်ဝါးလေမီးသိုင်းသည် အုတ်တံတိုင်းကို ထိပြီး ...

ဝုန်း ... ဒိုင်း အသံ ပေါ်ထွက်လာပြီး ...

အုတ်တံတိုင်း သုံးလေးပေပတ်လည်ခန့် ပြိုကျသွားလေ၏။

ထိုအခါ ပုတာပ်လာနန်းတော်အတွင်းမှ ဝတ်ရုံအဝါရောင် လားမားများသည် အသီးသီးထွက်၍ လာကြသည်။

အုတ်တံတိုင်းပေါ်၌ လူရိပ်မြင်ရသည့်အတွက် အသံတစ်ချက်ပြုပြီး ပျားအုံများပမာ ဝိုင်းအုံလာကြသည်။

တရားထိန်းဟာပ်ချင်က အော်၍ ...

"ဒီဟာန်လူမျိုးတွေ တော်ပေါ် ကျူးကျော်ရောက်လာကြတယ်၊ သူတို့ကို ဖမ်းချုပ်ပြီးထားလိုက်၊ တစ်ယောက်မှ မလွတ်စေနဲ့"

ဆချွန်မင်သည် ဆရာကျိုချန့်ထံမှ ဓားကို လှမ်းယူပြီး ...

"ဆရာ ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ၊ တောင်အောက်ကို ပြန်ဆင်းမလား၊ ဒါမဟုတ် နန်းတော်တွင်းကို ထိုးဖောက်ဝင်မလား"

အဆုံးအဖြတ် လှမ်းတောင်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဝါရောင် လားမားများမှာ လူပေါင်း လေးငါးဆယ်ရှိသည်။

ဆရာကျိုချန်သည် ...

ရုတ်တရက် ဖိုက်ယုံးကုစခန်းတွင် ၎င်းတို့သုံးယောက် ဓားတဲတိုင်းဖွဲ့ပြီး သဲလက်ဝါးမယ်တော်အား တိုက်ခိုက်ခဲ့သည့် အကြောင်းကို သတိရလာသည်။

သူကျယ်လောင်စွာ အော်လိုက်သည်။

"ဆချွန်မင် ... တူမလေး မြေပြင်ပေါ်ကို ခုန်ချလိုက်၊ ဓားတဲတိုင်းဖွဲ့ တိုက်ခိုက်လိုက်ကြမယ်"

စကားသံမဆုံးမီ အချိန်မှာ တော်ပါရန်က မိုးကြိုးလက်ဝါးတစ်ချက် ရိုက်လာပြန်သည်။

ဆရာကျိုချန်သည် မြေပြင်ပေါ်သို့ ခုန်ချလိုက်သည်။

ဆချွန်မင်နှင့် မုံစီလွန်မှာလည်း မြေပြင်ပေါ်သို့ ခုန်ဆင်းလိုက်ကြ၏။

အဝါရောင် လားမား သုံးလေးဆယ်ခန့်သည် ဓားလှံများ ဆွဲကိုင်ကာ ဝိုင်း၍ လာကြသည်။

ဆရာကျိုချန်တို့ ဆရာတပည့်သုံးယောက်တို့သည် ကျောချင်းကပ်၍ ရပ်ပြီး ဓားသုံးလက်ကို ဝေ့ယမ်းပြီး ဓားတဲတိုင်း ဖွဲ့ထားလိုက်ကြ၏။

ထိုအဝါရောင်လားမားများသည် တိုက်ခိုက်ကြသော်လည်း နောက်ဆုံး၌ ဓားရောင်များအောက်တွင် ဆုတ်ခွာပေးကြရ၏။



ထိုအခါ နန်းတော်တွင်းမှ ရွှေခေါင်းလောင်းထိုးသံ ကြားလိုက်ရသည်။

လားမားများက မီးအိမ်များကိုကိုင်ပြီး ဝေးရာမှ တဖြည်းဖြည်း အနီးသို့ ရောက်လာကြသည်။

ထိုအခါ အသံတစ်ခုပေါ်လာ၏။

"တရားသူကြီးမင်း တပ်လိုက်လားမား ကြွမြန်းလာပါပြီ"

ထိုအဝါရောင်လားမား သုံးလေးဆယ်တို့သည် တရားသူကြီးမင်း တပ်လိုက်လားမား ကြွမြန်းလာသည်ကို ကြားရ၍ ချက်ချင်း ရပ်တန့်ပြီး ဘေးနှစ်ဘက်ခွဲ၍ ရပ်နေလိုက်ကြသည်။

ဆရာကျိုချန်၊ ဆချွန်မင်နှင့် မုံစီလွန်တို့သည် ဓားကိုင်ပြီး မတ်တတ်ရပ်လျက်နေ၏။

မီးအိမ်များ ကိုင်ဆောင်ထားသော လားမားကလေးများ ကျော်သွားသောအခါ အဝါရောင်လားမားများ တစ်ပြုံကြီးထွက်လာသည်။ ငွေကြယ်ကလေးတွေက ရွှေလမင်းကြီးကို ဝိုင်းရံထားသကဲ့သို့ ပဒုမ္မာရွှေကြာပန်းသဏ္ဌာန် ပလ္လင်ကို ဝိုင်းရံပြီးလာကြသည်။

ပဒုမ္မာကြာပန်း ပလ္လင်တော်ကို လားမားလေးယောက်တို့က ထမ်းဆောင်လာကြသည်။

တရားသူကြီးမင်း တပ်လိုက်လားမားက ပလ္လင်ပေါ်၌ထိုင်လျက် လိုက်ပါလာ၏။

ဆရာကျိုချန်သည် စိတ်ကူးတစ်ခုရ၍ အတွင်းအားကိုးပြီး အသံကူးပြောင်းပေးသော အတတ်ဖြင့် ပြုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့မှာ အလွန်အရေးကြီးတဲ့ လျှို့ဝှက်သတင်းတစ်ခု တရားမင်းအား လျှောက်တင်စရာရှိပါတယ်၊ သူတို့က ကျွန်တော်တို့ကို တရားမင်းနဲ့ ဖူးမြော်တွေ့ခွင့် မပေးဘူး"

စကား တစ်လုံးချင်း တစ်လုံးချင်း တပ်လိုက်လားမားနားသို့ အရောက် သွင်းပေး၏။

တပ်လိုက်လားမားက အသက်အရွယ်အားဖြင့် ငယ်ပါသော်လည်း အလွန်တရာ ပါးနပ်လျှင်မြန် ဖျတ်လတ်သော လူငယ်ဖြစ်၏။

တိဘက်ပြည်၏ သာသနာခေါင်းဆောင် တပ်လိုက်တရားသူကြီးမင်းတို့သည် မိန်းမယူကာ သားသမီးမွေးပြီး ထီးနန်းဆက်ခံလာခြင်း မဟုတ်ပေ။ ရှေးအစဉ်အလာကာစပြီး တပ်လိုက်တရားသူကြီးမင်းတို့ နတ်ရွာစံချိန်တွင် သာသနာဆိုင်ရာ ဘိုးတော် သက်တော်ရှည်အား မိမိနတ်ရွာစံပြီးနောက် လူပြန်ဝင်စားမည့် နေရာဒေသကို ထုတ်ဖော်ပြောပြကြသည်။

တပ်လိုက်တရားသူကြီးမင်း ကွယ်လွန်သောနေ့တွင် မွေးဖွားသော ယောကျ်ားကလေးများကို ၎င်းတို့ သာသနာအဖွဲ့က တပ်လိုက်တရားမင်းဟု မှတ်ယူကြလေ၏။ ထီးနန်းဆက်ခံသူအဖြစ် လက်ခံပြီး ချက်ချင်းခေါ်ယူကာ မွေးစားထားလိုက်ကြ၏။

အကယ်၍ တစ်ပြိုင်နက် ယောကျ်ားလေး လေးငါးယောက် မွေးဖွားပါက တရားမင်း မပျံလွန်တော်မူစဉ်က အသုံးအဆောင်ပစ္စည်း သုံးလေးမျိုးကို ပြသပြီး မှတ်သားစေ၏။ ထိုအသုံးအဆောင်



ပစ္စည်းများကို မှတ်မိသူသာလျှင် တပ်လိုက်တရားမင်းဟု သတ်မှတ်ကြသည်။

လူလားမြောက်သောနေ့၌ ဘိသိက်မင်္ဂလာပွဲကျင်းပပြီး တရားသူကြီးမင်း သရဖူကို ဆောင်းပေးလေ၏။

တပ်လိုက်လားမားသည် ဆရာကျိုချန်၏စကားကို ကြားပြီးနောက် ချက်ချင်း အမိန့်တော်ချမှတ်လိုက်၏။

"ကျန်လူတွေ အကုန်နောက်ဆုတ်ပေးပါ၊ ဒီဟန်လူမျိုး သုံးယောက်ကို ရှေ့တော်သွင်းစေ"

တရားမင်း၏ အမိန့်တော် သတ်မှတ်လိုက်သည်ကို ဟုရင်ခက်ဝန်ကြီးက...

"ဒီဟန်လူမျိုးတွေရဲ့ စိတ်ထား ဘယ်လိုရှိမှန်း မသိရသေးဘူး၊ အကယ်၍ ရှေ့တော်သွင်းလိုက်လို့ တရားမင်းကို လုပ်ကြံရင် မခက်ပေဘူးလား"

တပ်လိုက်တရားသူကြီးမင်းက အော်လိုက်၏။

"မဟုတ်တာတွေ လျှောက်မပြောနဲ့၊ ငါကိုယ်တော်မြတ် သူတို့ ညတွင်းကျင်း အလျင်အမြန် လာရောက်ခြင်းဟာ မကောင်းမှုပြုစရာအကြောင်းမရှိဘူး၊ သူတို့ကို ရှေ့တော်မှောက် သွင်းစေ"

တိဘက်ပြည်၌ တပ်လိုက်တရားမင်း၏ ဘုန်းတန်ခိုးသည် ပြည့်ရှင် ဘုရင်မင်းမြတ်ထက် တန်ခိုးကြီး၏။

အမိန့်တော်သတ်မှတ်လိုက်သည်နှင့် အားလုံး ငြိမ်သက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကျိုချန်၊ ဆချွန်မင်နှင့် မုံစီလွန်တို့သည် ရှေ့သို့ သုံးလေးလှမ်း လှမ်းပြီး ဦးညွှတ်လိုက်ကာ...

မန်ချူးတမန်များ၏အစီအစဉ်နှင့် မန်ချူးဗိုလ်ချုပ် ဟုခန်းအန်းက လာဆာမြို့တော်၌ တိတ်တဆိတ် လူလွှတ်ထားပြီး အတွင်းလူအဖြစ် ထားသည်တို့ကို အစမှ အဆုံး လျှောက်တင်လိုက်၏။ ဆရာကျိုချန်က နောက်ထပ် ဖြည့်စွက်လိုက်သည်။

မန်ချူးဗိုလ်ချုပ်ဟုခန်းအန်းသည် မန်ချူးစစ်သည် သုံးထောင်ကို ကုလားအုပ်ကုန်သည်အဖြစ် ဟန်ဆောင်ပြီး လာဆာမြို့တော်ထဲသို့ စိမ့်ဝင်လာစေသည်။ အတွင်းလူအဖြစ် လှုပ်ရှားရန်ဖြစ်သည်။

၎င်း မန်ချူးစစ်သည် သုံးထောင်တို့သည် လာဆာမြို့တော်၏ ဟန်ဖြို့၌ စုရုံးနေကြ၏။

ကျစ်ဆံမြီးကို အစိမ်းရောင်ဖြင့်ချည်ပြီး အမှတ်အသားပြုထား၏။ မန်ချူးစစ်တပ်ရောက်သည်နှင့် တစ်ပြိုင်နက် ၎င်းတို့က အတွင်းကနေပြီး ပုန်ကန်ကြမည်။ ယင်းကိစ္စကို အမြန်ဆုံး ဖြေရှင်းစေလိုပါသည်။ အချိန်နှောင်းသွားပါက ဒုက္ခနှင့်တွေ့မည်မှာ အမှန်ပင်ဖြစ်သည်ဟု...

ဖြည့်စွက်၍ လျှောက်တင်လိုက်သည်။

တရားမင်း တပ်လိုက်လားမားသည် ဆရာကျိုချန်ပြောသော မန်ချူးများ၏ အကြံအစည်ကို ကြားသိရသောအခါ ချက်ချင်း ဝန်ကြီးတော်ပါရန်နှင့် ဟူရင်ခက် နှစ်ယောက်တို့အား အမိန့်ပေးလေတော့၏။



"ဒီဟန်လူမျိုးသုံးယောက်က ညတွင်းချင်းလာပြီ လျှို့ဝှက်သတင်းလာပို့တာ ဒီကိစ္စ ဖြစ်နိုင်တယ်လို့ ယုံကြည်တယ်၊ မဖြစ်နိုင်ဘူးလို့ မထင်ရဘူး၊ ကျုပ်တို့ မိုးမလင်းမီအချိန်မှာ ငါကိုယ်တော်မြတ်အမိန့်တော် ချမှတ်လိုက်တယ်၊ မြို့စောင့်တပ်သားအားလုံးက မန်ချူးလူမျိုးများနေထိုင်ရာ ဒေသကို ဝိုင်းရံထားရမယ်၊ အစိမ်းရောင်ကြိုးနဲ့ ကျစ်ဆံမြီးကျစ်ထားတဲ့ မန်ချူလူမျိုးမှန်သမျှကို ချက်ချင်းဖမ်းချုပ်ရမယ်၊ အာဏာဖီဆန်သူကို သတ်ဖြတ်နိုင်တယ်၊ ၎င်းတို့ရဲ့ နေအိမ်နဲ့ ကုန်ပစ္စည်းများကို ရှာဖွေစစ်ဆေးရမယ်၊ အမြန်သွားကြ"

ဝန်ကြီးနှစ်ပါးသည် အမိန့်တော်ကိုနာခံပြီး ထွက်ခွာသွားလေတော့သည်။

တပ်လိုက်လားမားက ဆရာကျိုချန်အား ...

"ခင်ဗျားတို့ နန်းတော်တွင်းကို ထိုးဖောက်ဝင်ရောက်ခဲ့တာလဲ အပြစ်ရှိတယ်၊ ထိုက်သင့်တဲ့အပြစ်ဒဏ်ကို ခံယူရလိမ့်မယ်၊ ခင်ဗျားတို့ သုံးယောက် ဒီမှာပဲခဏနေကြပါဦး၊ ရှာဖွေစစ်ဆေးတဲ့ကိစ္စပြီးမြောက်မှ ပြန်လွှတ်ပေးမယ်၊ အကယ်၍ မဟုတ်မမှန် လုပ်ကြံပြောခဲ့ရင် ခင်ဗျား တို့ရဲ့လျှာကို ဓားနဲ့ဖြတ်ပစ်ရလိမ့်မယ်"

အကယ်၍ လာရောက်ပို့သောသတင်း မှန်ကန်ခဲ့ရင် ခင်ဗျားတို့ကို အပြစ်ဒဏ်က ခွင့်လွှတ်ပေးမယ်"

တိဘက်ပြည်သည် ရှေးပဝေသဏီကပင် တရုတ်ပြည်နှင့် အဆက်အသွယ် မရှိပေ။ ၎င်းတို့၏ အပြစ်ဒဏ်ခတ်နည်းနှင့် တရုတ်တို့၏ ပြစ်ဒဏ်ခတ်နည်း လုံးဝမတူပေ။

www.burmeseclassic.com

www.burmeseclassic.com



ဥပမာပြရသော် ပစ္စည်းခိုးသောသူကို သုံးကြိမ်ထက် ပိုခိုးလျှင် သူ့ကု ညာလက်ကို ဖြတ်ပစ်၏။

မုသားစကားသုံးပြီး သူတစ်ပါးကို မတရားစွပ်စွဲသူအား လျှာကို ဖြတ်ပစ်၏။

ဆရှုန်မင်သည် အထက်ပါစကားကို ကြားလိုက်ရသောအခါ အသံကြားရုံဖြင့် ရင်ထိတ်နေ၏။

တရားမင်းတပ်လိုက်လားမား၏ အမိန့်တော်အရ လာဆာမြို့တော်ထဲတွင် ရုတ်ရုတ်သဲသဲဖြစ်လာ၏

ထောင်သောင်းမကသော တိဘက်စစ်သည်များသည် ညတွင်းချင်း ထွက်ပြီး မန်ချူးလူမျိုးများနေထိုင်ရာ ဒေသကို ဝိုင်းရံထားလိုက်ကြသည်။

မိုးလင်းသည်နှင့်တစ်ပြိုင်နက် အလွန်ထူးခြားသည်။ အသက်အရွယ်အိုသူကို မစစ်ဆေးချေ။ လူငယ်လူရွယ်ကိုသာ ရွေး၍ စစ်ဆေးသည်။

၎င်းတို့၏ ကျစ်ဆံမြီးကို စစ်ဆေး၏။ အကယ်၍ အစိမ်းရောင်ဖြင့် ချည်နှောင်ထားပါက မည်သို့မျှ မပြောမဆိုဘဲ ချက်ချင်းဖမ်းချုပ်ချည်နှောင်သည်။

တစ်အိမ်တက် တစ်အိမ်ဆင်း အိတ်သွန်ဖာမှောက် ရှာဖွေလိုက်ရာ ကြိုတင်မျှော်မှန်းထားသည့်အတိုင်း တစ်မနက်ခင်းအချိန်မှာပင် ကုန်သည်ဟန်ဆောင်လာသော မန်ချူးစစ်သည် နှစ်ထောင်ကျော်ကို စစ်ဆေးတွေ့ရှိလိုက်ရလေ၏။



ခါးလုံ့လေးမြားနှင့် အခြားပေါက်ကွဲစေသော ပစ္စည်းအမြောက်အများကို ရှာဖွေတွေ့ရှိရသည်။

စစ်ဝတ်စုံနှင့် အလံများမှာ ရရှိလိုက်သည်။

နေ့လယ်မွန်းတည့်ချိန်ထိ ရှာဖွေရေးလုပ်နေသော မြို့၏ ဗဟိုအချက်အချာ ဖြစ်သော နေရာ၌ သွေးထွက်သံယိုမှုတစ်ခု ပေါ်ပေါက်လာ၏။

ကုန်သည်ဟန်ဆောင်သော မန်ချူးစစ်သည် သုံးလေးဆယ်တို့သည် ၎င်းတို့၏ လျှို့ဝှက်ချက် ပေါက်ကြားသည်ကိုသိရှု၍ အညံ့မခံလိုသဖြင့် ...

မိမိတို့ လျှို့ဝှက်ယူဆောင်လာသော လက်နက်တို့ကို ထုတ်ပြီး တိဘက်စစ်သည်များကို တိုက်ခိုက်၏။

မမျှော်လင့်ဘဲ ဖြစ်ပေါ်တိုက်ခိုက်လာသည့်အတွက် တိဘက်စစ်သည်များ လေးငါးဆယ်ခန့် သေကြေဒဏ်ရာရသည်။ သူတစ်ပါး၏ နယ်မြေပေါ်တွင် ဖြစ်နေသဖြင့် တိဘက်စစ်သည်အင်အားကများနေ၍ ထိုကုန်သည်ဟန်ဆောင်သော မန်ချူးစစ်သည်များသည် တစ်ဖက် စစ်သည်များ၏ သတ်ဖြတ်ခြင်းကို ခံလိုက်ရသည်။

နေဝင်ချိန်၌ ရှာဖွေစစ်ဆေးသည့်လုပ်ငန်းများ ပြီးဆုံးသွားသည်။

သတင်းက ပုတလ်လာနန်းတော်သို့ ရောက်သွားသောအခါ တပ်လိုက်တရားသူကြီးမင်းလားမားသည် ဆရာကိုချုန်တို့အား လေးစားသည့်ဟန်ဖြင့် ဆက်ဆံလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝန်မင်း ဟူရင်ခက်က ဖမ်းဆီးရမိသော မန်ချူးတမန်များနှင့် မန်ချူးစစ်သည်များကို နယ်နှင်ဒဏ်ခတ်ဖို့ အကြံပြု၏။ ထိုအခါ မုံစီလွန်က ဝင်ပြောလိုက်၏။

"ဘယ်ဖြစ်မလဲ၊ ဒီအတိုင်းလုပ်လိုက်ရင် ဗိုလ်ချုပ်ဟုခန်းအန်း အရှက်လွန်ကဲပြီး ဒေါသမီးဟုန်းဟုန်းထလာမယ်၊ နောက်ပြီး တီဘက်ပြည်ကို အတင်းအကြပ် တိုက်ခိုက်လာမှာ၊ ကျွန်မတို့က သူ့အကြံအစည်အတိုင်း ပြန်ပြီး မန်ချူးစစ်သည်များရဲ့ အရှိန်အဟုန်ကို ချိုးနှိမ်ပစ်ရမယ်၊ နောက်နောင်ကို မန်ချူးစစ်သည်များ တီဘက်ပြည်ကို မစော်ကားရဲအောင် ပြုလုပ်ရလိမ့်မယ်၊ အဲဒီအတိုင်းလုပ်မှ အထက်စီးက နေရမှာ"

တရားမင်းတပ်လိုက်လားမားက စဉ်းစား၏။ ၎င်းတို့၏ ပြောစကားမှာ မှန်ကန်သည်ကို တွေ့ရလေ၏။

ယခုရက်ပိုင်းအတွင်း နေ့စဉ်ရက်ဆက်ရသော သတင်းများအရ မန်ချူးစစ်သည်များ၏ လူနှင့် မြင်းများသည် တပ်ချီပြီး ခွန်လွန်တောင်ကို ဖြတ်ကျော်လာကြသည့် တီဘက်ပိုင်နက်အတွင်းသို့ စိမ့်ဝင်လာ၏။

ယခု မျက်မှောက်အခြေအနေအရ မန်ချူးစစ်သည်များကို တားဆီး၍ရမည် မဟုတ်ပေ။

တီဘက်ပြင် လက်ရှိ စစ်သည်အင်အားမှာ ဘယ်နည်းနှင့်မျှ မန်ချူးစစ်တပ်ကို တားဆီး၍ရမည် မဟုတ်ပေ။ ရင်ဆိုင်တိုက်ခိုက်ရန်မှာလည်း မဖြစ်နိုင်ချေ။



ထို့ကြောင့် ...

မုံစီလွန်အား ...

"ခင်ဗျားသဘောအရဆိုရင် ကျုပ်တို့ ဘယ်ပုံ ဘယ်နည်းလုပ်ကိုင်ရမလဲ"

မုံစီလွန်က ပြန်လည်၍ ...

"ကျွန်မတို့က သူတို့ရဲ့ အကြံအစည်နဲ့ သူတို့ကိုပြန်လည်ပြီး ဒဏ်ခတ်ရမယ်၊ ကျွန်မတို့ အခုလို ဆောင်ရွက်လိုက်ရင် ဗိုလ်ချုပ်ဟုခန်းအန်းရဲ့ လာဆာမြို့တော်ကို တိုက်ခိုက်မယ့် စစ်သည်တွေကို အပြတ်ရှင်းနိုင်မယ်၊ နောက်ဖြစ်ပေါ်လာမယ့် ကိစ္စကိုတော့ ပွဲစင်ကြည့်ကရမှာပဲ"

တရားမင်းတပ်လိုက်လားမားမှာ သူမ၏စကားကို ကြားရပြီးနောက် ချီးကျူးလိုက်လေ၏။

"သိပ်ကောင်းတဲ့အကြံအစည်ပဲ၊ ဒီအတိုင်း လုပ်ဆောင်ကြပါစို့"

တရားမင်းသည် ချက်ချင်း အမိန့်တော်ကချမှတ်ပြီး လိုအပ်သည်ကို ပြင်ဆင်ထားစေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၄)

## ရွှေလေးရှင် မင်းသမီး

ဗိုလ်ချုပ်ဟုခန်းအန်းထံသို့ ဝူလူမုချီဘက်မှ ချန်လုံဘုရင်မင်းမြတ်၏ အမိန့်တော် ရောက်ရှိလာ၏။

ချက်ချင်း တိဘက်ပြည်သို့ ချီတက်တိုက်ခိုက်ရန် အမိန့်တော်ပါလာ၏။ ဆောလျှင်စွာ စစ်ပွဲကို အောင်မြင်စေလိုသည်။

ဗိုလ်ချုပ် ဟုခန်းအန်းသည် ချက်ချင်းအမိန့်တော်ချမှတ်ပြီး တပ်သုံးတပ်အား စခန်းသိမ်းကာ တိဘက်ပြည်သို့ ချီတက်စေ၏။

ဗိုလ်ချုပ် ဟုခန်းအန်းမှာ ဆရာကျိုချန်၏ အဆိပ်ပါသော အရက် သောက်ထားမိသည်ကို အမြဲသတိရနေ၏။ ၎င်း၏ ရင်ထဲတွင် တစ်နှစ်ကျော်လျှင် အဆိပ်အရက်ကတန်ခိုးပြလိမ့်မည်ဟူသော ရောဂါ စွဲကပ်နေသည်။

ထို့ကြောင့် ၎င်းကိစ္စနှင့် ပတ်သက်ပြီး သမားတော်များအား ဆေးစစ်ဆေးခိုင်း၏။



သမားတော်များက ခန္ဓာကိုယ်၌ အဆိပ်မိသည့်လက္ခဏာ လုံးဝမတွေ့ရချေ။

ဆေးစာအုပ်များတွင်လည်း တစ်နှစ်ကျော်ကြာမှ အဆိပ်တန်ခိုးပြသော အဆိပ်ဟူ၍ မရှိပေ။

အကယ်၍ ရှိပါက ထိုအရာသည် အဆိပ်မဟုတ်နိုင်၊ ပယောဂဖြစ်ရမည်။

ဗိုလ်ချုပ်ဟုခန်းအန်းသည် အလွန် ဉာဏ်ထက်သောလူ ဖြစ်၍ ချက်ချင်း သဘောပေါက် နားလည်သွားလေ၏။

ထို့ကြောင့် ဒေါသထွက်ပြီး ...

"လူပါးဝလိုက်တာ၊ ငါလို စစ်သူကြီးတစ်ယောက်ကိုတောင် လိမ်ညာရဲတယ်"

ဗိုလ်ချုပ်ဟုခန်းအန်းသည် ၎င်းသောက်ခဲ့သော အရက်မှာ အဆိပ်အရက် မဟုတ်မှန်းသိ၍ စိတ်ဓာတ်မှာ ငြိမ်သက်ပြီး သက်သာရာ ရလာသည်။

မန်ချူးစစ်တပ်ကြီးသည် နန်ရှမ်၏ မြက်ခင်းလွင်ပြင်ကြီးကို ဖြတ်ကျော်ပြီး တုလူဖွမ်မီးတောင်ကိုပတ်၍ ခွန်လွန်တောင်ကို ဖြတ်ကျော်ကာ တိဘက်ပိုင်နက်အတွင်းသို့ ချီတက်ကာ ဝင်သွားစေသည်။

တိဘက်ပြည်၏ နယ်စောင့်တပ်သားများမှာ တရားသူကြီးမင်းတပ်လိုက်လားမား၏ အမိန့်တော်အရ အသီးသီး အနောက်ဘက်သို့ ဆုတ်ခွာပေးကြသည်။ ထိပ်တိုက်မခုခံချေ။

www.burmeseclassic.com

www.burmeseclassic.com



မန်ချူးစစ်သည်များအား တိဘက်ပိုင်နက်အတွင်းသို့ ဝင်စေ၏။

ဗိုလ်ချုပ်ဟုခန်းအန်း၏ တပ်မကြီးသည် ခုနစ်ရက် ခုနစ်ည ခရီးနှင်ခဲ့ရာ ရာလူးကျွမ်းပုချောင်းသို့ ရောက်လာလေတော့သည်။

ခေတ္တစခန်းချပြီးနောက် ထိုနေ့ညဉ့် ဗိုလ်ချုပ်ဟုခန်းအန်းသည် ရှေ့ပြေးအရာရှိ ငေါ်ကျင်ဟုန်အား ဆင့်ခေါ်ပြီး ပြောသည်။

"ရှေ့ပြေးအရာရှိ ငေါ်ကျင်ဟုန်၊ အချိန်ဆွဲလို့ မဖြစ်တော့ဘူး၊ ကျုပ်တို့ တပ်ချီပြီး ရုတ်တရက် ဝင်ရောက်တိုက်ခိုက်ဖို့ ကောင်းပြီ ထင်တယ်"

ငေါ်ကျင်ဟုန်က ...

"စစ်သကြီး ကျွန်တော်တို့က လာဆာမြို့တော်ကိုတစ်ခါတည်း သိမ်းပိုက်နိုင်ဖို့ရာ စစ်သည်အင်အား ဘယ်လောက် လိုလိမ့်မယ်လို့ ထင်ပါသလဲခင်ဗျာ"

ဗိုလ်ချုပ်ဟုခန်းအန်းက ...

"ဗိုလ်လုပ်သူက ဉာဏ်ထက်ဖို့၊ ရဲရင့်ဖို့လိုတယ်၊ စစ်ဆင်ရေးလဲ ကောင်းဖို့ လိုပါတယ်၊ ကျုပ်တို့ စစ်သည် သုံးထောင်ကျော်ဟာ လပ်ဆပ်မြို့တော်တွင်းသို့ ရောက်နှင့်နေပြီပဲ၊ မြင်းစစ်သည် ရှစ်ထောင်ခန့်နဲ့ ရုတ်တရက် ဝင်ရောက်တိုက်ခိုက်ရင် တစ်ခါတည်း ကိစ္စ အောင်မြင်နိုင်ပါတယ်၊ ဒီတစ်ခါ လာဆာမြို့တော်ကို ရုတ်တရက် တိုက်ခိုက်ဖို့ရာ ခင်ဗျားပဲ ဦးဆောင်ပြီး တိုက်ခိုက်ပါ"



ငေါ်ကျင်ဟုန်က ...

"ကျွန်တော့်အနေနဲ့ စကားတစ်ခွန်းလောက် ပြောချင်ပါတယ်၊ ဒီတစ်ခါ လာဆာမြို့တော်ကို ရုတ်တရက်တိုက်ခိုက်ဖို့ စစ်သူကြီး ကိုယ်တိုင်ကိုယ်ကျ ဝင်ရောက်ဦးဆောင်ပါမှ ကိစ္စက ပိုမို အောင်မြင်နိုင်ပါမယ်"

ဗိုလ်ချုပ်ဟုခန်းအန်းက ထူးဆန်းအံ့သြစွာဖြင့် မေးလိုက်သည်။

"ရှေ့ပြေးအရာရှိကြီး၊ ဘာဖြစ်လို့ ငါကိုယ်တိုင် ဦးဆောင်ပြီး တိုက်ခိုက်ရမှာလဲ၊ မင်းကို လွှတ်လိုက်ရင်လဲ အတူတူပဲ မဟုတ်လား"

ငေါ်ကျင်ဟုန်က ...

"စစ်သူကြီး မသိသေးဘဲကိုး၊ ဒီတစ်ခါ ကျွန်တော်တို့က ကြိုတင်ပြီး စစ်သည်များ လတ်ဆတ်မြို့တော်မှာ အတွင်းလူအဖြစ် ထားရှိပြီး ဖြစ်ပါတယ်၊ လတ်ဆတ်မြို့တော်ကို မုချသိမ်းပိုက်လို့ ရပါတယ်၊ တိဘက်ပြည်သူပြည်သားတွေကို အားပေးစကားပြောဖို့နဲ့ တရားမင်းကို ဖမ်းချုပ်ဖို့ စစ်သူကြီးကိုယ်တိုင် မျက်မှာပြုလုပ်ဆောင်မှ ကောင်းပါမယ်၊ အကယ်၍ ဒီတစ်ခါ စစ်သူကြီးက တိဘက်ပြည်ကို အောင်မြင်စွာ သိမ်းပိုက်နိုင်ရင် အရှင်မင်းမြတ်က ဆုလာဘ်ချီးမြှင့်တဲ့ နေရာမှာ စစ်သူကြီးရဲ့အမည်ကို ထိပ်ဆုံးကနေ ထားမှာပါ"

ဗိုလ်ချုပ်ဟုခန်းအန်းသည် ငေါ်ကျင်ဟုန်ပြောဆိုသော စကားများကို ကြားရပြီးနောက် ရင်တွင်း၌ ပီတိဖြာပြီး ရယ်မောလျက်...

"သိပ်ကောင်းတယ်၊ ငါကိုယ်တိုင်ပဲ လိုက်ပြီး ဦးဆောင်ပြီး

www.burmeseclassic.com

www.burmeseclassic.com



တပ်မကြီးကို ချီပြီး လာဆာမြို့တော်ကို သိမ်းပိုက်မယ်၊ ဝေါ့ကျင်ဟုန် ...မင်းက သွားပြီး မြင်းစစ်သည်ရှစ်ထောင်ကို ရွေးချယ်ထားလိုက်ပါ၊ မနက်ဖြန် နေမဝင်ခင်အချိန်မှာ တပ်ထွက်မယ်၊ လူတစ်ရာကို မြို့တော်ထဲကို အရင်ဝင်စေမယ်၊ တမန်တော်နှစ်ယောက်နဲ့ အဆက်အသွယ်ယူပြီး သူတို့ကို မနက်ဖြန် ညမှာ အတွင်း လှုပ်ရှားနိုင်းပါ"

* * *

နောက်တစ်နေ့ညနေ နေဝင်ချိန်ရောက်သောအခါ ...

ရာလူးကျွမ်းပုချောင်းဘေးတွင် မြင်းစီးစစ်သည် ရှစ်ထောင်တို့သည် စုရုံး၍နေ၏။

ခဏအကြာတွင် ...

စစ်ခရာမှုတ်သံ ကြားလိုက်ရပြီး ဗိုလ်ချုပ်ခန်းအန်းသည် စစ်ဝတ်စုံဖြင့် မြင်းလျှင်ကြီးကို စီးနင်းကာ ဝေါ့ကျင်ဟုန်နှင့်အတူ ယှဉ်၍ ထွက်လာလေ၏။

မြင်းစီးစစ်သည်များအား ...

"ညီအစ်ကို ရောင်းရင်းတို့၊ ငါတို့ ကနေ့ည အုန်းမောင်းသုံးချက်တီးချိန် မရောက်ခင်မှာ လာဆာမြို့တော်ရဲ့ အပြင်ဘက်ကို အရောက်သွားရမယ်၊ မြို့တော်ထဲက မီးရောင်ကို မြင်ရတာနဲ့ ငါတို့က ချန်းမြို့ကို တိုက်ခိုက်ရမယ်၊ ကြိုးစားပြီး တိုက်ခိုက်ကြပါစို့"



မြင်းစီးစစ်သည် ရှစ်ထောင်တို့က သံတူပြိုင်တူ အသံများဖြင့် အသက်ကိုစွန့်ပြီး နိုင်ငံအကျိုး ဆောင်ရွက်ပါ့မယ်"

ဗိုလ်ချုပ်ခန်းအန်းသည် စစ်သည်များ အားကြိုးမာန်တက် ရှိပုံကို တွေ့မြင်ရ၍ ပီတိဖြစ်ပြီး ...

"ဒီကနေ့ညတော့ ကောန်မုရှ လာဆာမြို့တော်ကို သိမ်းပိုက်လို့ရမှာပါ၊ ကိစ္စက အချိန်ဆွဲလို့ မရဘူး၊ ချက်ချင်း ချီတက်ကြစို့"

မြင်းစီးစစ်သည် ရှစ်ထောင်တို့သည် တိုက်ခိုက်ရေး တပ်ခွဲလေးစုကို ခွဲလိုက်ပြီး မားမားမတ်မတ်ဖြင့် စစ်ချီထွက်လေ၏။

ဗိုလ်ချုပ် ခန်းအန်းသည် တိဘက်ပြည်သို့ မဝင်ခင်ကပင် လာဆာမြို့တော်၏ မြေအနေထားကို စုံစမ်းသိရှိပြီးဖြစ်သည်။

လာဆာမြို့တော်သည် တောင်ပေါ်မြို့တစ်မြို့ ဖြစ်၏။ မြို့ဘေးပတ်လည် မိုင်တစ်ရာအတွင်းမှာ လူသူ မရောက်သော သဲကန္တာရဖြစ်၏။ နေမဝင်ခင် ခရီးနှင်ပါက လူသူမသိဘဲ တိတ်တဆိတ် လာဆာမြို့တော်သို့ ရောက်နိုင်၏။

ဗိုလ်ချုပ်ခန်းအန်းသည် စိန်အလွန်ရှင်လန်းပြီး တပ်မတော်ကို ဦးဆောင်ကာ ချီတက်လေတော့သည်။

မြင်းစီးစစ်သည်သည် ရှစ်ထောင်တို့၏ မြင်းခွာသံက တိတ်ဆိတ်ငြိမ်သက်သော သဲကန္တာရ၏ညကို ဆူညံသွားစေ၏။

ခရီးမိုင်ပေါင်း သုံးလေးဆယ်ခန့် နှင်လာသည်။ အလင်းရောင်မှာ မြင်းစစ်သည်တော်များ မျက်နှာပေါ်သို့ ထိုးထား၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် …

ရုတ်တရက် ရှေ့ဆုံးမှချီတက်နေသော မြင်းစစ်သည်များ၏ အော်ဟစ်ကြသည့် အသံများကို ကြားလိုက်ရ၏။

အမှန်မှာ …

ညဘက် စစ်ထွက်တိုက်လျှင် စကားပြောခြင်းနှင့် ဆူညံခြင်းကို ခွင့်မပြုချေ။ ရှေးခေတ်က စစ်သည်များ ညဘက်စစ်ထွက်လျှင် ကောက်ရိုးစည်းကို ကိုက်ထားရ၏။ စစ်သည်များ စကားမပြောရန် ဖြစ်သည်။

ဗိုလ်ချုပ်ခန်းအန်းသည် စစ်သည်များ ဆူညံပြောဆိုနေသည်ကို တွေ့ရ၍ အော်ငေါက်ရင်း မေးလိုက်၏။

"ရှေ့ဘက်က ဘာကိစ္စပေါ်လို့လဲ၊ ဒီလောက်အလန့်တကြား ဖြစ်နေရတာလဲ"

စကားသံ မဆုံးခင်မှာ မြင်းစီးစစ်သည် နှစ်ယောက်သည် နောက်ဘက်လှည့်ပြီး ဗိုလ်ချုပ်ခန်းအန်းထံ ပြေးလာပြီး အစီရင်ခံလေ၏။

"ဗိုလ်ချုပ်ကြီးကို သတင်းပို့ပါတယ်၊ အရှေ့ဘက်မှာ ရန်သူက ကျွန်တော်တို့ လူနှစ်ယောက်ကို သတ်ဖြတ်ပြီး မြင်းများကို ယူဆောင်သွားပါတယ်"

ဗိုလ်ချုပ်ခန်းအန်း ထိတ်လန့်သွား၏။

"အရှေ့ဘက်မှာ ရန်သူတွေ့တယ် ဟုတ်လား"



ဗိုလ်ချုပ်ကြီးသည် ငေါ်ကျင်ဟုန်နှင့်အတူ ရှေ့ဘက်သို့အလျင်အမြန် ခရီးဆက်လေ၏။

အမှန်တကယ်ပင် ၎င်းတို့ ပြောဆိုသည့်အတိုင်း မြင်းစီးစစ်သည် နှစ်ယောက်သည် မြေပေါ်၌ လဲနေပြီး ဦးနှောက်များ ထွက်ကာ သွေးများယိုစီးကျနေ၏။

ခန်းအန်းသည် မြင်းပေါ်မှ ဆင်းပြီးကြည့်ရာ မြင်းစီးစစ်သည် နှစ်ဦး၏ ဦးနှောက်တည့်တည့်တွင် အပေါက်ငါးပေါက် တွေ့ရပြီး အပေါက်များသည် ညီညာစွာရှိပြီး ကြီးမားသော ငှက်ကြီးများ၏ ခြေသည်းနှင့် ကုပ်မိသကဲ့သို့ ဖြစ်နေ၏။

"သူတို့နှစ်ယောက်က ဘာပြုလို့ ဒီလိုပုံစံမျိုး ဖြစ်နေရတာလဲ၊ ရန်သူကိုကော မင်းတို့ တွေ့လိုက်သလား"

မြင်းစစ်သည် လေးငါးယောက်က ပြိုင်တူ …

"ကျွန်တော်တို့လည်း ပယောဂပါနေတာလို့ ထင်ကြတာ၊ စောစောက ကျွန်တော်တို့ မြင်းကိုစီးလာစဉ်မှာ ရုတ်တရက် လမ်းဘေး သဲပုံနောက်ဘက်က လူရိပ်တစ်ခု လှုပ်ရှားသွားတာ တွေ့မြင်လိုက်ရပါတယ်၊ ရုပ်ရည်အလွန်တရာမှ အရုပ်ဆိုးတဲ့ အဘွားအိုတစ်ယောက် …"

ဗိုလ်ချုပ်ခန်းအန်းက လန့်ဖျပ်ပြီးမေးသည်။

"အရုပ်အလွန်ဆိုးတဲ့ အဘွားအို …"

ထိုမြင်းစီးစစ်သည် လေးငါးယောက်က …

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် … ဒီအဘွားအိုက တိုးဝင်လာပြီး လှုပ်ရှားမှုက အလွန်မြန်ဆန်ပါတယ်၊ လက်နှစ်ဖက်နဲ့ တစ်ယောက်တစ်ဖက် ဆွဲကိုင်ပြီး မြင်းအောက်ကို ဆွဲချလိုက်ပါတယ်"

"ဒီအဘွားအိုဟာ အသက်အရွယ် အိုရင့်ပေမယ့် အင်အားက အလွန်ကြီးမားပါတယ်၊ အဘွားအိုဟာ မြင်းတစ်ကောင်ပေါ်ကို တက်စီးလိုက်ပြီး ကျန်လက်တစ်ဖက်နဲ့ မြင်းတစ်ကောင်ကို ဆွဲကာ သူတစ်ယောက်တည်းနဲ့ မြင်းနှစ်ကောင်ကို လုယူပြီး ပြေးသွားပါတယ်၊ ကျွန်တော်တို့လည်း သူ့ကို လေးနဲ့မြား အစင်းသုံးဆယ်လောက် ပစ်ပေမယ့် တစ်စင်းမှ မထိပါဘူး"

ဗိုလ်ချုပ်ခန်းအန်းသည် စစ်သည်၏ ပြောပြချက်ကို နားထောင်ပြီးနောက် နောက်ဘက်သို့လှည့်ပြီး ငေါ့ကျင်ဟုန်အား မေးလေ၏။

"ရှေးပြေးအရာရှိကြီး … ခင်ဗျားအနေနဲ့ ဒီအဘွားအိုက ဘယ်က ပုဂ္ဂိုလ်ဖြစ် မယ်ထင်သလဲ၊ ဆရာကျိုချန်တို့နဲ့ တစ်လမ်းထဲ တစ်ဂိုဏ်းထဲကလား …"

ငေါ့ကျင်ဟုန်က …

"ကျွန်တော်တို့ ပိုက်ယုံကုမှာ အဖမ်းခံရစဉ်က ဆရာကျိုချန်တို့ထံမှာလည်း ဒီလိုအဘွားအိုရှိတာ မတွေ့ရပါဘူး၊ ဒီအဘွားအိုကြည့်ရတာ သိုင်းလောကထဲက လမ်းသွားပုဂ္ဂိုလ်ဖြစ်ရမယ်၊ အရေးကြီးတဲ့ ခရီးအတွက် အချိန်မရဖြစ်နေလို့ စီးမြင်းနဲ့ အစားထိုးဖို့ လာယူတာဖြစ်မယ်၊ ဒီအဘွားအိုရဲ့ သိုင်းပညာ အရည်အချင်းမှာ အလွန်မြင့်မားတယ်၊ ဆရာကျိုချန်က သူ့ကိုဘယ်မိနိုင်ပါ့မလဲ"



ဗိုလ်ချုပ်ဟုခန်းအန်းသည် ကိုယ်တွင်းသို့ လေအေးကို ရှူသွင်းလိုက်ပြီး ငေါ့ကျင်ဟုန်အား …

"ရှေ့ပြေးအရာရှိကြီး … ကျုပ်တို့ ယခု ဘယ်လိုလုပ်ကြမလဲ၊ ရှေ့ကိုဆက်ချီတက်မှာလား၊ လာဆာမြို့တော်ကို တိုက်ခိုက်မှာလား"

ငေါ့ကျင်ဟုန်က …

"ကျွန်တော်တို့ တပ်မတော်ကြီးက ခရီးမိုင် သုံးလေးထောင်နှင်ခဲ့ပြီး လမ်းခုလတ်ကနေပြီး ပြန်လှည့်သွားလို့ ဘယ်ဖြစ်မလဲ၊ ချီတက်ကြပါစို့"

ဗိုလ်ချုပ်ခန်းအန်းသည် မလွဲမရှောင်သာ၍ မြင်းပေါ် ပြန်တက်ပြီး ရှေ့ဆက်ချီတက်သည်။

ခရီးနှစ်နာရီခန့် နှင်မိသောအခါ မြေပြင်ပေါ်မှ ရုတ်တရက် တောင်တစ်လုံး မြင်တွေ့ရသည်။

ဗိုလ်ချုပ်ခန်းအန်းက ကြာပွတ်ဖြင့် မြင်းကို တို့လိုက်ပြီး …

"ဟိုရှေ့က တောင်ဟာ လာဆာမြို့တော်ကြီးပဲ၊ မီးရောင်ကို တွေ့မြင်လိုက်တာနဲ့ ကျုပ်တို့ ချက်ချင်း လာဆာမြို့တော်ကို တိုက်ခိုက်ကြမယ်၊ နောက်ပြီး မြို့ပြင်နှစ်မိုင်အဝေးမှာ တရားသူကြီး မင်းတပ်လိုက် လားမားနေတဲ့ စင်စန်းတောင်ရှိတယ်၊ ရှေ့ပြေးအရာရှိကြီး၊ ခင်ဗျားက စစ်တပ်တစ်တပ်ကို ဦးဆောင်ပြီး စင်စန်းတောင်ကို တိုက်ခိုက်ပါ၊ တစ်ခါတည်း တပ်လိုက်လားမားကို လလက်ရအဖမ်းရမယ်၊ မလွတ်စေနဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ဟုခန်းအန်းသည် ဝမ်းမြောက်ဝမ်းသာဖြင့် ပြောလိုက်လေသည်။ ထိုစဉ် အရှေ့ဘက်မှ မြင်းစီးစစ်သည်များ၏ အော်ဟစ်ပြောဆိုသံကို ကြားလိုက်ရပြန်သည်။

အဖြစ်အပျက်မှာ ဗိုလ်ချုပ်ဟုခန်းအန်း၏ ရှေ့ပြေးစစ်သည်များသည် အလွန်ကျဉ်းမြောင်းသော တောင်ကြားလမ်းအဝင်တစ်ခုသို့ ရောက်သောအခါ ရှေ့ဆုံးမှ မြင်းစီးစစ်သည်များသည် ...

"ဘုံး ..."

"ဝုန်း ..."

အသံများ ထွက်ပေါ်လာပြီးလူရော မြင်းပါ သဲမြေအတွင်းသို့ နစ်ဝင်သွား၏။

အမှန်စင်စစ်က ...

တိဘက်စစ်သည်များသည် တောင်ကြားလမ်းအဝင်ဝ၏ ဆယ်မိုင်ပတ်လည်အတွင်း၌ အထပ်ထပ်တွင်းတူးပြီး ထောင်ချောက်ပြုလုပ်ထားသည်။

မြေကျင်းများ၏ အနက်မှ ပေနှစ်ဆယ်ခန့်ရှိပြီးအပေါ်ယံ၌ သဲများဖြူးထား၏။ ကျင်းအောက်၌ သံစူးချွန်များ စိုက်ထားသည်။

ဗိုလ်ချုပ်ဟုခန်းအန်း၏ ရှေ့ဆုံးမှပြေးနေသော မြင်းစီးစစ်သည်ရာပေါင်းများစွာတို့မှာ ထောင်ချောက်အတွင်းသို့ အသီးသီး ကျကုန်ပြီး လူများ၊ မြင်းများ၏ အော်ဟစ် မြည်ဟီးသံများ ထွက်ပေါ်လာ၏။ ရုန်းရင်းဆန်ခတ် ဖြစ်ကုန်သည်။



တစ်ဆက်တည်းမှာပင် တောင်ကြားလမ်း အဝင်ဝမှ ...

"ရှီး ..."

အသံတစ်ချက် ထွက်ပေါ်လာပြီး အချက်ပြမီးကျည် လေးငါးလုံးသည် ကောင်းကင်ပေါ်၌ လင်းထိန်၍သွားသည်။

အရပ်ရှစ်မျက်နှာမှ ကြိုတင်ပုန်းလျှိုးနေသော မရေမတွက်နိုင်အောင် များပြားသော တိဘက်စစ်သည်များသည် မြေပြင်ပေါ်မှ ပေါ်ထွက်လာပြီး ဒီရေ ဒီလှိုင်းများပမာ မန်ချူးစစ်သည်များအား သတ်ဖြတ်ကြလေတော့သည်။

အမှန်စင်စစ် ...

တိဘက်စစ်သည်များသည် တောင်ကြားလမ်း အဝင်ဝ၌ ထောင်ချောက်ကျင်းရှည်ကြီးများ မြောက်များစွာကို တူးထားသည်။ နောက်ထပ် စစ်သည် လေးငါးထောင်ကို လွှတ်ပြီး တောင်ကြားလမ်းဘေး နှစ်ဖက်၌ ပုန်းလျှိုး၍နေစေ၏။ ၎င်းတို့၏ ပုန်းလျှိုးနည်းက အလွန်ဆန်းကြယ်သည်။

စစ်သည်တိုင်းသည် ကော်ဖောတစ်ခုဖြင့် ကိုယ်ကိုရစ်ပတ်ပြီး သဲပေါ်၌ လဲလျောင်းနေပြီး အပေါ်မှသဲများ ဖြူးထားသည်။

ခပ်ပေ့မ်းလှမ်းမှကြည့်လိုက်လျှင် လူနှင့် သဲကိုခွဲခြား၍ မရတော့ပေ။ မှေးမှိန်သော ညရောင်အောက်ဝယ် ခွဲခြားသိရှိရန် ပို၍ခက်ခဲသည်။

ရန်သူများ သတ်မှတ်ထားသည့် ပစ်မှတ်အတွင်းသို့ရောက်

www.burmeseclassic.com

www.burmeseclassic.com



လာပြီး လူနှင့် မြင်းများ အသီးသီး တောင်ချောက်အတွင်းသို့ ကျသောအခါ အချက်တစ်ချက်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် ပုန်းလျှိုးရာမှ ထပြီး တိုက်ခိုက်ကြ၏။ တိဘက်စစ်သည်များ လှံနှင့် သံချိတ်ရှည်ကို သုံး၏။ မြင်းခြေထောက်ကို တိုက်ခိုက်ကြကုန်၏။ မြင်းများ ဒဏ်ရာရသည်နှင့် မြင်းစီးသူလည်း ငယ်သံပါအောင် အော်ဟစ်ကြကုန်၏။

အချို့မြင်းများသည် အလွန်နာကျင်၍ ခုန်ပေါက်ပြေးလွှားကြသည်။ ထိုအခါ မြင်းပေါ်မှ မန်ချူးစစ်သည်များအား ချိတ်များဖြင့် ဆွဲချကြလေသည်။

ဗိုလ်ချုပ်ဟုခန်းအန်းသည် အခြေအနေ မလှသည်ကို တွေ့မြင်ရ၍ အသံကျယ်စွာ အော်ဟစ်၍…

"အမြန်ဆုံး အမိန့်တော်ကို နာခံကြပါ၊ တောင်ချောက်ကို သတိပြု၊ မြင်းပေါ်ကနေပြီး ရင်ဆိုင်တိုက်ခိုက်ကြ…"

သို့သော်လည်း လူနဲ့မြင်းများ ရောထွေးကုန်၏။

လမ်းကြောင်းရှေ့မှ စစ်ဗုံမောင်းများတီးကာ မြင်းစီးလူတစ်အုပ်သည် မားမားမတ်မတ် ချီတက်၍ လာနေလေသည်။

ရှေ့ဆုံးမှ စီးနင်းလိုက်ပါလာသူကား ဝေဝအော်လူမျိုးအဝတ်အစား ဝတ်ဆင်ထားသော အမျိုးသမီးကလေးဖြစ်၏။

ရုပ်ရည်သည် မြကဲ့သို့ လှပပြီး ဖိုးရွှေလမင်းနှင့် အလှချင်းပြိုင်နေသည်။



မန်ချူးစစ်သည်များသည် ၎င်းကို မြင်လိုက်သည်နှင့် အသီးသီး အော်ဟစ်လိုက်ကြကုန်သည်။

"ရွှေလေးရှင် မင်းသမီးကလေး လာပြီဟေ့"

စစ်သည်များသည် ကြောက်ရွံ့စွာအော်ဟစ်လိုက်ကြသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၅)

### အစီအမံ

ရွှေလေးရှင်မင်းသမီးကလေးသည် တစ်ချိန်က တရှောက်ဟို ကျို့မှု၏ စစ်သားများကို ဦးဆောင်ပြီး မန်ချူးစစ်သည်များနှင့် တိုက်ပွဲအကြိမ်များစွာ ဆင်နွှဲခဲ့ဖူး၏။

တျန်ဆန်းတိုက်ပွဲတွင် အနောက်ဘက်သို့ စစ်ချီတက်လာသော ဗိုလ်ချုပ်စောက်ပေါ်၏ စစ်သည်များ ကစဥ့်ကလျား ဖြစ်ကာ လက်နက်များကို စွန့်ကာ ကိုယ်လွတ်ရုန်းပြေးကြရသည်အထိ တိုက်ခဲ့သော ရွှေလေးရှင် မင်းသမီးလေး၏ အမည်နာမသည် တိုးလေးတကျော် ဖြစ်သွားခဲ့လေသည်။

ယခုတစ်ဖန် ရွှေလေးရှင်မင်းသမီးကို စစ်မြေပြင်၌ စစ်ချီဝတ်စုံဝတ်ပြီး မြင်းကိုစီးကာ တိဘက် စစ်သည်များကို ဦးခေါင်း၌ ခုံ့ခုံ့ညားညား တွေ့မြင်ရ၍ မန်ချူးစစ်သည်များသည် ကြောက်ရွံ့သွားကြသည်။



ညဘက်အချိန် ချောင်ခိုတိုက်ခိုက်ခြင်းကြောင့် ကွင်းပြင်တစ်ခုလုံး ဆူညံနေသည်။

နောက်ဘက်မှ စစ်သည်များသည် စစ်မတိုက်ခဲ့မှာပင် ကစဥ့်ကလျား ဖြစ်ကုန်၏။ အသီးသီး နောက်ဘက်သို့ ဆုတ်ခွာထွက်ပြေကြ၏။

ဗိုလ်ချုပ်ဟုခန်းအန်းသည် ရန်သူ၏ ထောင်ချောက်တွင်းသို့ ကျရောက်နေကြောင်းကို သိထား၏။ တိုက်ပွဲ၏အခြေအနေက အလွန်ဆိုးဝါးနေသော်လည်း ၎င်းစိတ်သည် တည်ငြိမ်နေပြီး မမြဲတည်နှင်ကြားချက်ထုတ်ပြန်ပေး၏။

အရှေ့မှ စစ်သည်များကို အနောက်ဘက်သို့ ဆုတ်စေပြီး အနောက်ဘက်မှ စစ်သည်များကို အရှေ့ဘက်သို့ ချိုက်စေ၏။

အမိန့်တော်ထုတ်ပြန်လိုက်သည်နှင့် တစ်ပြိုင်နက် ...

ငေါ်ကျင်ဟုန်၏ စစ်သည်များ ဘယ်ညာ အားနှစ်ဖက်သို့ ခွဲထွက်သွားပြီး တစ်ဖက်က ပြေးရင်း တစ်ဖက်က လေးများဖြင့် ပတ်ခတ်ကြ၏။ တစ်ဖက် ရန်သူ၏ ဖောက်ခြင်းကို ဟန့်တားပေးသည်။

အနောက်ဘက်က တပ်ကို တပ်ချုပ်မှူး တုန်ကျန်နှင့် လက်ထောက်တပ်မှူး တွမ်ဟွားလုံက ဦးဆောင်ကာ တောင်နှင့် အရှေ့ကို နေရာယူပြီး တပ်လုံးကျွတ် ထိုးဖောက်တိုက်ခိုက်၏။

ဗိုလ်ချုပ်ဟုခန်းအန်း၏ ယူဆချက်မှာ တိဘက်စစ်သည်များ

www.burmeseclassic.com

www.burmeseclassic.com



သည် မမျှော်လင့်ဘဲ ထွက်ပေါ်လာသည့်အတွက် ထိုးဖောက်သွားရန် မလွယ်ကူပေ။

မိမိမှာ လက်ရွေးစင် မြင်းစီးစစ်သည် ရှစ်ထောင်ရှိနေ၍ အင်အားကို တစ်နေရာတည်းတွင် စုစည်းပြီး ထိုးဖောက်ပါက ရန်သူ၏ ဝိုင်းရံခြင်းကို ထိုးဖောက်နိုင်မည်ဟု ထင်မြင်ခြင်းဖြစ်သည်။

သို့သော် ဤသို့ ပြုလုပ်လိုက်သည့်အတွက် ရွှေလေးရှင် မင်းသမီးကလေး၏ ဂရိယာယ်ထောင်ချောက်တွင်းသို့ ကျရောက်သွားသည်။

အမှန်စင်စစ် ...

ရွှေလေးရှင်မင်းသမီးကလေးက ကြိုတင်ခန့်မှန်းထားသည်မှာ ဒီတစ်ခေါက် မန်ချူးစစ်သည်များက လာ်ဆာမြို့တော်ကို ရုတ်တရက် တိုက်ခိုက်လာသောအခါ မြင်းစီး စစ်သည်ကို ရွေးချယ်ကြလိမ့်မည်။

ထို့ကြောင့် ရွှေလေးရှင် မင်းသမီးက တရားသူကြီးမင်း တပ်လိုက် လားမားအား အကြံတစ်ခုပြုသည်။

လာဆာမြို့တော်ရှိ ပန်းဘဲဆရာများအား တြိဂံပုံစံမြင်းခြေများကို စူးနိုင်သော သံထည်စူးချွန်ကို ထုလုပ်နိုင်းပါရန် အကြံပေးခဲ့သည်။

အမိန့်အရ ညတွင်းချင်း ပန်းဘဲဆရာများသည် တြိဂံပုံစံမြင်းခြေကို စူးစေသော သံချွန်ကို ထုလုပ်ကြသည်။

တြိဂံပုံစံ စူးချွန်များကို အမြောက်အများ ပြုလုပ်ပြီးသော်



တပ်ပုန်းစစ်သည်များ တစ်ယောက်ကို တစ်အိတ်ဝေငှပေးပြီး မန်ချူးမြင်းစီးစစ်သည်များ အစုလိုက်အပြုံလိုက် ချီတက်လာမည့် လမ်းတစ်လျှောက်၌ တြိဂံပုံစူးချွန်များကို မြေပြင်ပေါ်သို့ ကြဲချလိုက်စေသည်။

မန်ချူးမြင်းစီးစစ်သည်များ ညမှောင်တွင် နှင်းမိုးကြ၍ နာကျင်လွန်းသဖြင့် နေရာတွင် ထခုန်ကြသည်။

မြင်းစီးစစ်သည်များသည် မြင်းအောက်သို့ ကျကုန်ကြ၏။

တစ်ခဏအချိန်အတွင်းမှာ မြင်းစီးစစ်သည် တစ်ဝက်ခန့် မြင်းပေါ်မှ လန့်ကျကုန်သည်။

ဗိုလ်ချုပ်ဟုခန်းအုန်းသည် အခြေအနေကို တွေ့မြင်ရ၍ အလွန်အမင်း ထိတ်လန့်သွား၏။ ကမျာကယာ အမိန့်ချပြီး စစ်သည်များအားလုံး မြင်းပေါ်မှဆင်းပြီး ရှေ့သို့ ချီတက်စေ၏။

ထိုအခါ အခြေအနေက ပြောင်းသွားလေတော့သည်။

မန်ချူးစစ်သည်များသည် အောက်ခံအလွန်ထူသော သားရေဖိနပ်များ စီးထား၍ တြိဂံစူးချွန်များကို ၎င်းတို့အား မစူးနိုင်တော့ပေ။

စစ်သည်တိုင်းသည် အသက်အသေခံပြီး အတင်း ထိုးဖောက်တိုက်ခိုက်ကြသောကြောင့် တိုက်အား ရုတ်ခြည်းတိုးတက်လာ၏။ တိဘက်စစ်သည်များသည် မန်ချူးစစ်သည်များထက် များပြားသော်လည်း တိုက်ခိုက်စွမ်းအား ၎င်းတို့ထက် မကောင်းပေ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ရှိန်ထိုး ထိုးဖောက်တိုက်ခိုက်သည့်အတွက် တိဘက်စစ်သည်များ ဝိုင်းရံခြင်းမှ လွတ်သွားသည်။

စစ်သည်အားလုံး အန္တရာယ် စက်ကွင်းမှ ကင်းလွတ်သွားလေသည်။

တုန်ကျန့်နှင့် တွမ်ပွားလုံတို့သည် စစ်သည်များကို ဦးဆောင်ပြီး ချီတက်ကြသည်။

ရုတ်တရက် ဘေးတစ်ဖက် တစ်ချက်မှ မမျှော်လင့်ဘဲ စစ်တပ်တစ်တပ် ထိုးဖောက်ထွက်လာပြန်၏။ ၎င်းစစ်တပ်တွင် လူဦးရေတစ်ထောင်ကျော်ခန့်ရှိ၏။ အားလုံး ဟန်လူမျိုးများချည်းဖြစ်၏။

၎င်းတို့သည် ယိက်ယုံကုတောင်ဝှမ်းဒေသမှ ပြောင်းရွှေ့လာသော ဖွမ့်ကုံဟပ်တို့၏ လူစုဖြစ်သည်။

စစ်တပ်ကို ဦးဆောင်သူက လူနီခေါင်းဆောင် သုံးဦးတို့ဖြစ်သည်။

အလယ်က လူငယ်က ဆရွှန့်မင်၊ ဘယ်ဘက်က ဖွမ့်ကျင်ကျို၊ ညာဘက် ဖွမ့်ကျင်ကျွီတို့ ဖြစ်၏။

ထိုအခါ သုံးဦးအသံပြိုင်ဖြင့် ...

"ဗိုလ်ချုပ်ဟုခန်းအန်း ခင်ဗျား ဘယ်ပြေးမလဲ"

တုန်ကျန့်က ဒေါသထွက်ပြီး တွမ်ပွားလုံအား ...

"လက်စသတ်တော့ ဟန်လူမျိုး သူပုန်တွေကွ၊ တရားသူကြီးမင်း တပ်လိုက်လားမားကို အကူအညီပေးနေတာကိုး၊ ကျုပ်တို့ သူတို့ကို ရှင်းပစ်ရမယ်၊ ဒါမှ နောင်အခါ အေးချမ်းမှာ"



စကားဆုံးသည်နှင့် သံတုတ်ကို ကိုင်ဆောင်ကာ မြင်းပေါ်မှ ဆင်းလိုက်ပြီး ဆရွှန့်မင်ထံ ပြေးဝင်သွားကြသည်။

ဖွမ့်ကျင်ကျွီ ညီအစ်ကို ထွက်ပြေးပြီး ၎င်းနှင့် ရင်ဆိုင်တိုက်ခိုက်မည်ပြုစဉ် ဆရွှန့်မင်က တားမြစ်လေ၏။

"မန်ချူးစစ်ဗိုလ်ကို ငါကိုယ်တိုင် သတ်ပစ်မယ်၊ ကျန်တဲ့ မြင်းစီးစစ်ဗိုလ်တစ်ယောက်ကို မင်းတို့ညီအစ်ကိုနှစ်ယောက်က ရှင်းလင်းပစ်ပါ"

တုန်ကျန့်က ပိုမိုဒေါသထွက်ကာ တစ်ရှိန်ထိုး ပြေးဝင်လာပြီး လက်ထဲမှ သံတုတ်ကို မြှောက်ကာ အရှိန်အဟုန်ပြင်းစွာ ရိုက်ချလိုက်လေ၏။

သို့သော် ...

သံတုတ်ကျရောက်ရာနေရာတွင် ရန်သူ၏ အရိပ်အယောင်ကိုပင် မတွေ့ရပေ။

တုန်ကျန့်သည် အကြီးအကျယ် ထိတ်လန့်ခြင်းဖြစ်မိ၏။

ကိုယ်ကိုလှည့်ပြီး ကြည့်မည်အပြုတွင် ရုတ်ခြည်း ဦးခေါင်းဘက်မှ အေးစိမ့်သွား၏။ ရန်သူ၏ဓားသည် ၎င်း၏ဦးခေါင်းကို ပွတ်သပ်လိုက်ခြင်းဖြစ်၏။

အမှန်က ဆရွှန့်မင်သည် ၎င်း၏ နောက်သို့ရောက်သွားပြီး ၎င်း၏ကျောဘက်မှ ဓားပြားနှင့် ပွတ်လိုက်ခြင်းဖြစ်သည်။

"ခင်ဗျားအသက်ကို ကျုပ် ချမ်းသာပေးလိုက်မယ်၊ လည်ပြန်ပါ"

www.burmeseclassic.com

www.burmeseclassic.com



တုန်ကျန်သည် ကြောက်လည်းကြောက်၊ ဒေါသလည်း ထွက်နေ၏။

သံတုတ်နှင့် အနောက်ဘက်ကို လွှဲရိုက်သည်။

ဆာ်ချွန်မင်က …

"ကောင်းကျိုးဆိုးကျိုး မသိတဲ့ကောင် …"

စကားဆုံးသည်နှင့် ကိုယ်ခန္ဓာကို ရှောင်တိမ်းပေးလိုက်ပြီး လက်ကိုလှည့်ကာ ဓားတစ်ချက်သွင်းလိုက်၏။

"ရှီ …"

အသံတစ်ချက် ပေါ်ထွက်လာသည်။

တုန့်ကန်၏ ညာဘက်လက်မောင်းသည် အရင်းမှ ပြတ်သွား၏။

တုန့်ကျန်သည် ငယ်သံပါအောင် အော်ဟစ်ပြီး ဘုံးခနဲလဲကျသွားပြီး နေရာတွင် သတိမေ့သွားတော့သည်။

တုန့်ကျန် မြေပေါ်သို့ ကျသည့်အချိန်မှာပင် ကျန်မြင်းစီးမန်ချူးအရာရှိတစ်ယောက်သည် ဖွမ့်ကျင်ကျို ညီအစ်ကိုနှစ်ယောက်၏ လက်ချက်ဖြင့် အသက်ပျောက်သွားသည်။

ဆချွန်မင်နှင့် ဖွမ့်ကျင်ကယီတို့ ညီအစ်ကို နှစ်ယောက်တို့သည် တခဏအချိန်ပိုင်းလေးအတွင်းမှာပင် မန်ချူးစစ်ဗိုလ်နှစ်ယောက်အား သုတ်သင်ရှင်းလင်းပစ်လိုက်ကြသည်။

မန်ချူးစစ်သည်များသည် ၎င်းတို့၏ ခေါင်းဆောင်များကို သုတ်သင်ရှင်းလင်းခံရ၍ အသံကျယ်စွာ အော်ဟစ်လိုက်ကြသည်။



ထိုအခါ ဗိုလ်ချုပ်ဟုခန်းအန်းနှင့် ငေါ့ကျင်ဟုန်တို့လည်း မြင်းစီးပြီး ရောက်လာကြသည်။

ဗိုလ်ချုပ်ဟုခန်းအန်းသည် ယခင်က ဖေ့ကျွမ်ကို တိုက်ခိုက်စဉ်က စစ်မြေပြင်တွင် ဆချွန်မင်နှင့် ရင်ဆိုင်တိုက်ခိုက်ဖူး၏။ ယခုတစ်ဖန် တိုက်ခိုက်နေသည်ကို တွေ့မြင်ရသောအခါ ထိတ်လန့်သွားလေ၏။ ငေါ့ကျင်ဟုန်အား …

"ရှေ့ပြေးအရာရှိကြီး … ဒီလူငယ်က သူပုန်ခေါင်းဆောင်ပဲ၊ မင်းသွားပြီး သူ့ကိုရှင်းလိုက်ပါ"

ငေါ့ကျင်ဟုန်သည် လှံတံကို ကိုင်ဆောင်ပြီး ရှေ့သို့တက်တက်သွား၏။

ငေါ့ကျင်ဟုန် ကိုင်ဆောင်သော လက်နက်က ကျားခေါင်းလှံတံ ဖြစ်သည်။

ဖွမ့်ကျင်ကျိုက မြင်းခုတ်ဓားချက်ဖြင့် ၎င်းစီးသောမြင်း၏ ခြေ ထောက်ကို လွှဲခုတ်လိုက်သည်။

ငေါ့ကျင်ဟုန်သည် လျှင်မြန်သွက်လက်စွာ လှံတံကို အောက်သို့ နိမ့်ကျလိုက်ပြီး ဝင်လာသော ဓားကို ခံပေးလိုက်၏။

"ဒိန်း …"

"ဒေါင် …"

ရန်သူ၏ ဓားချက်ကို ဖယ်ရှားဝစ်လိုက်ပြီး လှံတံဖြင့် [illegible] ပြန်လှည့်ပြီး ဖွေးလက်နေသော လှံတံချွန်သည် ဖွမ့်ကျင်ကျို၏ ရင်ဝ

www.burmeseclassic.com

www.burmeseclassic.com



ဆီသို့ ထိုးသွင်းလိုက်လေ၏။ တကယ်ပင် သိုင်းအထွတ်အထိပ် သိုင်းကွက်ဖြစ်သဖြင့် ဖွမ့်ကျင်ကျှီသည် လန့်ဖျပ်ပြီး ကပျာကယာ ခန္ဓာကိုယ်ကို လှဲကျလိုက်ပြီး ထိုးထွက်လိုက်ရသည်။

ဖွမ့်ကျင်ကျှီက ...

ဓားချက်တစ်ချက်ပတ်လည် မြေဝပ်သိုင်းကွက်ဖြင့် ငေါ့ကျင်ဟုန်၏ စီးမြင်းတင်ပါးကို ခုတ်လိုက်၏။

ငေါ့ကျင်ဟုန်သည် ခြေနှစ်ဖက်ဖြင့် မြင်းကို ညှပ်လိုက်ရာ ထိုမြင်းသည် ကိုယ်ကိုလှည့်လိုက်၍ ဝင်လာသော ဓားချက်မှာ လွတ်ထွက်သွားသည်။

ငေါ့ကျင်ဟုန်သည် လှံတံနှင့် တစ်ချက်လှဲပြီး ရိုက်လိုက်၏။

"ဒေါင် ..."

အသံတစ်ချက် ထွက်လာလေသည်။

ဖွမ့်ကျင်ကျှီ၏ ဓားသည် လက်မှ လွတ်ထွက်မတတ် ဖြစ်သွား၏။

ယခင်က ငေါ့ကျင်ဟုန်သည် ပိုက်ယုံကုစခန်းတွင် အဖမ်းခံရစဉ်က တမင်သက်သက် အဖမ်းခံခြင်းဖြစ်၏။ ဖွမ့်ကျင်ကျှီတို့ ညီအစ်ကိုက ၎င်း၏အကြောင်းရင်းကို မသိပေ။

ဖွမ့်ကျင်ကျှီ ညီအစ်ကို နှစ်ယောက်သည် အသံတစ်ချက်အော်ပြီး လေပြင်းမုန်တိုင်းပမာ တိုက်ခိုက်လေ၏။

ငေါ့ကျင်ဟုန်သည် လှံတံကို နတ်နဂါး ရေကစားသည့်ပမာ



ဖွမ့်ကျင်ကျှီတို့ ညီအစ်ကိုနှစ်ယောက်၏ တိုက်ချက်ကို ဖယ်ရှားပစ်သည်။

ဆချွန်မင်က တိတ်တဆိတ်ချီးကျူးလိုက်၏။

ရုတ်တရက် ...

ဘယ်ဘက်ဘေးမှ မြင်းခွာသံကြားရလေ၏။

မြင်းခွာသံသည် တဖြည်းဖြည်း နီးလာလေ၏။

ဆချွန်မင် မိမိတို့၏ ဘက်တော်သားများ စစ်ကူရောက်လာသည်ထင်၍ မသိမသာနေလိုက်မိသည်။

ထိုအခိုက် ရယ်မောသံတစ်ချက် ကြားလိုက်ရပြီး ငှက်ကြီးတစ်ကောင်ပမာ လူရိပ်တစ်ခုသည် ထိုးဝင်လာသည်ကို တွေ့မြင်လိုက်၏။

ဖွမ့်ကျင်ကျှီ ညီအစ်က အော်လိုက်၏။

"အစ်ကို ..."

မမျှော်လင့်ဘဲ ပြေးဝင်လာသော မကောင်းဆိုးဝါးက ၎င်းတို့အား တစ်ဖက်တစ်ယောက်စီ ချုပ်ကိုင်မတင်လိုက်သည်။

ငေါ့ကျင်ဟုန်သည် ထိတ်လန့်သွား၏။

ဖွမ့်ကျင်ကျှီ ညီအစ်ကိုအား ဖမ်းချုပ်ထားသူမှာ ကိုယ်ဝိန်သေးပြီးအနက်ရောင်အကျႌ ဝတ်ဆင်ထားသော အရုပ်အလွန်တရာမှ ဆိုးသော အဘွားအိုတစ်ယောက် ဖြစ်နေသည်။

ဆချွန်မင်သည် ၎င်းအဘွားအိုကို တွေ့မြင်ရမှ လန့်ဖျပ်ပြီး အော်မိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သံလက်ဝါးမယ်တော်"

သံလက်ဝါးမယ်တော်သည် ရုတ်တရက် ထွက်ပေါ်လာသည့်အတွက် အခြေအနေက ကြောက်ရွံ့စရာကောင်းလာသည်။

ဆရွှန်မင်သည် အံ့အားသင့်နေချိန်တွင် ထိုထက်ပို၍ အံ့ဩဖွယ်ကောင်းသော ကိစ္စတစ်ရပ် ပေါ်ပေါက်လာလေ၏။ ၎င်း၏နောက်မှ ချိုအေးသံကလေး ပေါ်လာသည်။

"အစ်ကိုဆွှန်မင် ... အစ်ကို ဒီမှာရောက်နေတာကိုး"

ဆရွှန်မင်သည် နောက်သို့ လှည့်ကြည့်လိုက်ရာ အပြင်ဘက်ရှိ မြင်းဖြူတစ်ကောင်ပေါ်တွင် လက်ကျုပ်နှင့် တိရစ္ဆာန်သားရေခြုံ ထားသော မိန်းမပျိုတစ်ယောက်ကို တွေ့လိုက်ရသည်။ သူမမှာ သုံးနှစ်ကျော်ကြာ ပျောက်ဆုံးနေသော အီလီနားပင်တည်း။

ဆရွှန်မင်မှာ ဒေးရင်း အံ့ဩခြင်း ဖြစ်မိပေသည်။

အီလီနားသည် မိမိ၏ ဘဝကြင်ဖော်တစ်ယောက် မဟုတ်သော်လည်း သူမမှာ တစ်ချိန်က မိမိချစ်သူပြစ်၏။ အဘယ်ကြောင့် သံလက်ဝါးမယ်တော်နှင့် အတူနေထိုင်ပါသနည်း။ နောက်ပြီး သိုင်းဝတ်စုံကိုလည်း ဝတ်ဆင်ထားပြီး ကျောဘက်၌ ဓားကိုလွယ်ထားသည်။

ဆရွှန်မင်သည် အတွေးများ ပေါ်လာနေချိန်တွင် သံလက်ဝါးမယ်တော်၏ ခက်ထန်သော အော်သံကိုကြားလိုက်ရသည်။

"ဆရွှန်မင် ... မင်းရဲ့ အဖော်နှစ်ယောက်က ငါ့လက်ထဲမှာ



ရှိတယ်၊ မင်းက သူတို့အသက်ကို ရှင်ချင်သေးသလား၊ မရှင်ချင်ဘူးလား"

ထိုအခါကျမှ ဆရွှန်မင်သည် အိပ်မက်မှ လန့်နိုးလာသည့်ပမာအတွေးများ ရပ်ကာ သံလက်ဝါးမယ်တော်၏ သံမဏိချိုပ်ပမာရှိသောလက်သံသည်းကြီးများသည် ဖွမ့်ကျင်ကျွိ ညီအစ်ကို၏ လည်ပင်းကိုညှစ်ထားလိုက်၏။ လူကိုမ,ပြီး အပေါ်သို့ မြှောက်ထား၏။

ဆရွှန်မင်သည် အလွန်ပါးနပ်သော လူငယ်တစ်ယောက်ပီပီ မိမိတစ်ယောက်တည်း အင်အားနဲ့ တိုက်ခိုက်လျှင် ဘယ်နည်းနဲ့မှ မနိုင်ကြောင်း သိထား၏။

ထို့ကြောင့် စိတ်ကိုထိန်းထားပြီး အသံရှည်ကြီးဖြင့် ရယ်မောလိုက်သည်။

"ကျွန်တော့်အထင်ပြောရရင် ကန်းချွေလျှန်ဟာ ခုံတုံဂိုဏ်းရဲ့ ဂိုဏ်းချုပ်တစ်ယောက်ဖြစ်နေပြီ၊ ကတိစကားကို ဖျက်လိမ့်မယ်လို့ မထင်ဘူး၊ ဒီအတိုင်း ကတိဖျက်ပြီး နောက်ပေါက်လူငယ်ကလေးကို အနိုင်ကျင့်တာ အလွန်ရှက်စရာကောင်းပါတယ်"

သံလက်ဝါးမယ်တော်သည် ဆရွှန်မင်က မိမိ၏နာမည်အရင်းကို ထုတ်ဖော်ပြေဆိုလာသည့်အပြင် မိမိ၏အကြောင်းကိုလည်း ထုတ်ဖော်ပြောဆိုလာသောကြောင့် ရင်ထဲ၌ စိုးထိတ်သွားမိသည်။

သံလက်ဝါးမယ်တော်က တစ်ချက်ရယ်မောလိုက်ပြီး ...

"ငါက ဘယ်များ ကတိမတည်လို့လဲ၊ ဘယ်သူ့ကို အနိုင်

www.burmeseclassic.com

www.burmeseclassic.com



ကျင့်လို့လဲ၊ အကယ်လို့ မင်းရဲ့စကားတစ်ခွန်း မှားရင် မင်းလည်း အသက်ရှင်နေဖို့ မစဉ်းစားနဲ့ ..."

ထိုအချိန်တွင် နှစ်ဖက်သော စစ်သည်များက တိုက်ပွဲကို ရပ်တန့်ထားသည်။

အများက သံလက်ဝါးမယ်တော်၏ လက်အားကို ချီးကျူးကြ၏။ သို့သော် သူမသည် ရန်သူလော၊ မိတ်ဆွေလော မသိရပေ။ ထို့ကြောင့် မည်သူမျှ မလှုပ်ရှားရဲချေ။

ဆချွန်မင်က ပိုင်ချက်ကိုင်ထားသူဖြစ်၍ အေးစက်စွာဖြင့် ...

"ကန်ချွေလျှန် ဟိုတစ်ခါ ပိုက်ယုံကုတောင်ဝှမ်းစခန်းမှာတုန်းက ကျွန်တော်တို့ မနိုင်မှန်းသိ၍ ပြန်လည်ထွက်ခွာသွားစဉ်က စကားတစ်ခွန်းပြောခဲ့တယ်လေ၊ နောက်တစ်နှစ်ကြာမှ ပြန်လည်လာပြီး ကလဲ့စားချေမယ်လို့ ပြောသွားတယ်မဟုတ်လား၊ ကျွန်တော်တို့ ခြောက်ယောက်နဲ့ ပြန်လည်တိုက်မယ်လို့ ပြောတယ်မဟုတ်လား"

"အေးလေ ... ဘာဖြစ်သလဲ"

"အခု နှစ်ဝက်ပဲ ရှိသေးတယ်၊ ခင်ဗျားက ကတိဖျက်ပြီး ကျွန်တော်တို့ကို ရှာလို့ အနှောင့်အယှက်ပေးတယ်၊ နောက်ပြီး ကျွန်တော့်ညီတော်များ ရန်သူနဲ့ တိုက်ခိုက်နေချိန်မှာ လာပြီး သူတို့ရဲ့ အလစ်မှာ ဝင်ပြီး ဖမ်းချုပ်တာ ဒါက ကတိဖျက်တယ်လို့ ပြောလို့ မရဘူးလား"

ဆချွန်မင်၏ စကားကြောင့် သံလက်ဝါးမယ်တော်မှာ တွေဝေသွားသည်။



သံလက်ဝါးမယ်တော်မှာ နဂိုကတည်းက ဘဝင်မြင့်သူဖြစ်၍ တစ်ကြိမ်တစ်ခါမှ အများ၏ရှေ့မှောက်၌ ဤသို့ အပြစ်တင်ပြောဆိုခြင်း မခံရဘူးချေ။ ထို့ကြောင့် ဒေါသထွက်ပြီး အသံကျယ်စွာဖြင့်

"အေး ... မင်းတို့ပြောတာ အကုန်မှန်တယ်"

သူမသည် စကားကိုပြောပြီး အတွင်းအားကို စုစည်းလျက် ကိုယ်ကိုလှုပ်လိုက်ရုံမျှဖြင့် ဖွမ့်ကျင်က ညီအစ်ကိုနှစ်ယောက်သည် လွင့်ထွက်သွားပြီး ဆချွန်မင်၏ မျက်နှာပေါ်သို့ ဦးတည်သွား၏။

သံလက်ဝါးမယ်တော်၏ လက်ပစ်အားသည် အလွန်တရာမှ ကြောက်စရာကောင်း၏။ မသေသည့်တိုင်အောင် အပြင်းအထန် ဒဏ်ရာရစေနိုင်သည်။

ကံအားလျော်စွာ ဆချွန်မင်သည် ထိန်ချိုလုထုးသုံးယောက်ထံမှ စန်ယန်စင်ကုန် လက်ဝါးသိုင်းအတတ်ကို သင်ကြားတတ်မြောက်ထားသူဖြစ်၍ ၎င်း၏သိုင်းပညာ အရည်အချင်းမှာ ယခင်ကထက် များစွာ တိုးတက်နေပေပြီ။

ဖွမ့်ကျင်ကျို ညီအစ်အား လက်ဗွေလက်ဝါးသိုင်းကွက်ဖြင့် ရှောင်တိမ်းပြီး လှုပ်ရှားကာ ဖွမ့်ကျင်ကျို ညီအစ်ကိုနှစ်ယောက်၏ ကိုယ်ကို နောက်မှ လက်ဖြင့် ချိတ်ဆွဲလိုက်ရာ ညီအစ်ကိုနှစ်ယောက်၏ ခြေမျက်စိကိုဖမ်းပြီး ဝင်လာသော အရှိန်ကို လျော့ပေးလိုက်၏။ ၎င်းနောက်မှ အသာအယာ မြေပေါ်သို့ ချပေးလိုက်လေသည်။

သံလက်ဝါးမယ်တော်က မလိုတမာပြောလေ၏

www.burmeseclassic.com

www.burmeseclassic.com



"မင်းကလည်း အလာကြီးပဲ"

ဆစ္စျန်မင်အား လက်ညှိုးတိုးရင်း ...

"မင်းရဲ့ ညီတော်နှစ်ယောက်ကို အသက်ချမ်းသာပေးမယ်၊ မင်းတို့ခြောက်ယောက်နဲ့ လာပြီးယှဉ်ပြိုင်ဦးမယ်၊ မင်းတို့ အသင့်လုပ်ထား"

ဖွမ့်ကျင်ကျို ညီအစ်ကိုနှစ်ယောက် သည် သံလက်ဝါးမယ်တော်လက်မှ လွတ်မြောက်သွားသည်နှင့် တစ်ပြိုင်နက် ၎င်းတို့၏ ခွမ်းအားသည် ပြန်လည်ပေါ်ထွက်လာပြီး မြေပေါ်မှ ထခုန်၍ မတ်တတ်ရပ်လိုက်ကြသည်။

ဆစ္စျန်မင်သည် နောက်ပြန်လှည့်ပြီး မိမိ၏ ရဲဘော်များအား

"အမြန်လမ်းဖယ်ပေးလိုက်ပါ"

ရဲဘော်များသည် ဘေးနှစ်ဖက်သို့ ဆုတ်ပေး ိက်သည်။

လက်မောင်းပြတ်နေသော မန်ချူးစစ်ဗိုလ်အား မန်ချူးစစ်သည်များက ပြန်လည်ကယ်တင်သွားသည်။

ဖွင့်ကျင်ကျိုတို့ ညီအစ်ကိုသည် အံကြိတ်ထားလိုက်ပြီး သံလက်ဝါးအမယ်အိုက မန်ချူးကို ကူညီသည်ကို မကျေမနပ်ဖြစ်သွားသည်။

ဘယ်ညာနှစ်ဖက်မှ စစ်သည်များ လမ်းဖယ်ပေးသည်ကို တွေ့မြင်ရ၍ လေးလံသော ဝန်ထုပ်ဝန်ပိုးကြီး ကျသွားသည်။

ဘယ်ညာနှစ်ဖက်မှ စစ်သည်များအား ထိုးဖောက်တွက်နိုင်းသည်။



မန်ချူးစစ်သည်များသည် ဒီရေအလား အရှေ့ဘက်သို့ ထိုးသွားပြီး ဆစ္စျန်မင်တို့ လူအုပ်ကြားမှ ဖြတ်ထွက်သွားသည်။

အသီးသီး မြင်းပေါ်သို့ ခုန်တက်ကြပြီး ထွက်ပြေးသွားကြသည်။

အိလိနားသည် မိမိ၏ဆရာက မန်ချူးစစ်သည်များကို အကာအကွယ်ပေးပြီး လွှတ်ပေးလိုက်သည်ကို မကျေမချမ်းဖြစ်မိသည်။

သို့သော် သူမ မပြောတော့ချေ။

ပြောလိုက်သည်မှာ ဆစ္စျန်မင်ကိုတည်း။

"အစ်ကိုစျန်မင် ..."

ဆစ္စျန်မင် ကြည့်လိုက်ရာ ရွှေဝါရောင်ဆံကေသာကလေးများ ယခင်ကထိုက်ပို၍ ကျနေပြီး မြရောင်မျက်နှာပုံကလေးက သောကများနေပုံကို တွေ့မြင်ရသဖြင့် ဆစ္စျန်မင်သည် စိတ်ထိခိုက်ပြီး ပြောမိသည်။

"ညီမလေး ... ဒီနှစ်အတွင်းမှာ ညီမလေး ဘယ်ကိုရောက်နေသလဲ"

အိလိနားသည် စကားပြန်ပြောမည်ပြုစဉ် သံလက်ဝါးအမယ်အိုက ကြားဖြတ်ပြီး ဝင်ပြောလေ၏။

"တပည့်မလေး ... မင်းကို သူနဲ့ စကားပြောခွင့် မပေးဘူး"

အိလိနားသည် သံလက်ဝါးမယ်တော်၏ အော်သံကြောင့် ပြောမည့်စကားကို မပြောဘဲထားလိုက်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘိလက်ဝါးမယ်တော်က အေးစက်စွာ ရယ်မောပြီး ...

"ကလေးမ ... မင်းက သူ့ကို လူကောင်းများ ထင်နေသလား၊ ငါကိုယ်တိုင် သူ့ကို မန်ချူးစစ်စခန်းမှာ မန်ချူးဗိုလ်ချုပ် စောက်မော့ရဲ့ မယားငယ်နဲ့ လုံးလားထွေးလား လုပ်နေတာကို ငါတွေ့ခဲ့ရတယ်၊ အခု သူ့လက်ရှိချစ်သူက ရွှေလေးရှင် မင်းသမီးလေး၊ ကိတ်တိတ်ပုန်း ချစ်သူက ဟိုနန်မင်ကျူးဖြစ်တယ်၊ မင်းက ဆိတ်ကျောင်းတဲ့ သူလေး ... ဆချွန်မင်က မင်းကို စိတ်ကူးထဲတောင် ထည့်မှာမဟုတ်ဘူး"

အီလီနား ဘာလုပ်ရမှန်းမသိဘဲ ဖြစ်သွားသည်။

ထိုစဉ် သံလက်ဝါးမယ်တော်သည် မြင်းပေါ်သို့ ခုန်တက်လိုက်ပြီး အီလီနား၏ မြင်းဇက်ကြိုးကို ဆွဲကာ တစ်ခဏအတွင်း ပျောက်ကွယ်သွားတော့သည်။

ရွှေလေးရှင်မင်းသမီး၏ စီမံကွပ်ကဲမှုကြောင့် ဗိုလ်ချုပ်ဟုခန်းအန်း၏ မန်ချူးစစ်သည် ထက်ဝက်ခန့်ကို သုတ်သင်ရှင်းလင်းနိုင်ခဲ့၏။ ဦးခေါင်း နှစ်ထောင်ကျော်ကို ဖြတ်ခဲ့ပြီး ရန်သူ၏ စစ်မြင်း သုံးထောင်ခန့်ကို ရရှိလိုက်သည်။

ရွှေလေးရှင်မင်းသမီး၏ မူလစီမံချက်မှာ ဆချွန်မင်တို့ လူစုအား ဒုတိယတပ်ပုန်းအဖြစ် ထားရှိပြီး ဗိုလ်ချုပ်ဟုခန်းအန်းအား အရှင်ဖမ်းချုပ်ကြီး ဓားစာခံအဖြစ် ထားရှိရန်ဖြစ်၏။ မန်ချူးစစ်သည်များကို ချိန်းခြောက်ပြီး တိဘက်ပိုင်နက်ထဲက ဆုတ်ခွာစေရန် ဖြစ်သည်။



သို့ရာတွင် သံလက်ဝါးမယ်တော်၏ ရုတ်တရက် ဝင်ရောက်တိုက်ခိုက်ခြင်းကြောင့် အကြံအစည်မှာ ပျက်ပြားသွားရသည်။

ဗိုလ်ချုပ်ဟုခန်းအန်းသည် ကျန်သော စစ်သည်များနှင့်အတူ တိမ်းရှောင်သွားသည်။

ဆချွန်မင်သည် တပ်ရုပ်ပြီး လာဆာမြို့တော်သို့ ပြန်သွားရ၏။ ရွှေလေးရှင်မင်းသမီး ဦးဆောင်သော စစ်သည်များလည်း မြို့တွင်းသို့ ပြန်လည်ရောက်ရှိလာကြသည်။

ရွှေလေးရှင်မင်းသမီး၏ အကြံအစည်သည် လေးပုံပုံ သုံးပုံခန့် အောင်မြင်ခဲ့လေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၆)

## အပြိုင်အဆိုင် အနိုင်

ဆရွှန်မင်းက သူ့ဆရာအား ပြောကြား၏။

"ဆရာ ... ကြားထဲက သံလက်ဝါးမယ်တော် ဝင်နှောင့်တာပဲ"

သူသည် အကြောင်းအကုန်စင် ပြောပြလိုက်၏။

ဆရာကျိုချန်က ...

"သြော် ... ဒါကြောင့် ကူးချွေလျန်က ထိန်ချီရဲ့ မီးကာဓားနဲ့ သိုင်းစာအုပ် ရရှိသွားတာကိုး၊ လက်စသတ်တော့ အီလီနားက ဒီပစ္စည်းနှစ်မျိုးကို_သံလက်ဝါးမယ်တော်ရဲ့လက်ထဲကို အပ်လိုက်တာကိုး"

ဆရွှန်မင်းက ...

"ဒီကိစ္စ ဖြစ်လိမ့်မည်လို့ တပည့် မခန့်မှန်းမိပါဘူး၊ ဒါပေမယ့် ကိစ္စကတော့ ဖြစ်သွားပြီးပြီမို့ နောင်တရလို့လည်း အချိန်က နှောင်း



သွားပါပြီ၊ ဒီအဘွားအိုက ဆယ်ရက်လောက်အတွင်းမှာ နောက်တစ်ခေါက်လာပြီး ကျွန်တော်တို့နဲ့ ပညာပြိုင်ဦးမယ်လို့ ပြောတယ်၊ ကျွန်တော်တို့ ခြောက်ယောက်က ပိုက်ယုံကုမှာတုန်းက ခုခံတိုက်ခိုက်သလို သူနဲ့ ရင်ဆိုင်တိုက်ခိုက်ကြမယ် ..."

မုံစီလွှင်က ...

"သူဆိုလိုတဲ့ စကားရဲ့ အဓိပ္ပာယ်က မန်ချူးစစ်သည်ကို ခေါ်ဆောင်လာပြီး လာဆာမြို့တော်ကို တိုက်ခိုက်မှာ၊ ဒီအဘွားအိုကြီးက တစ်ယောက်တည်း ဒီလိုအစောင့်အကြပ်များပြီး မြင့်မားမတ်စောက်တဲ့ မြို့တော်ကို ဘယ်တော့မှ မလာရဲပါဘူး"

ဆရွှန်မင်းမှာ လန့်သွားမိ၏။

"ညီမရဲ့ စကားအရပြောရရင် သံလက်ဝါး မယ်တော်က မန်ချူးရဲ့ လက်ပါးစေဖြစ်သွားပြီပေါ့၊ သူ့ရဲ့ကိုယ်ရေးကိုယ်တာ ကိစ္စလေးတစ်ခုကြောင့် မန်ချူးစစ်သည်များဘက်က ဝင်ရောက်ကူညီတယ်ဆိုတဲ့ သဘောလား"

ထိုအခါ အဝါရောင် လားမားတစ်ယောက် အပြင်ဘက်မှဝင်လာပြီး ...

"တရားသူကြီးမင်းက အမိန့်တော်ချမှတ်လိုက်ပါတယ်၊ အားလုံး နန်းတော်ကို ကြရောက်ကြပါရန် ဖိတ်ကြားလိုက်ပါတယ်၊ အားလုံး နန်းတော်ကို ကြွကြပါ"

ဆရာကျိုချန်တို့ လူသိုက်သည် သံလက်ဝါးမယ်တော်၏ ကိစ္စကို ရပ်လိုက်ပြီး အဝါရောင် လားမားနောက်သို့ လိုက်သွားကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ပုတပ်လာနန်းတော်သို့ ရောက်ကြသောအခါ ...

တရားသူကြီးမင်း တပ်လိုက်လားမားက ဘေးအဆောင်မှနေပြီး ဆရာကျိုချန်တို့ လူစုအား ကြိုဆို၏။

တရားသူကြီးမင်းနှင့်အတူ ရပ်နေသူများမှာ ဝန်မင်း ထော်ပါရန်နှင့် ဟူရင်ခက်တူ ဖြစ်သည်။

တရားသူကြီးမင်း တပ်လိုက်လားမား ရှေ့ဦးစွာ ရွှေလေးရှင်မင်းသမီးလေးကို ချီးကျူးကြ၏။

မုံစီလွန်က မိမိကိုယ်ကို နှိမ့်ချပြီး ပြန်ပြော၏။

ရုတ်တရက် တရားသူကြီးမင်း တပ်လိုက်လားမားက ...

"ကျုပ်တို့ ဒီတစ်ခါ ရန်သူစစ်သည် သုံးလေးထောင်ကို သုတ်သင်နိုင်ခဲ့ပေမယ့် ဗိုလ်ချုပ်ဟုခန်းအန်းက တိဘက်ပြည်ကို တိုက်ခိုက်မယ် စစ်သည်အင်အားက သုံးသိန်းထက်မနည်းဘူး၊ စစ်သည်သုံးလေးထောင် ဆုံးရှုံးပေမယ့် သူတို့အဖို့မှာ နွားကိုးကောင်က အမွေးတစ်ပင် နုတ်ယူသလိုဖြစ်နေပါတယ်၊ အကယ်၍ ဗိုလ်ချုပ်ဟုခန်းအန်းက မြို့တော်ကို နောက်တစ်ချီ တပ်မကြီးကို ချီပြီး တိုက်ခိုက်လာပါရင် ကျုပ်တို့ ဘယ်လိုရင်ဆိုင်ကြမလဲ၊ ခင်ဗျားတို့ အကြံပေးကြပါ"

ဆချွန်မင်က မည်သို့မျှ စဉ်းစားမနေဘဲ ...

"တရားသူကြီးမင်း ... ကျွန်တော်တို့ ဒီကနေ့ရဲ့ အခြေအနေက မလုပ်ရင် မဖြစ်တော့တဲ့ အခြေအနေ ကျရောက်နေပါပြီ၊ ဒီတော့ ကျွန်တော်တို့ နီပေါနိုင်ငံနဲ့ ပူးပေါင်းပြီး မန်ချူးကို တိုက်ခိုက်ဖို့ကောင်းတယ်၊ မန်ချူးရဲ့ စစ်သည်အင်အားက ကြီးမားပေမယ့် ကျွန်တော်တို့က စည်းလုံးညီညွတ်စွာဖြင့် တိုက်ခိုက်ရင် ကြောက်ရွံ့စရာ မလိုပါဘူး"



ဆချွန်မင်သည် သူ၏စကားများကို တရားသူကြီးမင်းက နှစ်သက်လိမ့်မည်ဟု ထင်နေသော်လည်း လက်တွေ့မှာ တလွဲစီ ဖြစ်နေလေ၏။

တရားသူကြီးမင်းနှင့် ဝန်ကြီးနှစ်ပါးစလုံးမှာ မျက်နှာ၌ ဒေါသရောင် သန်းနေကြ၏။

မုံစီလွန်က ဘေးမှကြည့်နေရာမှ အခြေအနေ မဟန်မှန်းချက် ချင်းသိလိုက်လေပြီ။

အမှန်စင်စစ်က ...

"တိဘက်ပြည်နှင့် နီပေါပြည်တို့သည် ကမ္ဘာ့ရန်ပင် ဖြစ်ခဲ့ကြ၏။

လွန်ခဲ့သော နှစ်ပေါင်းများစွာက နီပေါလူမျိုးတို့သည် တိဘက်ပြည်ထဲသို့ ဝင်ပြီး ရိက္ခာများ၊ လှံနှင့် တိရစ္ဆာန်တို့ကို လုယက်ယူကြ၏။

ဆချွန်မင်က ဤအကြောင်းရင်းကို မသိ၊ မိမိပြောလိုရာကို ပြောချလိုက်ခြင်းဖြစ်သည်။

တရားသူကြီးမင်းက အဘယ်မှာ မျက်နှာသာနိုင်ပါမည်နည်း။

ဖွမ့်ကုံတပ်က ဤအကြောင်းကို မသိဘဲ ကြားဖြတ်ပြီး ဝင်ပြောလိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အကယ်၍ တိဘက်မရှိရင်လည်း နီပေါပြည် မရှိတာနဲ့ အတူတူပါပဲ၊ တရားသူကြီးမင်းက တမန်တော်လွှတ်ပြီး နီပေါဘုရင်နဲ့ ပူးပေါင်းပြီး မန်ချူးစစ်သည်များကို တိုက်မှသာလျှင် အကောင်းဆုံး နည်းလမ်းဖြစ်ပါတယ်"

ဝန်မင်း တော်ပါရန်က ...

"မဖြစ်နိုင်တာတွေကို လျှောက်ပြောမနေနဲ့ နီပေါနိုင်ငံက ကျုပ်တို့နဲ့ မဟာရန်သူဖြစ်တယ်၊ နှစ်ပေါင်း သုံးလေးဆယ်အတွင်းမှာ အကြိမ်ကြိမ် ကျုပ်တို့ပြည်ထဲဝင်ပြီး ရိက္ခာပေါင်းများစွာကို လုယူခဲ့တယ်၊ တရားသူကြီးမင်းရဲ့ ပြည်သူပြည်သားတွေကို အမြောက်အများ သတ်ဖြတ်ပစ်တယ်၊ ဒါကြောင့် တရားသူကြီးလမင်းက တမန်စေလွှတ်ပြီး အဆက်အသွယ် ဘယ်လုပ်နိုင်းပါ့မလဲ"

အထက်ပါစကားကို ပြောဆိုလိုက်သောအခါ ဆရာကျိုချန်တို့ ဆရာတပည့်မှာ သဘောပေါက်နားလည်သွားကြလေတော့သည်။

တိဘက်ပြည်နှင့် နီပေါပြည်တို့သည် ရှေးအဆက်ဆက်ကတည်းက ရန်သူဖြစ်ကြ၏။

ထို့ကြောင့် မန်ချူးစစ်သည်များ နီပေါပြည်ကို သိမ်းပိုက်ရန်အတွက် ဗိုလ်ချုပ်ဟုခန်းအန်းက တမန်လွှတ်ပြီး တိဘက်ပြည်မှ ဖြတ်ကျော်ခွင့် တောင်းဆိုလာသည်ကို တရားသူကြီးမင်း တပ်လိုက်လားမားက ချက်ချင်း သဘောတူလိုက်ခြင်း ဖြစ်သည်။

သို့ရာတွင် မန်ချူးတပ်များက မရိုးဖြောင့်ခဲ့ပေ။



တရားသူကြီးမင်း၏ လိုအင်ဆန္ဒကို ပြောဆိုရသော် မန်ချူးစစ်သည်များနှင့် ရန်ငြိုးမဖွဲ့လိုပေ။

ဗိုလ်ချုပ်ဟုခန်းအန်း၏ စစ်သည်များ ဖြတ်ကျော်သောအခါ တိဘက်ပြည်မှ မြက်တစ်ပင်၊ သစ်တစ်ချောင်း၊ တိဘက်၏ စစ်ရိက္ခာ ပေးခြင်းတို့ကို မပြုပါက ၎င်းတို့အား ဖြတ်သန်းသွားလာခွင့် ပြုနိုင်သည်။

ဤအခြေအနေကို ရွှေလေးရှင်မင်းသမီးက ပထမဦးဆုံး ရိပ်စားမိလိုက်လေ၏။

ထို့ကြောင့် ...

"တရားသူကြီးမင်းရဲ့ သဘောက မနေ့ညက တိုက်ခိုက်ခဲ့တဲ့ တိုက်ပွဲဟာ တိုက်ခိုက်ဖို့မသင့်ဘူးပေါ့၊ ကျွန်မတို့က မန်ချူးကို ပြန်ပြီး တောင်းပန်ရမှာလား၊ ဟုတ်တယ်မဟုတ်လား"

သူမ၏ စကားကို ကြားသောအခါ လူငယ်တရားသူကြီးမင်း တပ်လိုက်လားမား၏ မျက်နှာမှာ ပြုံးလာပြီး ...

"ကျုပ်တို့က မန်ချူးတွေကို ကြောက်လည်းမကြောက်ပါဘူး၊ တိုက်လည်း မတိုက်ချင်ဘူး၊ တဖက်လူက မကောင်းစိတ်ကြံရင် ကျုပ်တို့က ၎င်းတို့ကို တိဘက်ပြည်က ဖြတ်သန်းသွားခွင့် မပေးဦးမှာပါ၊ ငြိမ်းချမ်းစွာ နေထိုင်ခြင်းဟာ အကောင်းဆုံးပါ၊ မန်ချူးဟာ နိုင်ငံက နိုင်ငံကြီးဖြစ်တယ်၊ ကျုပ်တို့ တိဘက်ပြည်က သူတို့နဲ့ ယှဉ်လိုက်ရင် မယှဉ်သာအောင် အလွန်သေးငယ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဆရာကျိုချန်တို့ ဆရာတပည့်သည် တရားသူကြီးမင်း တပ်လိုက်လားမားက မန်ချူးများကို ဤမျှကြောက်ရွံ့နေလိမ့်မည်ဟု မထင်မိခဲ့ပေ။ ဒေါသထွက်လွန်း၍ စကားပင် မပြောနိုင်တော့ပေ။

ဤသို့ တိတ်ဆိတ်စွာ ရှိနေစဉ် ...

ရုတ်တရက် ပုတပ်လား နန်းတော်အလယ်မှ ရွှေခေါင်းလောင်းကြီးက ...

"ဒေါင် ... ဒေါင် ... ဒေါင် ..."

တစ်ဆက်တည်း အချက်ပေါင်း သုံးဆယ်ကျော် တီးခေါက်လိုက်လေ၏။

တရားသူကြီးမင်း တပ်လိုက်လားမားသည် ရုတ်ခြည်းပင် မျက်နှာပျက်သွားလေ၏။

ဝန်မင်းနှစ်ပါးက ကတိုက်ကရိုက် ပြေးထွက်သွားကြလေ၏။

တစ်ခဏအကြာတွင် ဝန်မင်းများ ပြန်လာ၍ရောက်ရှိလာ၏။

"တရားသူကြီးမင်းအား လျှောက်ထားအပ်ပါတယ်၊ မန်ချူးစစ်သည်များဟာ လာဆာမြို့တော်ကို တိုက်ခိုက်ဖို့ လာနေပါတယ်ဘုရား၊ မြို့တော်နဲ့ ဆယ်မိုင်အကွာသို့ ရောက်ရှိနေပါတယ်"

တရားသူကြီးမင်းသည် အမျက်ထွက်ပြီး အမိန့်ချမှတ်လိုက်လေတော့သည်။

"အတော် လူပါးဝတဲ့ကောင်တွေ၊ ဗိုလ်ချုပ်ဟုခန်းအန်းက ခေါင်းမာနေတုန်းပဲလား၊ ဒီလိုပဲ မြို့တော်ကို အတိအလင်း တိုက်ခိုက်လာသလား၊ တစ်ယောက်မကျန် တိုက်ခိုက်ဖို့ အသင့်ဖြစ်စေရမယ်"



ဆရာကျိုချန်တို့ကိုလည်း အမိန့်ပေးသည်။

"ဆရာတို့ မြို့တော်ကို ပြန်သွားကြပါ၊ ဆရာတို့ကို အများကြီး အားကိုးအားထား ပြုပါတယ်"

မုံစီလွှန်သည် ပါးစပ်ဟပြီး စကားပြန်ပြောမည် ပြုစဉ် တရားသူကြီးမင်းက ထွက်သွားပြီဖြစ်၍ ၎င်းတို့လည်း ပုတပ်လားနန်းတော်မှ ထွက်ခွာခဲ့ကြသည်။ လာဆာမြို့တော်သို့ ပြန်ကာ ရင်ဆိုင်တိုက်ခိုက်ရန် ပြင်ဆင်မှု ပြုလုပ်နေ၏။

ဗိုလ်ချုပ်ဟုခန်းအန်းသည် မနေ့ညနေက လာဆာမြို့တော်ကို ရှောင်တခင် ဝင်ရောက်တိုက်ခိုက်ရာ ရှုံးနိမ့်သွားခဲ့၏။

အဘယ်ကြောင့် ဤမျှမြန်ဆန်စွာ ပြန်လည်တိုက်ခိုက်လာနိုင်သနည်း။

အမှန်မှာ ...

ဗိုလ်ချုပ်ဟုခန်းအန်းသည် အန္တရာယ်စက်ကွင်းမှ လွတ်ကင်းသွားပြီး ကျန်မြင်းစီးစစ်သည်များနှင့် တစ်စခန်းသို့ တပ်စခန်းသို့ ပြန်သွားသည်။

မြင်းစစ်သည် စာရင်းကို ကြည့်ရာ စစ်သည် ရှစ်ထောင်မှ လေးထောင်ခန့်သာ ကျန်တော့၏။

လာ်ဆာမြို့သို့ ကြိုတင်ရောက်နေသော စစ်သည်များမှာလည်း ရန်သူ့လက်တွင်းသို့ ကျရောက်နေလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ဟုအခန်းလန်း လမ်းမှားသည့် အကြံအစည်သည် မအောင်မြင်သည့်အပြင် လက်ရွေးစင် မြင်းစစ်သည် လေးထောင်ကျော် ဆုံးရှုံးခဲ့၏။

ဗိုလ်ချုပ် ဟုခန်းအန်း ရုံးခန်းထဲ၌ ဦးနှောက်ခြောက်နေချိန်တွင် ...

ရုတ်တရက် အပြင်ဘက်က စစ်သည်တစ်ဦး သတင်းပို့လာလေသည်။

"ဗိုလ်ချုပ်ကြီးအား သတင်းပို့ပါတယ်၊ အပြင်ဘက်မှာ အလွန်အရုပ်ဆိုးသော အဘွားအိုတစ်ယောက်နဲ့ မိန်းမပျိုကလေး ဘစ်ယောက်က တွေ့ခွင့်တောင်းနေပါတယ်"

ဗိုလ်ချုပ်ကြီး ဟုခန်းအန်းသည် အကြီးအကျယ် ဝမ်းမြောက်သွားပြီး ပြန်ပြောလိုက်၏။

"ဒါဆို ... သံလက်ဝါးမယ်တော် ဖြစ်ရမယ်၊ ဟိုနေ့ညက သူသာ အချိန်မီ ဝင်ရောက်အကူအညီပေးမှု မရှိရင် အန္တရာယ်ကို မတွေးရဲတော့ဘူး၊ ငေါ့ကျင်ဟုန် ခင်ဗျား အပြင်ထွက်ပြီး သူ့ကို သွားပြီး ကြိုဆိုလိုက်ပါ၊ ဒီလို လူထူးလူဆန်းမျိုးကို နည်းနည်းမှ သတိလစ်ဟင်းလို့ မဖြစ်ဘူး"

ငေါ့ကျင်ဟုန်သည် မလွဲမရှောင်သာ၍ အပြင်ဘက်သို့ ထွက်ပြီး ကန်းချွေလျန်နှင့် အီလိနားတို့ကို ကြိုဆိုပြီး ရုံးခန်းအတွင်းသို့ ခေါ်ဆောင်လာခဲ့သည်။



သံလက်ဝါးမယ်တော်၏ အရုပ်ဆိုးသောမျက်နှာကို တွေ့မြင်လိုက်ရသောအခါ ကိုယ်ရံတော် တပ်သားများမှာ ကျောချမ်းလာမိကြသည်။

နောက်ထပ်တစ်ဖန် ကြည့်ရန် မည်သူမျှ ဆန္ဒမရှိတော့ဘဲ ဦးခေါင်းကို ဝဲစ်ဖက်သို့ လှည့်ထားလိုက်ကြလေ၏။

ဟုခန်းအန်းက ကိုယ်ရံတော်များအား သံလက်ဝါးမယ်တော် ဆရာတပည့်အတွက် နေရာထိုင်ခင်း ပေးခိုင်း၏။

၎င်းတို့အား ထိုင်စေပြီးနောက် ...

"ကျုပ်က ဘုရင်မင်းမြတ်ရဲ့ အမိန့်အရ စစ်တပ်ကို အနောက်ဘက်သို့ ချီတတ်နေတာပါ၊ မမျှော်လင့်ဘဲ လမ်းခုလတ်မှာ တပ်ပုန်းနဲ့တိုးပြီး ဝိုင်းရံခံရခြင်း ဖြစ်ပါတယ်၊ ခင်ဗျားရဲ့ အကူအညီပေးမှုကြောင့် အန္တရာယ်မှ လွတ်မြောက်ခဲ့ရတဲ့အကြောင်းကို ဘုရင်မင်းမြတ်အား တင်ပြပေးပါ့မယ်"

သံလက်ဝါးမယ်တော်က လက်ခါပြပြီး အေးစက်စွာဖြင့် ...

"ကျွန်မ အရာရှိ မလုပ်ချင်ပါဘူး၊ ဒီတစ်ခါ အကူအညီပေးခဲ့တာက ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စကြောင့် ဖြစ်ပါတယ်၊ ဘုရင်မင်းမြတ်ရဲ့ ဆုလာဘ်ရဖို့ မျှော်ကိုးတာ မဟုတ်ပါဘူး၊ ကျွန်မတို့ ဆရာတပည့် နှစ်ယောက်က ရှင်တို့ တပ်စခန်းထဲမှာ အထူးဧည့်သည်တော်အဖြစ် နေမယ်၊ သွားချင်တဲ့အခါ သွားမယ်၊ လာချင်တဲ့အချိန် လာမယ်၊ ဘာပြုလို့လဲဆိုတော့ ကျွန်မတို့မှာ ...နေမသား

www.burmeseclassic.com

www.burmeseclassic.com



တွေ ဖြစ်နေလို့ ကျွန်မတို့အတွက် သီးသန့် တဲတစ်လုံး လုပ်ပေးနိုင်ပါ့မလား"

ဗိုလ်ချုပ် ဟုခန်းအန်းက ကပျာကယာပြန်၍ ...

"ရပါတယ် ... ရပါတယ် ... ရှေ့ပြေးအရာရှိ၊ ခင်ဗျား အခုပဲ အမိန့်ချပြီး တပ်မတော်သားတွေ အားလုံး လာဆာမြို့တော်ကို တိုက်နိုက်ဖို့ အမိန့်ပေးလိုက်ပါ"

ငေါ့ကျင်ဟုန်သည် လန့်သွားပြီး တင်ပြလိုက်လေ၏။

"ဗိုလ်ချုပ်ကြီး ... ကျုပ်တို့က ရှုံးနိမ့်ပြီး ပြန်လာတာပါ၊ နှစ်ရက်လောက်တော့ အနားယူဖို့ သင့်ပါတယ်"

ငေါ့ကျင်ဟန် စိတ်ရင်းစေတနာကား ရွှေလေးရှင် မင်းသမီးကလေးတို့သည် အောင်ပွဲရပြီး ဝမ်းမြောက်နေချိန်တွင် ကြိုတင်ပြင်ဆင်မှု မရှိမည်ကို စိုးရိမ်သဖြင့် ဆင်ခြေပေးကာ ဟုခန်းအန်းအား ချက်ချင်း လာဆာမြို့တော်ကို မတိုက်နိုက်ပါတန် တားမြစ်ပြောဆိုခြင်း ဖြစ်သည်။

ဟုခန်းအန်းက စိတ်ဆိုးသွားသည်။

"ခင်ဗျားဟာ ရှေ့ပြေး အရာရှိကြီးတစ်ယောက် ဖြစ်ပါတယ်၊ ဘာဖြစ်လို့ ဒီလောက် သတ္တိကြောင်ရတာလဲ၊ ကျုပ်တို့ဆီမှာ တပ်သား သုံးသိန်း ရှိတယ်၊ ဒီအပြင် ဒီအဘွားအိုလည်း ဝင်ရောက်အကူအညီ ပေးဦးမယ်ဆိုတော့ ဒီ လာဆာမြို့တော်ကို ဖြိုခွင်းလို့ မရနိုင်ဘူးလား၊ နောက်တစ်ရက်နှစ်ရက် စောင့်ဖို့ မလိုပါဘူး"



ငေါ့ကျင်ဟုန်သည် မည်သို့မျှ ပြန်လည် မပြောတော့ဘဲ ရုံးခန်းမှ ထွက်ခွာပြီး အမိန့်တော် ချမှတ်လိုက်သည်။

မကြာမီ ခရာမှုတ်သံများ ကြားရပြီး မြင်းစစ်သည်များသည် သံကန္တရကို ဖြတ်ကျော်၍ စိမ်းနိုသော မြက်ခင်းလွင်ပြင်ကို ကျော်ကာ လာဆာမြို့တော်သို့ ဦးတည် ချီတတ်လာလေတော့၏။

တိဘက်စစ်သည်တော်များသည် လာဆာမြို့ပြင်၌ ကင်းစခန်း မြောက်မြားစွာ ချထားသည်။

ရာလူးကျွမ်းပုချောင်းမှ လာဆာမြို့တော်အထိ မိုင်ပေါင်း တစ်ရာကျော်အတွင်းမှာ မွေးမြူရေးအုပ်စုနှင့် လားမားများ ရှိ၏။

၎င်းတို့က မန်ချူးစစ်သည်များ ချီတတ်လာသည်ကို တွေ့မြင်ရသောအခါ အနီးအနားရှိ ကင်းစခန်းကို သတင်းပေးသည်။

ထိုမှတစ်ဆင့် ပုတပ်လာ နန်းတော်သို့ သတင်းရောက်သွားလေ၏။ နန်းတော်အတွင်းရှိ လားမားများက ရွှေခေါင်းလောင်းကို တီးပြီး သတိပေးလိုက်ကြသည်။

ဟုခန်းအန်း၏ တပ်မတော်သည် စီးကျနေသော တောင်ကျရေပမာ နေမွန်းမတည့်မီ အချိန်တွင်ပင် လာဆာမြို့တော်၏ အပြင်ဘက်သို့ ရောက်ရှိလာကြသည်။

လာဆာမြို့တော်ကို အထပ်ထပ် ဝိုင်းရံထားလိုက်၏။ စင်စစ်ရှိ ပုတပ်လာနန်းတော်ကိုမူ ဝိုင်းရံခြင်း မပြုသေးပေ။ တရားသူကြီးမင်း တပ်လိုက်လားမားအား ရိုသေလေးစားသည့် အခြေအနေမျိုး လုပ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

ထိုအချိန်တွင် တရားသူကြီးမင်း တပ်လိုက်လားမားသည် စင်စန်းပုတပ်လာ နန်းတော်၌ မရှိဘဲ လာဆာမြို့တော်၏ ကျူပေါ် ဘုရားကျောင်းသို့ ရောက်နှင့်နေသည်။

သက်တော်ရှည် ဝန်ကြီးနှစ်ပါးက ဦးဆောင်တိုက်ပွဲကို ညွှန်ကြားနေ၏။

ဆချွန်မင်းနှင့် ရွှေလေးရှင် မင်းသမီးတို့လည်း စစ်ဝတ်စုံများ ဝတ်ဆင်ထားကာ မြို့ရိုးပေါ်သို့ ခုန်တက်လိုက်ပြီး ဝိုင်းဝန်းစောင့်ရှောက်ပေး၏။

လာဆာမြို့၏ မြို့ရိုးက တောင်ကိုမှီပြီး ဆောက်ထားခြင်းဖြစ်သည်။ တောင်ပေါ်မှ တောင်အောက်အထိ ပေပေါင်း လေးငါးခြောက်ဆယ်ခန့် ရှိသည်။

တိဘက် စစ်သည်များက မြို့ရိုးပေါ်၌ ဇလုံများ စီထားသည့်ပမာ အလွှန်များပြား၏။ အကယ်၍ ဤအနေအထားကို ကြည့်ပါက မန်ချူးစစ်သည်များ အဆပေါင်း ဆယ်ဆရှိသည့်တိုင်အောင် မြို့တော်၏ ခြေရင်းကို ရောက်နိုင်မည် မဟုတ်ပေ။

ဟုခန်းအန်း၏ တပ်မတော်သည် လာဆာမြို့တော်ကို ဝိုင်းရံထားပြီးနောက် ချက်ချင်း မြို့တော်ကို မတိုက်သေးပေ။ မြို့ပြင်၌ စခန်းချရုံသာ ရှိ၏။

နေဝင်ချိန် ရောက်သောအခါ မန်ချူးစစ်စခန်းထဲမှ တပ်



တစ်တပ် ထွက်လာပြီး မြို့ရိုးအနားသို့ ချဉ်းကပ်လာ၏။ ၎င်းတို့မှာ မြင်းစီးစစ်သည်များ ဖြစ်သည်။

ထို မြင်းစီး စစ်သည်များသည် မြို့ရိုးကို တိုက်ခိုက်ရန်လာ သည်မဟုတ်ဘဲ မြင်းပေါ်ကနေ စွန်လွှတ်နေ၏။

၎င်းတို့ လွှတ်နေသော စွန်များမှာ ကလေးများ ကစားသော စွန်များ မဟုတ်ဘဲ အထူးတလည် စီမံပြုလုပ်ထားသော စွန်ကြီးများ ဖြစ်၏။

စွန်များ၏ လုပ်ပုံကိုင်ပုံက ဝိုးဖဲများကို စက္ကူအစားသုံးပြီး ဝါးများဖြင့် တိုင်းလုပ်ကြ၏။ အမြီးဘက်၌ ချူကလေးတစ်လုံးချည်ထားသည်။

စွန်ကို ကောင်းကင်ပေါ်သို့ တင်လိုက်သောအခါ ချူကလေးက အသံမြည်နေ၏။ မန်ချူးစစ်သည်များသည် စွန်အကောင် တစ်ရာခန့် လွှတ်တင်လိုက်သည်။

မိုးကောင်းကင် တစ်ခုလုံး ရောင်စုံစွန်များဖြင့် ပြည့်နှက်၍နေလေ၏။ မြို့ရိုးပေါ်မှ တိဘက်စစ်သည်များသည် ငေးမောပြီး ကြည့်ကြသည်။

မန်ချူးစစ်သည်များက စွန်များ စတင်လွှတ်လိုက်သည်နှင့် ဆချွန်မင်က မုံစီလွှန်အား ...

"ညီမ ... မန်ချူးတွေ မြို့ပြင်အောက်ဘက်မှာ စွန်လွှတ်နေကြတယ်လေ၊ ဒါ သူတို့က ဘာပညာပြဦးမှာလဲ ..."

www.burmeseclassic.com

www.burmeseclassic.com



အစ်ကို ချွန်မင်ကြည့်စမ်းပါဦး၊ စွန်ပေါ်မှာ စာလုံးတွေ ရေးထားတယ်"

ဆချွန်မင်က ဦးခေါင်းကို မော့ကြည့်လိုက်သောအခါ စွန်များပေါ်၌ တီဘက်စာလုံးပေါင်းများစွာ ရေးထား၏။

ထိုသို့ သံသယဖြစ်နေချိန်တွင် ထိုစွန်ကြီးများသည် ပေပေါင်းသုံးလေးဆယ် အမြင့်ဆီသို့ ရောက်သွားလေ၏။

မြို့ရိုးကို ကျော်လွန်သွားပြီးနောက် စွန်ကြီးများပြတ်ကာ မြေပေါ်သို့ ကျလာ၏။ ကျန်စွန်များလည်း ထိုနည်းအတိုင်း မြေပေါ်သို့ ကျလာ၏။

မုံစီလွန်အား တစ်ချက်အော်ပြီး ပြောလိုက်၏။

"အလို ... မန်ချူးစစ်သည်တွေက မြို့တော်ကို စာပေးနေတာကိုး ..."

အမှန်တကယ်ပင် ထင်နေသည့်အတိုင်း ဖြစ်သည်။

ဗိုလ်ချုပ် ဟုခ်အန်းသည် လူလွှတ်ပြီး စွန်များကို လွှတ်နိုင်းခြင်း၏ ရည်ရွယ်ချက်မှာ လာဆာမြို့တော်ကို စာပို့ခြင်း ဖြစ်သည်။

မန်ချူးစစ်သည်များက စွန်များပေါ်တွင် ဘများ ရေးသားပြီး လေအားဖြင့် စွန်များလွှင့်တင်ပြီး နောက်မှ စွန်ကြိုးကို ဖြတ်ကာ စွန်များကို လာဆာမြို့တော်သို့ ကျရောက်စေသည်။

သို့သော် ...

ကောင်းကင်လေက အလွန်ပြင်းထန်၍ လူနေရပ်ကွက်အတွင်းသို့ ကျရောက်သွားပြီး အရပ်သားများ ကောက်ယူသွားကုန်၏။



စွန်ကို ကြည့်လိုက်သောအခါ မန်ချူးဗိုလ်ချုပ် ဟုခန်းအန်းက တရားသူကြီးမင်း တပ်လိုက်လားမားအား ပေးသော ရာဇသံဖြစ်သည်။

ရာဇသံ၏ ဆိုလိုချက်မှာ ...

ယနေ့ မိုးမချုပ်မီ အချိန်မှာ ဆရာကိုချက်နှင့် ရွှေလေးရှင်မင်းသမီးလေးတို့ ဟန်လူမျိုးတစ်စုကို ချုပ်နှောင်ပြီး ဆက်သပေးရမည်။ ၎င်းအပြင် မန်ချူးတပ်မတော်အတွက် ရိက္ခာ ဆန်တင်းသုံးသိန်း၊ နွား မြင်း တစ်သောင်းပို့ရမည်။ မနက်ဖြန် မိုးသောက်ချိန်အထိ စကားမပြန်ပါက ၎င်းတို့မြို့တော်ကို တိုက်ခိုက်ရလိမ့်မည်။

ထိုစွန်များ တပ်လိုက်လားမားထံသို့ ရောက်သွားသောအခါ တရားမင်း တပ်လိုက်လားမားသည် ရာဇမာန်ပွားလေတော့၏။

"ဒီ ဟုခန်းအန်းဟာ ပထမဆုံး ကတိဖျက်ပြီး မြို့တော်ကို တိတ်တဆိတ် တိုက်ခိုက်လာတယ်၊ နောက်ပြီး ကျုပ်တို့က သူ့ကို နွားမြင်း ရိက္ခာကို ဆက်သရမယ်တဲ့၊ အတော် လူပါးဝတဲ့ကောင်၊ သူ့ကို ဂရုစိုက်စရာ မလိုဘူး၊ ဒီစွန်တွေကိုယူပြီး မီးရှို့ပစ်လိုက်တော့"

ဤနည်းဖြင့် တစ်ဖက်နှင့်တစ်ဖက် ပိုမို၍ တင်းမာလာ၏။

မတိုက်ခိုက်လျှင်မဖြစ် လုံးဝ မဖြစ်နိုင်သည့် အခြေသို့ ကျရောက်သွားသည်။

နောက်တစ်နေ့ မိုးသောက်ချိန်တွင် မန်ချူးစစ်သည်များ စစ်ရေးများမှုတ်ပြီး အရပ်ရှစ်မျက်နှာမှစပြီး ချီတက်လာကာ မြို့တော်ဆီများသို့ ချဉ်းကပ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



လာဆာမြို့တွင်းရှိ တောင်ပေါ်သို့ တက်လာပါက လေးမြီးများဖြင့်လည်းကောင်း၊ သစ်သားကိုမွေ့၊ ကျောက်တုံးများဖြင့်လည်းကောင်း လိုမ့်ချမည် ဖြစ်သည်။

သို့သော် မန်ချူးစစ်သင်များသည် မိုးမျှော်လှေကားကြီးတစ်ခု တွန်းထုတ်လာကြ၏။ ထို မိုးမျှော်လှေခါးကြီး၏ အမြင့်မှာ ပေတစ်ရာကျော်ရှိ၏။ မြင်းလေးကောင်ဆွဲပြီး မြို့ရိုးအောက်သို့ ရောက်သောအခါ လှေခါးကို ထောင်ထားလိုက်၏။ လှေခါးထိပ်တွင် ပိန်ပိန်သေးသေး အကျီအနက်ရောင် ဝတ်ဆင်ထားသော အရုပ်ဆိုးလှသည့် အဘွားအိုတစ်ယောက် ရပ်နေသည်။

ထိုသူသည် သံလက်ဝါးမယ်တော် ဖြစ်သည်။

ဆချွန်မင် ထိတ်လန့်သွားလေ၏။ သူက မုံစီလွန်အား ...

"ညီမ ဒီအဘွားအိုက အရင်မြို့တော်ကို လာတိုက်နေတယ်"

မုံစီလွန်နှင့် သံလက်ဝါးမယ်တော်သည် ပေသုံးဆယ်ကျော် အမြင့်ရှိသော လှေခါးထက်၌ မတ်တတ်ရပ်နေ၏။ တုန်လှုပ်ခြင်း မရှိဘဲ ကျောက်ရုပ်ပမာ ငြိမ်သက်နေ၏။ ၎င်း၏ ကိုယ်ဟောသိုင်း ပညာရပ်သည် မည်သည့်အဆင့်အတန်းသို့ ရောက်နေသည်ကို သိရှိနိုင်သည်။

သံလက်ဝါးမယ်တော်သည် လှေခါးပေါ်မှ ရပ်လျက် အသံခပ်ကျယ်ကျယ်ဖြင့် ...

"ဆချွန်မင်နဲ့ မုံစီလွန်တို့ ငါလာပြီ၊ မင်းတို့လူတွေကို အပြင်ထွက်လာပြီး အသေခံဖို့ လာနိုင်းလိုက်ပါ"



စကားသံ မဆုံးမီ သံလက်ဝါးမယ်တော်သည် လှေခါးထိပ်မှ ငှက်များကောင်းကင်သို့ ပျံတတ်သကဲ့သို့ ထိုးတက်သွားသည်။

လာဆာမြို့ရိုး၏ အမြင့်မှာ ပေ(၅၀)ခန့် မြင့်၏။

ထို့နောက် သူမသည် မြို့ရိုးပေါ်သို့ ခုန်ချလိုက်၏။

တိဘက်စစ်သားသည် လေးငါးယောက်တို့မှာ သံလက်ဝါးမယ်တော်၏ ကြောက်မက်ဖွယ် ကောင်းသည်ကို မသိသေး၍ လှံများဖြင့် သံလက်ဝါးမယ်တော်အား ထိုး၍ တိုက်ခိုက်ကြသည်။

သံလက်ဝါးမယ်တော်သည် ဦးခေါင်းမော့၍ အသံရှည်ကြီး တစ်ချက်ရယ်ကာ လက်မောင်းဆန့်ပြီး လှံတံကို ဆောင့်ဆွဲလိုက်ရာ လူရော လက်နက်ပါ ပါလာ၏။ သံလက်ဝါးမယ်တော်က ဖမ်းပြီး မြို့ရိုးအောက်သို့ ပစ်ချလိုက်၏။

ဆချွန်မင်က အသံကျယ်စွာဖြင့် ...

"အားလုံး ရှေ့ကို မတိုးကြပါနဲ့"

တိဘက်စစ်သည်များအား ဟန့်တားလိုက်သည်။

ထို့နောက် ဆချွန်မင်သည် သူ၏ဓားကို ဆွဲထုတ်ကာ သံလက်ဝါးမယ်တော်အား ဓားဖြင့် ရွယ်လျက် ...

"ကန်းချေ့လျှန် ... ခင်ဗျားတစ်ယောက်တည်း မြို့ရိုးပေါ်ကို တက်တာဟာ ဗိုလ်ချုပ် ဟုခန်းအန်းအတွက် အသက်စွန့်ပြီး လာတာလား၊ ဒါမှမဟုတ်ရင် ကျွန်တော်တို့ ခြောက်ယောက်ကိုပဲ သတ်ချင်တာလား"

www.burmeseclassic.com

www.burmeseclassic.com



သံလက်ဝါးမယ်တော်က ...

"ဘယ်သူက မန်ချူးလူမျိုးအတွက် အသက်စွန့်မှာလဲ၊ ဗိုလ်ချုပ်ဟုခန်းအန်းက ငါ့ရဲ့အဖေမှ မဟုတ်တာ၊ ငါက မင်းတို့ ခြောက်ယောက်ကို ရှာပြီး ယှဉ်ပြိုင်ဖို့ လာခဲ့တာ"

ဆချွန်မင်သည် ၎င်း၏စကားကို ကြားလိုက်ရမှ ရင်ထဲတွင် အေးသွားသည်။

သံမဏိလက်ဝါး၏ စိတ်နေစိတ်ထားသည် အလွန် ထူးဆန်း၏။ ၎င်းသည် ဂိုဏ်းတစ်ဂိုဏ်း၏ ဂိုဏ်းချုပ်ဖြစ်သည့်အတိုင်း အပြောနှင့်အလုပ် ညီသူဖြစ်သည်။ သူသည် ဗိုလ်ချုပ် လုခန်းအန်းအတွက် အသက်စွန့်ခြင်း မဟုတ်ပါက ၎င်းအား ရင်ဆိုင်ရန် လွယ်ကူမည် ဖြစ်သည်။

ဆချွန်မင်သည် မုံစီလွန်အား လက်ယပ်ပြပြီး ...

"ညီမ ... ဆရာနဲ့ ဦးရီးတော်တို့ကို သွားခေါ်လိုက်ပါ၊ အဘွားကန်းချွေ့လျှန်က ပညာပေးမလို့တဲ့"

မုံစီလွန် ပြေးထွက်သွားလေတော့၏။

ဆရာ ကျိုချန်နှင့် ဖွမ့်ကုံတပ်တို့အား သွားရောက် ခေါ်ငင်လေသည်။

✸ ✸ ✸

## အခန်း (၂၇)

## တိုက်နိုက်ကြခြင်း

ဆချွန်မင်သည် မြို့ရိုးကို ဂုရစိုက် စောင့်ရှောက်ရန် တိဘက်စစ်သည်များအား မှာကြားပြီး ကျယ်ဝန်းသော မြို့ရိုးအောက်သို့ ဆင်းသက်လာသည်။

ဆရာကျိုချန်၊ ဖွမ့်ကုံတပ်၊ ဆချွန်မင်၊ မုံစီလွန်၊ ဖွမ့်ကျင်ကျို၊ ဖွမ့်ကျင်ကျိုတို့သည် သံလက်ဝါးမယ်တော်နှင့် ယှဉ်ပြိုင်ရန် အဆင်သင့်အနေအထား ရှိနေကြကြောင်း တွေ့ရှိရသည်။

သူတို့အားလုံး မြို့ရိုးထက်သို့ တက်လာခဲ့ကြလေ၏။

ထိုအခိုက် သံလက်ဝါးမယ်တော်သည် လက်ကိုဆန့်ပြီး ခါးကြားကို နှိုက်လိုက်ရာ ...

"ချွမ်း ... ချွမ်း ..."

အသံနှစ်ချက် ပေါ်ထွက်လာပြီး ခါးကြားမှ ထူးဆန်းသော ကြာပွတ်ရှည်တစ်ချောင်း ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရွန်မင်သည် ထိုကြာပွတ်ရှည်ကို တွေ့မြင်ရသောအခါ ထိတ်လန့်မိ၏။ သူမ၏ ကြာပွတ်မှာ ရွှေရောင်တလက်လက်နှင့် အလွန်သေးငယ်သော ရွှေမျှင်ကလေးများကို ဆံပင်ချည်လေးများ ပမာ ကျစ်၍ ပြုလုပ်ထားခြင်း ဖြစ်သည်။ တစ်ခုနှင့်တစ်ခု ဆက်၍ ထား၏။ အရှည်မှာ ဆယ့်နှစ်ပေခန့် ရှိ၏။

ထိုကြာပွတ် ကိုယ်ထည်၌ များပြားလှသော ချိပ်အရွန်ကလေး များ တပ်ဆင်ထား၏။ စပါးနှံနှင့် သဏ္ဌာန်တူ၏။ ကြာပွတ်ထိပ်၌ လှ့လက်ဝါးသဏ္ဌာန်တစ်ခု တပ်ဆင်ထား၏။

သံလက်ဝါးမယ်တော်သည် ကြာပွတ်ကို ဇွေ့ရမ်းလိုက်ရာ အသံတဟူးဟူး အော်မြည်နေပြီး ကျောက်ခဲများ ဝဲပျံလာ၏။

"ကဲ ... မင်းတို့ ခြောက်လုံးတိုက်ကွက် စ,နိုင်ပြီ၊ လာလေ ဘာငေးနေကြတာလဲ၊ အားမနာပါနဲ့၊ တိုက်ကြပါတော့လား"

ဆရွန်မင်က စန်ယန်စင်ကုန် လက်ဝါးသိုင်းကွက်ဖြင့်လည်း ကောင်း၊ ဖွမ့်ကုံတပ်က ပေါင်တချောင်း၏ လေပွေခြေဖဝါး သိုင်း ကွက်ဖြင့်လည်းကောင်း တိုက်ခိုက်ရန် အထူးသင်ကြား လေ့ကျင့် ထားကြသည်။

ထိုအခါ ဆရာကျိုချန်က ...

"ကျုပ်တို့ ဒီတစ်ခါ ခင်ဗျားနဲ့ တိုက်ခိုက်ကြမှာ၊ ဘာတိုက် ကွက်ကိုမှ ပြင်ဆင်စရာ မလိုတော့ဘူး၊ ကဲ ... ခင်ဗျား အရင်စ,ဝင် တိုက်ပါ"



"အော် ... ရှင်တို့က တိုက်ကွက်မဆင်ဘူး ဆိုရင် ကျွန်မက ပိုပြီး သတ်လို့လွယ်တာပေါ့၊ တစ်ယောက်စီကို အသေသတ်ပစ် လိုက်မယ်၊ နားလည်လား"

သံလက်ဝါးမယ်တော်သည် စကားဆုံးသည်နှင့် ...

ကြာပွတ်ရှည်ကြီးကို ဟူးခနဲ ဇွေ့လိုက်လေတော့သည်။

ကြာပွတ်ရှည်ကြီးက ဆန့်ထွက်လာ၏။

ထို့နောက် ဆရာကျိုချန်၏ ရင်ဝဆီသို့ ကြာပွတ်ထိပ်မှ လက် ဝါးသဏ္ဌာန်သည် ပြေးဝင်သွား၏။

သို့သော် ဆရာကျိုချန်သည် လုံးဝ မလှုပ်မယှက်ဘဲ ကြာပွတ် ထိပ်မှ လက်ဝါးသည် ရင်ဝသို့ရောက်ရန် သုံး လေး လက်မအလို တွင် ...

တစ်ဖက်ဘေးမှ ရပ်နေသော ဆရွန်မင်သည် ဆရာကျိုချန်ထံ ဝင်လာသော ကြာပွတ်၏လမ်းကို အသေအချာ ကြည့်ပြီး 'စန်ယန် စင်ကုန်'လက်ဝါးသိုင်း၏ အဟုန်ဖြင့် ကြာပွတ်ကို ဖမ်းလိုက်ပြီး နောက်ဖက်သို့ ပြန်လည် ပို့ပေးလိုက်လေ၏။

ထိုအခါ ကြာပွတ်ထိပ်သည် ရုတ်တရက် တွန့်သွားပြီး ကြာ ပွတ်ထိပ်ရှိ လက်ဝါးသဏ္ဌာန်မှာ ဦးပြန်လှည့်၍ သံလက်ဝါးမယ် တော်၏ မျက်နှာဆီသို့ ပြေးဝင်သွားသည်။

ထိုအဖြစ်ကြောင့် သံလက်ဝါးမယ်တော်မှာ အံ့အားသင့်သွား သည်။ သံလက်ဝါးမယ်တော်သည် ချက်ချင်း ခေါင်းငုံ့ပေးလိုက်ရာ ထို လှ့လက်ဝါးသဏ္ဌာန်မှာ သူမ၏ ဆံပင်ကိုရုပ်ပြီး ထိသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်မှ ဆရာကျိုချန်နှင့် မုံစီလွန်တို့သည် နှစ်ယောက်ပြိုင်တူ ဓားများနှင့် ဝင်၍ တိုက်ခိုက်၏။

ဆရာကျိုချန်က မိုးကြိုးလေခွဲ ဓားသိုင်းကွက်နှင့် ...

မုံစီလွန်က ဇေ့လုံဓားသိုင်းကွက်ဖြင့် တိုက်ခိုက်လေ၏။

တစ်ယောက်က ဘယ်ဖက် ...

တစ်ယောက်က ညာဖက်မှ ဝင်၏။

သံလက်ဝါးမယ်တော်က ကြာပွတ်ကို ပြန်ရုတ်လိုက်ပြီး တစ်ဖန် လွှဲ၍ ရိုက်လိုက်လေ၏။ ဆရာကျိုချန်နှင့် မုံစီလွန်က သတိရှိစွာဖြင့် တိမ်းရှောင်ပေးလိုက်သည်။

ထိုအခါ ဆစ္စျန်မင်သည် လေမွှေ လေမွှေသိုင်းကွက်ဖြင့် ဟူးခနဲ အနီးသို့ ချဉ်းကပ်သွားပြီး သူ၏ ဓားနှင့် လက်ဝါးကို အစားထိုးကာ သံလက်ဝါးမယ်တော်၏ ကုပ်ပိုးနောက်ဖက်ဆီသို့ ထိုးလိုက်လေ၏။

တစ်ဆက်တည်း သူသည် ဘယ်ဖက်လက်ဝါးကို မ,တင်လိုက်ရာ ...

"ဟူး ..."

ပြင်းထန်သော လက်ဝါးတစ်ချက်သည် သံလက်ဝါးမယ်တော်၏ ခါးကို ရိုက်မိပြီး သူမ၏ ခန္ဓာကိုယ်မှာ မထိန်းနိုင်ဘဲ "ဟူး"ခနဲ အသံတစ်ချက် ထွက်ပေါ်လာပြီး အမြင့် ခြောက်ပေအထက်သို့ တက်သွားလေ၏။



တစ်ဆက်တည်း သူမသည် လေထဲတွင် ကိုယ်ကိုလှည့်ပြီး ကြာပွတ်ဖြင့် မြေကိုထောက်ကာ ပေနှစ်ဆယ်ကျော် အပြင်ဘက်သို့ ခုန်ထွက်သွားလေ၏။

သည့်နောက် သူမ၏ ခန္ဓာကိုယ်ကို အမြင့် ရှစ်ပေခန့်သို့ ထိုးတက်သွားပြီး ညာလက်က ကြာပွတ်ကို လေထဲတွင် ပတ်လည်စက်ဝိုင်းပုံတစ်ခု ဇွေ့ရမ်းပြီး ဘယ်လက်က သံလက်သည်း အတတ်ပညာဖြင့် တိုက်ခိုက်သည်။

"ဟူး ..."

အသံတစ်ချက် ထွက်ပေါ်လာပြီး ဆစ္စျန်မင်၏ ဦးခေါင်းအထက်မှ ကုတ်ချလိုက်၏။

ဆရာကျိုချန်နှင့် ဖွမ့်ကုံတပ်တို့သည် ဘယ်မှ တစ်ယောက်၊ ညာမှ တစ်ယောက်ဖြင့် သူမအနီးသို့ ချဉ်းကပ်သွားပြီး ...

နှစ်ဦးပြိုင်တူ လက်ကိုမြှောက်ကာ လက်ဝါးလေသိုင်းအထွက်အထိပ်ဖြင့် တိုက်ခိုက်လေ၏။

သို့သော် သူမသည် 'ပျံလွှားတိမ်တိုး'သိုင်းကွက်ဖြင့် ပေသုံးဆယ် အပြင်ဘက်သို့ တိုးထွက်သွားသည်။

ဆစ္စျန်မင်၏ 'စန်ယန်စင်ကုန်'သိုင်းကွက်နှင့် ဖွမ့်ကုံတပ်၏ 'လေဇွေခြေဖဝါး' သိုင်းကွက်များသည် ရာနှုန်းပြည့် အစွမ်းထက်သည်။

သံလက်ဝါး မယ်တော်မှာ တိုက်ကွက်ပေါင်း နှစ်ဆယ်

www.burmeseclassic.com

www.burmeseclassic.com



ရှစ်ဆယ်ခန့် တိုက်ခိုက်မိသော်လည်း အသာစီးမှ မရဘဲ ရုံဖန်ရုံခါ အထိုးအနက် ခံရသည့် အကြိမ်ပေါင်း မနည်းတော့ချေ။

ထိုအခါ သံလက်ဝါး မယ်တော်မှာ ရုတ်တရက် စဉ်းစားမိလိုက်သည်။

ရန်သူ ခြောက်ယောက်ထဲမှ ဆရာကျိုချန်၊ ဆချွန်မင်း၊ ဖွမ့်ကုံတပ်တို့ကို အနိုင်ယူတိုက်ခိုက်ရန် မလွယ်ကူချေ။

မုံစီလွန်၊ ဖွမ့်ကျင်ကျို၊ ဖွမ့်ကျင်ကျိုတို့ သုံးယောက်မှာ သိုင်းပညာ မရင့်ကျက်သေးပေ။

သံလက်ဝါး မယ်တော်သည် စိတ်ကို ဆုံးဖြတ်ချက် ချလိုက်ကာ ရုတ်ခြည်း ကိုယ်ကို အပေါ်သို့ ထိုးတက်သွားပြီး ကြာပွတ်နှင့်ဓားကို လေထဲတွင် ဝှေ့ယမ်းလိုက်လျှက် အလင်းရောင် ပိုက်ကွန်ကြီးပမာ ဖွမ့်ကျင်ကျို့နှင့် ဖွမ့်ကျင်ကျိုတို့၏ ဦးခေါင်းအထက်မှ အုပ်ချလိုက်သည်။

ဖွမ့်ကျင်ကျို ညီအစ်ကို နှစ်ယောက်မှာ သံလက်ဝါး မယ်တော်၏ ကြောက်မက်ဖွယ်ရာ ကောင်းပုံကို သိထား၍ အပေါ်သို့ ခုန်တက်လိုက်သည်နှင့် ၎င်းတို့နှစ်ဦးသည် သိုင်းကွက် ရှစ်ကွက်အင်းဖြင့်ရှောင်တိမ်းပြီး ဆရာကျိုချန်နှင့် ဖွမ့်ကုံတပ်၏ နောက်ဘက်သို့ ပြေးခုန်ဝင်သွား၏။

ထိုအခါ သံလက်ဝါးမယ်တော်သည် ဘယ်ချောက်ကာ ညာလှမ်းပြီး လေထဲတွင် လေပွေကဲ့သို့ ခန္ဓာကိုယ်ကို လှည့်ပြီး မုံစီလွန်ထံမှ ခုန်အုပ်လိုက်ပြန်သည်။



မုံစီလွန်က ရုတ်တရက် ရှောင်တိမ်းရန် အချိန်မရသဖြင့် သူမသည် အံကြိတ်ပြီး မိုးကြိုးလေခွဲ သိုင်းကွက်ထဲမှ မိုးကြိုးသံကြားတွင်း တိုးဝင်သိုင်းကွက်ဖြင့် သံလက်ဝါးမယ်တော်၏ ရင်ဝဆီသို့ဓားဖြင့် ထိုးသွင်းလိုက်၏။

သံလက်ဝါး မယ်တော်သည် ဘယ်လက် သံလက်သည်းကို အောက်သို့ နှိမ့်ချလိုက်ပြီး မုံစီလွန်၏ဓားကို ဖမ်းညှပ်ထားလိုက်၏။

ညာဘက်လက်မှ ရွှေချည်ကြာပွတ်ကို ဆက်၍ ရိုက်သွင်းလိုက်သည်။

ထိုအခါ ရွှေချည်ကြာပွတ်သည် မုံစီလွန်၏ ခြေနှစ်ချောင်းကို ရစ်ပတ်မိသွားလေ၏။

"ချွမ်း … ချွမ်း …"

အသံနှစ်ချက် ပေါ်လာပြီး မုံစီလွန်၏ဓားရှည်မှာ နှစ်ပိုင်းကျိုးသွားလေ၏။

တစ်ဆက်တည်း သံလက်ဝါးမယ်တော်မှာ ရွှေချည်ကြာပွတ်ကို ဆွဲမလိုက်ရာ မုံစီလွန်သည် မြေကြီးနှင့်လွတ်ပြီး လေထဲတွင် တွဲလဲဖြစ်သွားလေ၏။

ဆချွန်မင်းသည် ဤမြင်ကွင်းကြောင့် တုန်လှုပ်သွားမိ၏။

ချက်ချင်းပင် သူ၏ဓားကို မြေသို့ပစ်ချလိုက်ပြီး ဘယ်လက်ဝါးက လေပွေလက်ဝါး သိုင်းကွက်ဖြင့် သံလက်ဝါး မယ်တော်၏ညာဘက်လက်ကို ပုတ်ခတ်လိုက်ပြီး …

www.burmeseclassic.com

www.burmeseclassic.com



ညာဘက်လက်က 'စန်ယန်စင်ကုန်'သိုင်းကွက်ဖြင့် ...

သံလက်ဝါးမယ်တော်၏ ခါးကို တိုက်ခိုက်လိုက်၏။

လေပွေလက်ဝါး သိုင်းကွက်မှာ သံလက်ဝါး မယ်တော်၏ လက်ကောက်ဝတ်အဆစ် နာကျင်အောင် မတိုက်ခိုက်နိုင်သော်လည်း စန်ယန်စင်ကုန် လက်ဝါးသိုင်းကွက်က သံလက်ဝါး မယ်တော်၏ ခါးကို ထိမှန်သွားလေ၏။

"ဝုန်း ..."

"အား ..."

သံလက်ဝါးမယ်တော်မှာ နာကျင်လွန်း၏ တစ်ချက်အော်လိုက်ပြီး ညာလက်မှ ရွှေချည်ကြာပွတ်ကို ဆောင့်ဆွဲလိုက်ရာ မုံစီလွန်မှာပေ သုံးဆယ် အမြင့်ဘက်သို့ လွင့်စဉ်သွားလေ၏။

အမှန်မှာ မုံစီလွန်သည် သိုင်းပညာကို တတ်ကျွမ်းထားသူဖြစ်၍ ရန်သူလက်တွင်းမှ လွတ်မြောက်သွားသည်နှင့် ခန္ဓာကိုယ်ကို လှည့်လိုက်သည့်အခါ သစ်ရွက်ကလေးများပမာ အောက်သို့ ပြန်ကျလာသည်။

ထိုအခါ ဖွမ့်ကုံတပ်သည် သံလက်ဝါး မယ်တော်၏ အနားသို့ ချဉ်းကပ်သွားပြီး လေပွေခြေဖဝါး သိုင်းကွက်ဖြင့် သူမ၏ ချက်အောက် သုံးလက်မအကွာသို့ ကန်သွင်းလိုက်ရာ ချက်ချင်းပင် ယိမ်းယိုင်သွားသည်။

ဆရွှန်မင်၏ 'စန်ယန်စင်ကုန်' လက်ဝါးသိုင်းကွက်က ထပ်မံ



၍ ဝင်လာ၏။ သံလက်ဝါး မယ်တော်၏ ရွှေချည်ကြာပွတ်မှာ လက်ဝယ် မရှိတော့သည့်အတွက် ခုခံတိုက်ခိုက်ခြင်း မပြု၍ မတတ်နိုင်သည့်အဆုံး အားယူပြီး ကျေးငှက်မိုးထိုး သိုင်းကွက်ဖြင့် ပေသုံးဆယ်အမြင့်သို့ ထိုးတက်သွားပြီး မြို့ရိုးအုတ်တံတိုင်းပေါ်သို့ ရောက်ရှိသွားသည်။

သည့်နောက် အသံကျယ်စွာဖြင့် ...

"သုံးရက်လွန်တဲ့ တစ်နေ့မှ ..."

စကားပင် မဆုံးသေးချေ။

ရုတ်တရက် ...

သူမ၏ လည်ချောင်းအတွင်းမှ အရသာတစ်မျိုးကို ခံစားလိုက်ရသည်။

"ဝေါ့ ..."

သွေးများ အန်ထွက်လာလေသည်။

သွေးမှာ မည်းနက်နေ၏။

သံလက်ဝါး မယ်တော်မှာ နှစ်ကြိမ်တိုင်တိုင် ဆရွှန်မင်၏ စန်ယန်စင်ကုန် လက်ဝါးသိုင်းချက်ကို ခံလိုက်ရသည့်အပြင် ...

ဖွမ့်ကုံတပ်၏ လေပွေခြေဖဝါး သိုင်းကွက်ကိုလည်း ထပ်မံ၍ အကန်ခံလိုက်ရသဖြင့် အတွင်းဒဏ် ခံလိုက်ရပြီး စကားပြောရင်း သွေးများ အန်ထွက်လာခြင်းပင် ဖြစ်ပေသည်။

ထိုအခါ သံလက်ဝါး မယ်တော်မှာ လန့်ဖျပ်သွား၏

www.burmeseclassic.com

www.burmeseclassic.com



ဆက်လက်၍ ကြာကြာမနေရဲတော့ဘဲ မြို့ရိုးပေါ်မှ မိုးမျှော်လှေခါးထိပ်သို့ ခုန်ကူးသွားလေတော့သည်။

* * *

သံလက်ဝါး မယ်တော်မှာ ဆရာကျိုချန်တို့လူရှ ခြောက်ယောက်၏ ပူးပေါင်းတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိပြီး သွေးများအန်ကာ ထွက်ပြေးခဲ့ရသည်။

ထိုအခါ မန်ချူးစစ်သည်များမှာ မြို့တော်ကို မတိုက်နိုက်ရဲတော့ဘဲ အုန်းမောင်းများတီးကာ တပ်ဆုပ်သွားလေတော့သည်။

မန်ချူးစစ်စခန်းရှိ တဲတစ်လုံးတွင် ဒဏ်ရာရရှိလာသော သံလက်ဝါး မယ်တော်အား အီလီနားက ဆေးတိုက် ပြုစုနေသည်။

ထိုစဉ် ကောင်းကင်မှ စိမ်းညိုရောင် ဗျိုင်းနှစ်ကောင်မှာ ဝဲပျံဆင်းသက်လာ၏။

ထိုဗျိုင်းနှစ်ကောင်မှာ ခုံတုံတောင်မှ ပျံလာသော သံလက်ဝါး မယ်တော် မွေးမြူထားသည့် ဗျိုင်းများပင်။

ဗျိုင်းနှစ်ကောင်၏ ခြေထောက်တွင် ငွေစာဘူးတောင်းကလေး တစ်ခုစီ ချီထားသည်ကို တွေ့ရသည်။

ယင်း စာဘူးကလေးကို ဖြုတ်ယူကာ ဖတ်ကြည့်မိ၏။

စာမှာ ခုံတောင်တောင်ပေါ်မှ ပေးပို့သောစာပင် ဖြစ်၏။

သံလက်ဝါးမယ်တော်က စာကို ဖတ်ကြည့်လေသည်။



စာထဲတွင် ...

ခုံတုံတောင်ပေါ်သို့ လူထူးလူဆန်း သုံးဦးအနက် အမျိုးသမီး လူထူးလူဆန်း တစ်ဦးဖြစ်သူ ရှောင်ရိရှမ်း ရောက်ရှိလာသည်။ မီးကာ ဘေးနှင့်နှင့် သိုင်းစာအုပ်ကိုတောင်းရာ မရသဖြင့် ဂိုဏ်းသားများနှင့် တိုက်နိုက်ရာ ဂိုဏ်းသားများ အထိနာပြီး အချို့ သေကြေကာ အချို့ ဒဏ်ရာရရှိသွားကြောင်း ...

ငါးရက်ပိုင်းအတွင်း ဂိုဏ်းချုပ်ကြီးအား တိဘက်ပြည်သို့ ဝင် ပြီး ရှာဖွေ ယှဉ်ပြိုင်ဦးမည်ဖြစ်ကြောင်း ပါရှိ၏။

တစ်နေ့တွင် ...

ဗိုလ်ချုပ် ဟုခန်းအန်းသည် သံလက်ဝါး မယ်တော်အား ခေါ်ယူ၍ တိဘက်မြို့တော် လာဆာမြို့ကို ချီတက် တိုက်ခိုက်ရန် တိုင်ပင်ပြောဆိုပြီး ...

သံလက်ဝါး မယ်တော်အား ဟိုနန်မင်ကျူးကို ကယ်တင်ပေးရန် ပြော၏။

သံလက်ဝါး မယ်တော်မှာ ဆရှန်မင်တို့လူစု ခြောက်ယောက်နှင့် စိတ်မကြေပွဲ ထပ်ဆင့်တိုက်ခိုက်ရန် ဆုံးဖြတ်ချက်ချပြီး ဖြစ်သည်။

ဗိုလ်ချုပ် ဟုခန်းအန်းအား ...

"ကောင်းပြီ ... ကျွန်မ သုံးရက်အတွင်း လာဆာမြို့တော်ကို သွားပြီး ဗိုလ်ချုပ် ဆောက်ပေ့ရဲ့ဇနီး ဟိုနန်မင်ကျူးကို ရအောင် ကယ်ဆယ်ပေးပါမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ် ဟုခန်းအန်းက သူမ၏စကားကို စိတ်ချ ယုံကြည်လိုက်သည်။

ငါးရက်စောင့်ဆိုင်းမည် ဖြစ်ပြီး နောက်တန်းမှ ပေးပို့လာမည့် ခဲယမ်းမီးကျောက်များကို မျှော်လင့်ရင်း ကျေနပ်နေမိပေသည်။

* * *

## အခန်း (၂၈)

## လျှို့ဝှက် ဇူးညီသူ

သံလက်ဝါး မယ်တော်မှာ သတင်းထောက်လှမ်းရန် လာဆာမြို့တော်သို့ တစ်ယောက်တည်း ထွက်သွားသည်။

မန်ချူးစစ်စခန်းရှိ တဲထဲတွင် အီလီနာ တစ်ယောက်တည်း ကျန်ရစ်ခဲ့ကာ စိတ်ကူးယဉ်လျက်ရှိနေစဉ် တဲအပြင်ဘက်မှ ချောင်းဟန့်သံ ကြားလိုက်ရပြီး တစ်စုံတစ်ယောက် ဝင်လာသည်ကို တွေ့လိုက်ရသည်။

အီလီနားမှာ လန့်သွား၏။

ရှေ့ပြေးအရာရှိ ငေါ်ကျင်ဟုန် ဖြစ်နေသည်။

အီလီနားမှာ ရှက်သွေးဖြာပြီး မျက်နှာက နီလာလေသည်။

"ကျွန်တော့်ကို ထိုင်ခွင့်ပြုပါ"

ထိုအခါမှ သူမသည် သတိရလာ၏။

"အော် ... ရှေ့ပြေးအရာရှိကြီးကို ... ထိုင်ပါရှင်၊ ဗိုလ်ချုပ် ဟန်ခန်းအန်းက အခေါ်လွှတ်လိုက်ပြန်ပြီလား"

www.burmeseclassic.com

www.burmeseclassic.com



ငေါ့ကျင်ဟုန်က တိုးတိုး ပြောသည်။

"ကျွန်တော် အရေးကြီးတဲ့ ကိစ္စတစ်ခုကို ပြောချင်လို့ပါ"

"ဟုတ်ကဲ့ ... ပြောပါရှင်၊ ဘယ်လိုများ အရေးကြီးတဲ့ ကိစ္စပါလဲ၊ ကျွန်မက ဘာများ တတ်နိုင်မှာလဲရှင်"

"လာရင်းကိစ္စက အခု လာဆာမြို့တော်က လူသုံးလေးသိန်းရဲ့ အသက်အန္တရာယ်အတွက် စိုးရိမ်လို့လာခဲ့တာပါ၊ ကျွန်တော်ဟာ လုံမလေးကို ယုံကြည်စိတ်ချလို့ အခုလိုစကားမျိုးကို ဖွင့်ပြောတာပါ"

ငေါ့ကျင်ဟုန်က သူမအနီးသို့ တိုးကပ်သွား၏။

သူမက ရှက်သွေးဖြာ၍ ကြည့်မိ၏။

"ပြောပါရှင် ..."

"ဒီလိုပါခင်ဗျာ ... သုံးရက်အတွင်း ခင်ဗျားနဲ့ သံလက်ဝါးမယ်တော်တို့ဟာ ဟိုနန်မင်းကျူးကို ကယ်တင်ဖို့ လာဆာမြို့တော်ကို သွားကြမယ် မဟုတ်လား"

"ဟုတ်ပါတယ် ... ကျွန်မက ဆချွန်မင်နဲ့ တွေ့ချင်လို့ လိုက်ခွင့်ရအောင် ကျွန်မဆရာကို မနည်းပြောရပါတယ်"

"ဟုတ်ကဲ့ ... အခုလို အခန့်သင့်ပြီး ယုံကြည်ရတာကြောင့် ဆချွန်မင်နဲ့ တွေ့အောင် နားလည်းရှာပြီး အရေးကြီးတဲ့ စာတစ်စောင်ကို ပေး,ပေးဖို့ ပြောချင်ပါတယ်၊ စာက သိပ် အရေးကြီးပါတယ်"

"ဟုတ်ကဲ့ ... စိတ်ချပြီး ပြောနိုင်ပါတယ်"



"ဒီစာကိုပေးပြီး ဆချွန်မင်ကို ထပ်ဆင့် ပြောပေးပါ၊ ဗိုလ်ချုပ် ဟုခန်းအန်းက နောက် လေးငါးရက်ကြရင် တရားသူကြီးမင်း တပ်လိုက်လားမား နေထိုင်တဲ့ အရပ်ဖြစ်တဲ့ စင်စန်းကို သိမ်းပိုက်ဖို့ ဆုံးဖြတ်ချက် ချလိုက်ပြီးလို့ ပြောလိုက်ပါ၊ နောက်ပြီး ဗိုလ်ချုပ် ဟုခန်းအန်းက အမြောက်ကြီးနဲ့ လာဆာမြို့တော်ကို ပစ်ခတ်တော့မယ်၊ သူတို့ကို ဂရုစိုက်ပြီး ကြိုတင်ပြင်ဆင် ကာကွယ်ထားဖို့ ပြောပါ၊ ဒီအကွက် လွတ်သွားရင် လာဆာမြို့တော်တစ်ခုလုံး ပြာကျပြီး မြို့သူမြို့သားတွေ အားလုံး သေကြနိုင်ပါတယ်၊ ဒီကိစ္စကို လုံမလေး သေသေချာချာ မှတ်သားပြီး ပြောပြပါ၊ ဒါပါပဲ၊ ကျွန်တော့်ကို ပြန်ခွင့်ပြုပါ"

ငေါ့ကျင်ဟုန်က ရုတ်တရက် ထလိုက်ပြီး ပြန်မည်ပြုစဉ် ...

"အီလီနားက ...

"ရှေ့ပြေးအရာရှိကြီး ခဏနေပါဦး"

ငေါ့ကျင်ဟုန်က ရပ်တန့်သွားပြီး ...

"ညီမလေးက ဘာပြောချင်လို့လဲ"

သူမအား ညီမလေးဟု ပြောင်းခေါ်လိုက်၏။

အီလီနားက ကြည်နူးမိသည်။

သည့်နောက် မျက်လွှာကလေး အသာချပြီး ...

"အစ်ကိုက မန်ချူး အရာရှိဖြစ်ပြီး ဘာဖြစ်လို့ တိဘက်လူမျိုး အပေါ် ကြင်နာသနားရတာလဲ၊ ဒါဆိုရင် သစ္စာဖောက်ရာ ကျ[illegible] ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ငေါ့ကျင်ဟုန်ကို အလိုလိုနေရင်း လေးစားမိသဖြင့် အခ်ကိုဟု ခေါ်လိုက်ခြင်း ဖြစ်၏။

ထိုအခါ ငေါ့ကျင်ဟုန်က ထိတ်လန့်အံ့ဩမိ၏။

"ဒီမှာ ညီမလေး ... အစ်ကိုဟာ မန်ချူးစစ်ဗိုလ် တစ်ယောက် ဖြစ်ပေမယ့် ဟန်လူမျိုး တစ်ယောက်ပါ၊ ကိုယ်ခန္ဓာက မန်ချူးဘက်မှာ ရှိပေမယ့် စိတ်ကတော့ ဟန်လူမျိုးထဲမှာပါ"

ငေါ့ကျင်ဟုန်က ခပ်တိုးတိုးဖြင့် ဆစ္စုန်မင်တို့ လူမျိုးစုနှင့် အဆက်အသွယ် ရှိသည့်အကြောင်း၊ ဆရာကျိုချန်နှင့် မုံစီလွန်တို့ ဆေးဆရာဟန်ဆောင်၍ မန်းချူးစစ်စခန်းထဲသို့ လာရောက်ကာ ဟိုနန်မင်ကျူးအား ဆေးကုသပေးသည်မှအစ ပိုက်ယုံကုစခန်း၌ ဉာဏ်ဆင်ပြီး ဗိုလ်ချုပ်ဟုခန်းအန်းအား ဖမ်းချုပ်သည့်အကြောင်းကို အစအဆုံး ပြောပြလိုက်လေ၏။

အီလီနားမှာ နားထောင်ရင်း ဝမ်းသာမိပေသည်။

"အော် ... အစ်ကိုက အစ်ကို ဆစ္စုန်မင်ရဲ့ သူငယ်ချင်းကိုး"

ထိုအခိုက် ...

တဲအပြင်ဘက်မှ ရုတ်တရက် ကျွဲချိုမှုတ်သံကို ကြားလိုက်ရလေသည်။

"စစ်ထွက်ဖို့ အမိန့်ပေးနေပြီ၊ ဗိုလ်ချုပ် ဟုခန်းအန်းက မြို့တော်ကို တိုက်ခိုက်ဖို့ အမိန့်ပေးနေပြီနဲ့ တူတယ်၊ ကဲ ... ညီမလေး အစ်ကိုသွားတော့မယ်၊ စောစောကပြောတဲ့ စကားနှစ်ခွန်းကိုတော့



ညီမလေး မမေ့ပါနဲ့၊ ပြောဖြစ်အောင် ပြောပေးပါ၊ ကဲ ... ညီမလေး အစ်ကိုသွားပြီ"

ငေါ့ကျင်ဟုန်က နှုတ်ဆက်ပြီး ခပ်သွက်သွက်ကလေး တဲအတွင်းမှ ထွက်သွားသည်။

အီလီနားမှာ ငေါ့ကျင်ဟုန်၏ သန်မာထွားကြိုင်းသော ကျောပြင်ကြီးကိုကြည့်ကာ ကျန်ရစ်ခဲ့ပေသည်။

✺ ✺ ✺

အီလီနားသည် သဲလက်ဝါး မယ်တော်၏အလစ်တွင် ငေါ့ကျင်ဟုန် ပြောသွားသည့် အချက်အလက်များကို ရေးသားပြီး အကျီအတွင်းသို့ သိုဝှက်ထားလိုက်သည်။

ည ...

အုန်းမောင်း နှစ်ချက်တီးသံကို ကြားလိုက်ရ၏။

ထိုနေ့ည ...

လ မ,သာ ...

မှောင်မိုက်လျက် ...

သဲလက်ဝါး မယ်တော်နှင့် တပည့်မ အီလီနားသို့သည် မန်ချူးစခန်းမှ ထွက်ခွာလာခဲ့ကြသည်။

မကြာမီ ...

သဲလက်ဝါး မယ်တော်နှင့် အီလီနားတို့သည် ပု[illegible]တနန်း တော်အနီးရှိ တောင်ကုန်းတစ်ခုပေါ်သို့ ရောက်ရှိလာ[illegible]လေ၏။

www.burmeseclassic.com

www.burmeseclassic.com



သံလက်ဝါး မယ်တော်သည် တောင်ထိပ်မှနေ၍ လာဆာမြို့တော်၏ အခြေအနေကို အကဲခတ်ပြီး အီလီနှားအား သူမ၏ ကျောကုန်းထက်တွင် တက်စီးစေပြီး ကျောပိုးကာ တောင်ပေါ်မှ ဆင်းသက်လာသည်။

သံလက်ဝါး မယ်တော်သည် အီလီနှားအား ကျောတွင်ပိုးပြီး လာဆာမြို့တော်သို့ ဦးတည်လာခဲ့ကြသည်။

ထို့နောက် သူမတို့သည် မြို့ရိုးအောက်သို့ ရောက်လာကြ၏။

သံလက်ဝါး မယ်တော်သည် တစ်ဖက် မြို့ရိုးပေါ်သို့ မော်၍ ကြည့်လိုက်ရာ တိဘက်စစ်သည်နှစ်ယောက် ကင်းစောင့်နေကြသည်ကို တွေ့မြင်ကြရသည်။

ထိုအခါ သံလက်ဝါး မယ်တော်က ...

"တပည့်မ ... မင်းရဲ့ခေါင်းက ဆံထိုးနှစ်ချောင်းကို ပေးစမ်း"

အီလီနှားက နားမလည်သော်လည်း ဆင်ခြေမကန်ရဲဘဲ ခေါင်းမှ ဆံထိုးနှစ်ခေါင်းကို ဖြုတ်ပေးလိုက်၏။

သံလက်ဝါး မယ်တော်သည် ဆံထိုးနှစ်ချောင်းကို ယူလိုက်ပြီး ရုတ်တရက် လှမ်း၍ ကင်းသမားနှစ်ဦးအား ပစ်လိုက်လေသည်။

"ဝိုး ... ဝိုး ..."

အသံနှစ်ချက် မြည်ဟီးသွားပြီး ဆံထိုးနှစ်ချောင်းမှာ လေထုထဲသို့ ဝင်သွားပြီး မြို့ရိုးပေါ်မှ ကင်းသမားနှစ်ဦးမှာ လဲကျသွား၏။

သည့်နောက် သံလက်ဝါး မယ်တော်သည် မြို့ရိုးပေါ်သို့ ကိုယ် ဖော့ပညာဖြင့် ခုန်တတ်လိုက်၏။



မြို့ရိုးပေါ်သို့ ရောက်သည်နှင့် ကျောပေါ်မှ အီလီနှားကို အောက်သို့ ချလိုက်သည်။

ကင်းသမား နှစ်ယောက်မှာ လည်ပင်း၌ ဆံထိုးတစ်ခုစီ စိုက်ဝင်ပြီး သေဆုံးနေသည်ကို အီလီနှား မြင်၏။

အီလီနှားမှာ ထိပ်လန့်ခြင်းဖြင့် ကြက်သီးများပင် ထလာသည်။

သံလက်ဝါး မယ်တော်သည် အလောင်းကို မြို့ရိုးအပြင်ဘက်သို့ ပစ်ချလိုက်ပြီး မြို့လယ်ရှိ ကျူပေါ်လားမားကျောင်းသို့ ဆက်၍ လာခဲ့ကြသည်။

ကျူပေါ်ဘုရားကျောင်းရှေ့သို့ ရောက်သည်နှင့် ...

ရုတ်တရက် ...

"အဘွားအို ကန်းချွေ့လျှန်ကို မကြိုဆိုမိတဲ့အတွက် ခွင့်လွှတ်ပါ"

ဆချွန်မင်က ခနဲ့တဲ့တဲ့ ပြောလိုက်၏။

ကန်းချွေ့လျှန်က အသံလာရာသို့ လှည့်ကြည့်လိုက်၏။

ဆချွန်မင်နှင့်အတူ မုံစီလွှန်ကို တွေ့လိုက်ရ၏။

သံလက်ဝါး မယ်တော်မှာ ဒေါသထွက်လာလေသည်။

"ဆချွန်မင် ... အခု ငါလာခဲ့တာ မင်းတို့နဲ့ မကြေပွဲ နွှဲရအောင် ထပ်လာခဲ့တာပဲ၊ ဒီတော့ မင်းတို့လူတွေကို ခေါ်လိုက်ပါဦး"

အမှန်စင်စစ် ...

သံလက်ဝါး မယ်တော် မပြောခင်ကပင် ဆချွန်မင်မှ အဆေး

www.burmeseclassic.com

www.burmeseclassic.com



က သံလက်ဝါး မယ်တော်ကို တွေ့လိုက်ရပြီး ကင်းစောင့်တစ်ဦးအားလွှတ်၍ ဆရာကျိုချန်နှင့် ဖွမ့်ကုံတပ်တို့ သားအဖအား အခေါ်လွှတ်ထားသည်။

"ဒီမှာ အဘွားအို ... ကျွန်တော်တစ်ယောက်တည်းနဲ့ အဘွားအိုကို ယှဉ်နိုင်ပါတယ်"

"မင်းကလာသေးတယ်၊ မင်းရဲ့ သိုင်းပညာက ဘယ်လောက်များ တိုးတက်လာလို့လဲ၊ ကဲ ... ဒါလောက်တောင် သေချင်နေတဲ့ အကောင် ..."

သံလက်ဝါး မယ်တော်ကပြောရင်း ဆစ္ဆုန်မင်အား ခုန်၍ တိုက်ခိုက်မည်ပြုစဉ် ...

အီလီနားက ရုတ်တရက်ဝင်၍ ပြောလေ၏။

"ဆရာ ... ဒီ ဆစ္ဆုန်မင်ကို ဆရာကိုယ်တိုင် တိုက်ခိုက်ဖို့ မလိုပါဘူး၊ တပည့်တစ်ယောက်တည်းနဲ့ပဲ သူ့ကို ရင်ဆိုင်တိုက်ခိုက်ပါ့မယ်၊ မှတ်လောက်အောင် ဆုံးမချင်တယ်"

"တပည့် အသာနေပါ၊ သူ့ကို ငါကိုယ်တိုင်တိုက်မှ ဖြစ်မယ်"

သံလက်ဝါးမယ်တော်က ပြောပြောဆိုဆို တိုက်ခိုက်လိုက်ရာ သံလက်သည်း ငါးချောင်းသည် ဆစ္ဆုန်မင်၏ မျက်နှာပေါ်သို့ ဦးတည်၍ သွားလေသည်။

ဆစ္ဆုန်မင်က ခန္ဓာကိုယ်ကို အနည်းငယ် တိမ်းစောင်းပေးလိုက်ပြီး ဘယ်လက်မောင်းကို နောက်ပြန်ကာ လက်ဝါးချက် သွင်းလိုက်လေ၏။



ဆစ္ဆုန်မင်၏ စန်ယန်စင်ကုန် လက်ဝါးလေမွေ သိုင်းကွက်မှ သံမဏိကျည်မွေ့ သိုင်းကွက်ဖြင့် တိုက်ခိုက်လိုက်လေ၏။

"ဝုန်း ..."

အသံတစ်ချက် ထွက်ပေါ်လာသည်။

သံလက်ဝါး မယ်တော်၏ ညာဘက်ပခုံးကို ရိုက်မိသွားသည်။

သို့သော် ဆစ္ဆုန်မင်၏ တိုက်ခိုက်မှုက အားပျော့နေ၍ သံလက်ဝါး မယ်တော်၏ ပခုံးကို နာကျင်စေခဲ့သော်လည်း အရိုးကို မထိနိုက်ပေ။

သံလက်ဝါး မယ်တော်မှာ ရင်ထိပ်သွားပြီး ခန္ဓာကိုယ်ကို လှည့်ပေးလိုက်ကာ တိုက်ကွက်ကို ဖြေပေးလိုက်၏။

ထိုစဉ် ...

တိုက်ကွက်ထဲသို့ ဆရာကျိုချန်၊ ဖွမ့်ကုံတပ်နှင့် ဖွမ့်ကျင်ကျို ညီအစ်ကို နှစ်ယောက်တို့လည်း ဝင်ရောက်လာကြသည်။

ထိုအခါ ဖွမ့်ကျင်ကျို ညီအစ်ကိုနှစ်ယောက်က ဘေးနှစ်ဖက်မှ ဓားဖြင့် သံလက်ဝါး မယ်တော်၏ ချိုင်းကြားသို့ ထိုးသွင်းလိုက်လေ၏။

ဆစ္ဆုန်မင်က စန်ယန်စင်ကုန် လေသိုင်းကွက်ဖြင့် တိုက်ခိုက်လိုက်၏။

ဆရာကျိုချန်တို့ ခြောက်ယောက်မှာ သံလက်ဝါး မယ်တော်အား အလယ်တွင်ဝိုင်းထားပြီး တိုက်ခိုက်ကြပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



သံလက်ဝါး မယ်တော်သည် ရုတ်တရက် အပေါ်သို့ ခုန်တက်ပြီး ဖွမ့်ကျင်ကျို ညီအစ်ကိုနှစ်ဦး၏ တိုက်ကွက်ကို ရှောင်တိမ်းရင်း ပြန်လည်တိုက်ခိုက်၏။

ထိုအခိုက် အီလီနားသည် ဆချွန်မင်ထံသို့ ဝင်ပြီး ...

"သစ္စာမဲ့တဲ့လူ ဟောဒီဓားကိုကြည့်"

စကားဆုံးသည်နှင့် သူမသည် ဓားတစ်ချက်ဝှေ့၍ ခုတ်လိုက်လေသည်။

ဆချွန်မင်သည် အီလီနား၏ ရုတ်တရက် ဝင်ရောက်တိုက်ခိုက်ခြင်းကြောင့် ကြောင်သွား၏။

သည့်နောက် သိုင်းသမား၏ သဘာဖြင့် ...

ကိုယ်ကိုယိမ်းပြီး သူမ၏ တိုက်ကွက်ကို ရှောင်တိမ်းလိုက်လေသည်။

ဆချွန်မင်က လေဗွေသိုင်းကွက်နှင့် ပြန်လည် တိုက်ခိုက်မည်ပြုစဉ် ...

အီလီနားသည် ဘက်ဖက်လက်ကို လွှဲလိုက်ပြီး ဓားအိမ်ကိုင်ဆောင်ထားသောလက်ဖြင့် တစ်စုံတစ်ရာကို ဆချွန်မင်၏ အင်္ကျီထဲသို့ ပစ်သွင်းပေးလိုက်လေ၏။

ဆချွန်မင်သည် အလွန် ပါးနပ်သူ ဖြစ်၏။

ရုတ်ခြည်း သူမ၏သဘောကို နားလည်မိသည်။

သူမက ပစ်သွင်းလိုက်သော အရာဝတ္ထုကို ယူလိုက်လေ၏။



သံလက်ဝါး မယ်တော်သည် တပည့်မအတွက် အစိုးရိမ်ပိုပြီး တိုက်ကွက်ထက် ပိတ်ကွက်က ပိုမိုများပြားလာသည်။

စိတ်ထင်တိုင်း မလုပ်ရဲချေ။

ဤသို့ဖြင့် တိုက်ကွက်ပေါင်း ခုနစ်ဆယ်ကျော်ခန့် တိုက်ပြီးသောအခါ ...

ရုတ်တရက် ...

သံလက်ဝါး မယ်တော်သည် တပည့်မ အီလီနားကို ချိုင်းကြားတွင် ညှပ်ပြီး အသံတစ်ချက်ပေးကာ အနီးရှိ အိမ်ခေါင်မိုးပေါ်သို့ ကိုယ်ဖော့သိုင်းပညာဖြင့် ခုန်ပျံတက်သွားပြီး တစ်ခဏအတွင်း တိမ်းရှောင် ပျောက်ကွယ်သွားပေတော့သတည်း။

ဆချွန်မင်က အီလီနား လျှို့ဝှက်ပေးခဲ့သော စာရွက်ခေါက်ကလေးကိုထုတ်ပြီး မုံစီလွန်အား ပေးလိုက်၏။

မုံစီလွန်က စာကိုဖွင့်၍ ဖတ်လိုက်သည်။

စာရွက်ထဲတွင် ...

*"မနက်ဖြန် မန်ချူးစစ်သည်များ စင်စန်းကို တိုက်ခိုက်သိမ်းပိုက်လိမ့်မည်။ ငါးရက် လွန်တဲ့နေ့မှာ တောင်ပေါ်မှနေပြီး အမြောက်နီများနှင့် လာဆာမြို့တော်ကို ပစ်ခတ်မည်။ လာဆာမြို့ ပျက်စီးမယ့် အခြေအနေ ရှိသည်။ ရှေ့ပြေးအရာရှိ ငေါ်ကျင်ဟုန်က အမြောက်ရဲ့ ဒဏ်ကို ကာကွယ်နိုင်ဖို့အတွက် ကြိုတင်ပြင်ဆင်မှုတွေ လုပ်ထားမှ မြို့တော်ရဲ့ အန္တရာယ်ကို ကာကွယ် စောင့်ရှောက်နိုင်လိမ့်မယ်လို့ သတင်းပို့ခိုင်းလိုက်သည်"*

www.burmeseclassic.com

www.burmeseclassic.com



စာဆုံးသည်နှင့် ဆရာကျိုချန်နှင့် ဆချွန်မင်တို့မှာ ထိတ်လန့်တုန်လှုပ်မိကြသည်။

အားလုံး တိတ်ဆိတ်လျက် ...

အတန်ကြာမှ ဆချွန်မင်က တိတ်ဆိတ်ခြင်းကို ဖြိုခွင်း၍ ...

"လက်စသတ်တော့ အီလီနား ဒီကိုရောက်လာတာ ငေါ့ကျင်ဟုန်ကိုယ်စား သတင်းလာပို့တာပဲကိုး၊ စာထဲပါတဲ့အတိုင်းဆိုရင် ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ"

၎င်းတို့လူစုသည် ကျူပေါကျောင်းရှိ မိမိတို့ တည်းခိုနေသော နေရာ၌ထိုင်ရင်း တိုင်ပင် ဆွေးနွေးနေကြခြင်းပင်။

ထိုစဉ် ...

တရားသူကြီးမင်း တပ်လိုက်လားမားက လူလွှတ်၍ အခေါ်နိုင်းလိုက်ပြန်သည်။

၎င်းတို့ ခြောက်ယောက်သည် ချက်ချင်းပင် တရားသူကြီးမင်းထံသို့ လိုက်သွားကြလေတော့သည်။

တရားသူကြီးမင်းထံသို့ ရောက်ရှိသောအခါ ဆရာကျိုချန်က အီလီနား၏ ပေးစာမှ အကြောင်းအရာများကို ရှင်းပြပြောဆိုသည်။

တရားသူကြီးမင်းက မုံစီလွန်ထံ အကြံဉာဏ်တောင်း၏။

ထိုအခါ မုံစီလွန်က ...

"ဖြစ်နိုင်တဲ့နည်း တစ်နည်းတော့ ရှိပါတယ်၊ ဒီနည်းကတော့ ရန်သူ့စခန်းထဲသွားပြီး အမြောက်နဲ့တွေကို ဖျက်ဆီးပစ်ခြင်း ဖြစ်ပါတယ်၊ ဒီနည်းက အကောင်းဆုံးနည်း ဖြစ်ပါတယ်"



တရားသူကြီးမင်း တပ်လိုက်လားမားက ပြုံးရယ်လိုက်သည်။

"အင်း ရွှေလေးရှင် မင်းသမီးလေးရဲ့ အကြံက အလွန်တရာကောင်းလှပါတယ်၊ ဒါပေမယ့် ဒီအမြောက်နဲ့တွေကို မန်ချူးတို့က အထူးဂရုစိုက် စောင့်ရှောက်ထားမှာ သေချာတယ်၊ ဒီတော့ လွယ်ပါ့မလား"

ချက်ချင်းပင် မုံစီလွန်က ...

"ကျွန်မမှာ ဖြစ်နိုင်တဲ့အကြံတစ်ခု ရှိပါတယ်"

သူမက ရဲရဲဝံ့ဝံ့ ပြောချလိုက်လေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

## သစ္စာဖောက်သည့်ဒဏ်

မုံစီလွန်နှင့် မျိုးချစ် သူရဲကောင်းများသည် မန်ချူးတပ်တွင်းမှ သူလျှိုဖြစ်သော ရှေ့ပြေးအရာရှိ ငေါ်ကျင်ဟုန်၏ လျှို့ဝှက်သတင်းပို့ချက်အရ မန်ချူးတို့၏ နောက်တန်းမှ ပို့လာသော ရိက္ခာနှင့် ခဲယမ်းမီးကျောက်များကို အချိန်မီ ဖျက်ဆီးသိမ်းယူလိုက်နိုင်ခြင်းကြောင့် ဗိုလ်ချုပ် ဟုခန်းအန်း၏ လာဆာမြို့တော်ကို အမြောက်နှင့် ပစ်ခတ်ဖျက်ဆီးခြင်းရန်မှ ကင်းဝေးခဲ့ကြရသည်။

ဤသည်မှာ ရွှေလေးရှင် မင်းသမီးလေး မုံစီလွန်၏ အမြင်ကျယ်သည့် လုပ်ဆောင်ချက် တစ်ရပ်ပင်တည်း။

အမှန်က ထိုသို့ ရန်သူများ၏ တိုက်ကွက်ကို ကြိုတင်သိမြင်ပြီး ဖျက်ဆီးနိုင်ခဲ့ခြင်းမှာ မန်ချူးတပ်၏ ရှေ့ပြေးအရာရှိအဖြစ် အမှု ထမ်းဆောင်နေသော မျိုးချစ်သူရဲကောင်း ငေါ်ကျင်ဟုန်ကြောင့်ပင်။



ယခုလည်း ...

သတင်းထူးကို ရခဲ့ပြန်သည်။

အချိန်မီ မလုပ်ဆောင်လျှင် အပြစ်မဲ့သော အီလီနားမှာ အမှန်ပင် ဗိုက်ချုပ် ဟုခန်းအန်း၏ ပိုက်ကွန်ထဲသို့ သက်ဆင်းရပြီး အသက်ဆုံးရှုံးနိုင်သည်။

ထို့ကြောင့် ...

ယနေ့ ... ည ...

လူခြေတိတ်ချိန် ...

ငေါ်ကျင်ဟုန်သည် တိတ်တဆိတ် တစ်နေရာသို့ ဦးတည်သွားနေသည်။

သူ၏ ဦးတည်ချက်ကား အီလီနား၏ တဲဆီသို့ပင်။

ထိုစဉ် ...

တဲအတွင်း၌ အီလီနားမှာ တစ်ယောက်ထဲ ငေါ်ကျင်ဟုန်၏ အကြောင်းကို စဉ်စားစိတ်ကူးနေမိပေသည်။

ကင်းစခန်းမှ ကုလားတက်ခေါက်သံ ကြားရ၏။

တစ်ချိန်ထဲမှာပင် သူမ၏ တဲအပြင်ဘက်မှ တစ်စုံတစ်ရာသော အသံကို ကြားလိုက်ရ၏။

အီလီနား၏ ရင်ထဲ၌ စိုးထိတ်သွား၏။

လှမ်း၍ မေးလိုက်သည်။

"အပြင်ဘက်က ဘယ်သူလဲ"

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ...

"ဒီမှာ ညီမလေး ... ရ အမြန်ဆုံး ဒီနေရာက ထွက်သွားပါ။ သန်းခေါင်ကျော် မတိုင်မီမှာ ထွက်သွားရင် ပိုကောင်းပါတယ်၊ ဒါမှမဟုတ်ရင် ညီမလေးရဲ့ အသက်ဟာ ချမ်းသာခွင့်ရမှာ မဟုတ်တော့ဘူး"

ထိုအသံရှင်ကြောင့် သူမသည် လန့်သွား၏။

ကြောက်ရွံ့ခြင်း ဖြစ်မိ၏။

သို့သော် အသံရှင်မှာ ငေါ့ကျင်ဟုန်ဖြစ်ကြောင်း အီလီနာ မှတ်မိ၏။

သူမသည် တဲအပြင်သို့ ပြေးထွက်ကြည့်၏။

မည်သူ့ကိုမှ မတွေ့ရပါ။

အံ့သြမိ၏။

ထပ်၍ အသံပြုလိုက်ပြန်သည်။

"အို ... ရှေ့ပြေးအရာရှိကြီး၊ ရှင် ဘယ်မှာလဲ"

"ညီမလေး ... အစ်ကို တဲအမိုးပေါ်မှာ"

"အိုရှင် ... ကျွန်မကို ဘာကြောင့် ထွက်ပြေးခိုင်းရတာလဲ အစ်ကိုရယ်၊ ကျွန်မမှာ ဘယ်လို အန္တရာယ်နဲ့ ရင်ဆိုင်နေရလို့လဲ"

"ညီမလေး ... အစ်ကို ရှင်းရှင်းပဲပြောပြမယ်၊ ညီမလေးရဲ့ ဆရာက ဗိုလ်ချုပ် ဟုခန်းအန်းကို မချေမင် ပြောလိုက်တဲ့အတွက် ဟုခန်းအန်းက ပရိယာယ်ဆင်ပြီး အခုညမှာ ညီမလေးကို သတ်ကြ



လိမ့်မယ်၊ သတ်ပြီးရင် ဆချွန်မင်က ညီမလေးကို သတ်သွားတယ်ဆိုပြီး လိမ်လည် ချောက်တွန်းမယ်၊ သူ့ရဲ့ အကောက်ဉာဏ်က သံလက်ဝါး မယ်တော်နဲ့ ဆချွန်မင်တို့ကို ရန်တိုက်ပေးတာပဲ"

ငေါ့ကျင်ဟုန်၏ စကားကို ကြားရသောအခါ သူမသည် ထိတ်ထိတ်ပြာပြာ ဖြစ်မိရင်း ဘာလုပ်ရမှန်းပင် မသိတော့ချေ။

"တကယ်ပြောတာလား၊ ဒီလိုဆိုရင် ထောင်သောင်းချီတဲ့ တပ်ဖွဲ့ရဲ့အတွင်းက ကျွန်မ ဘယ်လိုလုပ်ပြီး ထွက်ပြေးရမှာလဲ ကျွန်မကို ကယ်ပါဦးရှင်"

သူမ စကားဆုံးသည်နှင့် ...

အမိုးပေါ်မှ အထုပ်တစ်ထုပ် ကျလာလေ၏။

မန်ချူးစစ်ဝတ်စုံပင်။

"ကဲ ... ညီမလေး၊ အဲဒီဝတ်စုံကို ဝတ်လိုက်၊ အင်္ကျီမှာ တံဆိပ်ပြားတစ်ခု ပါတယ်၊ အဲဒီ တံဆိပ်ပြားပါရင် ကင်းသမားတွေရဲ့ စစ်ဆေးခြင်းမရှိဘဲ စခန်းအပြင်ဘက်ကို ထွက်လို့ရနိုင်ပါတယ်"

"ကျေးဇူးကြီးလှပါတယ်ရှင် ... အစ်ကို့ရဲ့ကျေးဇူးကို ကျွန်မ ဘယ်လို ဆပ်ရမှန်းတောင် မသိပါဘူးရှင်"

"အို ... ဒါက တစ်ဦးကိုတစ်ဦး ကူညီရမယ့် ဝတ္တရားရှိပါတယ်၊ ကဲ ... အချိန်သိပ်မရှိဘူး၊ ညီမလေး မြန်မြန်သွားပေတော့"

စကားဆုံးသည်နှင့် ငေါ့ကျင်ဟုန်မှာ ကိုယ်ဖော့ပညာဖြင့် လေထုထဲသို့ ခုန်တက်ပြီး တစ်ခဏအတွင်း အမှောင်ထုထဲတွင် ပျောက်ကွယ်၍ သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အီလီနားသည် ကဗျာကယာ အဝတ်လဲလိုက်သည်။

မန်ချူးကင်းသမား ဝတ်စုံဝတ်ပြီး တံဆိပ်တပ်ကာ တဲအတွင်းမှ ခပ်သွက်သွက် လျှောက်လာခဲ့သည်။

လ,မိုက်ရက်ဖြစ်၍ အီလီနားကို သဲသဲကွဲကွဲ မမြင်ရချေ။

ထိုအခိုက် ...

တပ်ဖွဲ့မှူးတစ်ဦးက အီလီနား အပြင်သို့ထွက်မည်ကို တွေ့လိုက်ရသောကြောင့် ...

"ဟေ့ကောင် ... မင်း ဘယ်တပ်ဖွဲ့ကလဲကွ၊ ည သန်းခေါင် အပြင်ကိုထွက်တာ သူလျှိုလုပ်မလို့လား"

ထိုအခါ ...

အီလီနားက တံဆိပ်ကို ထောင်ပြလိုက်ရင်းက အသံဖျက်၍ ပြော၏။

"ဟုတ်ကဲ့ ဗိုလ်မှူး ... ကျွန်တော်ဟာ ရှေ့တန်းတပ်ဖွဲ့က တာဝန်အရ အပြင်သွားမလို့ပါ"

သို့သော် ...

သူမ၏အသံမှာ မိန်းမအသံ ထွက်နေသည်။

သာယာသည် "နွဲ့"နှောင်းနေသည်။

တပ်ဖွဲ့မှူးက ချက်ချင်း ရိပ်စားမိ၏။

"ဟေ့ ... ရဲဘော်တွေ သူ့ကို အမြန်ဝိုင်းဖမ်းကြစမ်း"

သူ၏စကား မဆုံးမီမှာပင် ...



အီလီနားသည် ဓားမြှောင်ဖြင့် ထို တပ်ဖွဲ့မှူး၏ရင်ဝကို တအားထိုးစိုက်လိုက်လေ၏။

တပ်ဖွဲ့မှူးမှာ ဇီဝိန်ချုပ်ငြိမ်းသွားလေ၏။

ထိုမြင်ကွင်းကို မြင်လိုက်သော လုံခြုံရေးတပ်ဖွဲ့မှ စစ်သည် ရှစ်ဦးတို့က ဝိုင်း၍အော်ရင်း ...

"ဟေ့ ... ဒီကောင်သူလျှို ... သူ့ကို ဝိုင်းဖမ်းကြ"

လုံခြုံရေးတပ်ဖွဲ့မှ စစ်သည်များသည် ဓားကိုဝင့်၍ ဝိုင်းလာကြပေသည်။

သို့သော် ...

အီလီနားမှာ အဆင့်မြင့် သိုင်းသမားဖြစ်၍ ဓားဖြင့် ဇော့ရမ်းရင်း ခုခံတိုက်ခိုက်သည်။

ခဏအတွင်း ရန်သူသုံးယောက်ကို ရှင်းလင်းနိုင်ခဲ့သည်။

သူမ၏ အံ့မခန်းသော သိုင်းပညာကြောင့် ကျန် စစ်သည်များ ထိတ်လန့်ခြင်းဖြင့် နောက်သို့ ဆုတ်ခွာကြသည်။

ထို အခွင့်အရေးကိုယူ၍ ...

အီလီနားသည် ဂိတ်တံခါး အပြင်ဘက်သို့ တဟုန်ထိုး ပြေးထွက်သွားလေတော့သတည်း။

* * *

ကင်းစခန်းနှင့် ရှစ်မိုင်ခန့်အကွာတွင် ရှောင်ရိရှမ်းနှင့်ပေါ်လက်ဝါး မယ်တော်တို့သည် အပြင်းအထန် တိုက်ခိုက်နေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မမျှော်လင့်ဘဲ သူမ၏ နောက်ဘက်မှ ငွေဆွဲလွယ်သံတစ်ခု ပေါ်ထွက်လာ၏။

"အစ်ကို ... သူတို့တတွေ ဒီမှာ ရန်ဖြစ်နေကြတယ်ရှင့်"

ရွှေလေးရှင် မင်းသမီး၏ အသံကို ကြားလိုက်ရသည်။

၎င်းတို့နှစ်ယောက်မှာ မန်ချူးနောက်တန်းမှ ရိက္ခာတပ်နှင့် ခဲယမ်းမီးကျောက် ပစ္စည်းများကို ဝင်ရောက် သိမ်းပိုက်ဖျက်ဆီးခဲ့ကြပြီး ...

လာဆာမြို့ကို အပြန်ခရီးစဉ်တွင် ရှောင်ရိရှမ်းနှင့် သံလက်ဝါး မယ်တော်တို့၏ တိုက်ပွဲကို အမှတ်မထင် ပက်ပင်းတိုးမိခြင်း ဖြစ်လေတော့သည်။

ဆရာတစ်ဆူဖြစ်သော ရှောင်ရိရှမ်းကို မြင်သည်နှင့် ဆချွန်မင်က ဝမ်းသာအားရဖြင့် ရှေ့တိုး နှုတ်ဆက်လိုက်၏။

"ဆရာမကြီး ... ဒီမိန်းမယုတ်ဟာ မန်ချူးသစ္စာဖောက်တွေကို အားပေးအားမြှောက် လုပ်တယ်၊ အဲဒီတော့ ဆရာမကြီးအစား သူ့ကို ကျွန်တော် တိုက်ခိုက်ပါရစေ ..."

"မင်း အသာနေစမ်း၊ ဒီကောင်မနဲ့ ငါ တစ်ပတ်တိတိ ယှဉ်ပြိုင်မယ်လို့ ပြောထားတယ်၊ အဲဒီတော့ တို့ချင်း ပညာယှဉ်ပြိုင်တဲ့အခါမှာ မင်း မပါဘဲ အေးအေးသာ ကြည့်နေ"

ရှောင်ရိရှမ်းက ဆချွန်မင်ကို ချက်ချင်း အော်ပြောလိုက်၏။

သူ့၏နံဘေး၌ ချစ်သူဖြစ်သူ မုံစီလွန်က သူ၏ အင်္ကျီကိုဆွဲပြီး ဖြေးညင်းစွာ ဆိုလိုက်၏။



"ဟောဒီက ဆရာမကြီးနဲ့ ဒီ မိန်းမကြီး ပညာချင်းယှဉ်မလို့ သူ့တို့ဖာသာ နေပါစေရှင်"

ထိုစကားကို ကြားသောအခါ ဆချွန်မင်လည်း ဘာမှဆက်မပြောတော့ဘဲ အသာလက်ပိုက်၍ ကြည့်နေလိုက်၏။

အတန်ကြာ ရှောင်ရိရှမ်းနှင့် သံလက်ဝါး မယ်တော်တို့သည် သိုင်းကွက်တစ်ရာကျော်ခန့် ယှဉ်ပြီးလေပြီ။

သို့သော် နှစ်ဦးစလုံးမှာ အနိုင်အရှုံး မရှိချေ။

၎င်းအချိန်မှာပင် သံလက်ဝါး မယ်တော်သည် ရုတ်ချည်း တစ်ချက်ကြုံးဝါးရင်း ဓားရောင်ဝင်းလက်သွားသည်ကို မြင်တွေ့လိုက်ရ၏။

ရှောင်ရိရှမ်းမှာ အသာပြုံးရင်း သစ်ရွက်တစ်ရွက်ပမာ ဆယ်ကိုက်အဲကွာသို့ ပျံသန်းသွား၏။

သံလက်ဝါ. မယ်တော်က ...

"အင်း ... ရှင့်ပညာရပ်က ဘယ်ဆိုးလို့တုန်း၊ တို့ ဒီကနေ့ ယှဉ်ပြိုင်တာ သရေလို့ဆိုကြပါစို့ .... တို့ မနက်ဖြန်ကာကျမှ မကြေပွဲထပ် ယှဉ်ပြိုင်ကြမယ်"

ထိုအခါ ရှောင်ရိရှမ်းသည် လေထုထဲသို့ ရုတ်တရက် ပျံတတ်၍ ခြေထောက်ဖြင့် သံလက်ဝါး မယ်တော်ကို တအား ခတ်လိုက်၏။ သံလက်ဝါး မယ်တော်သည် သူမ၏ ပြင်းထန်လှသော သိုင်းကွက်ကို ရှောင်ရှားရန် အချိန်မရတော့ပေ။

နာကျင်သော ဝေဒနာကို ခံစားရင်း သံလက်ဝါး မယ်တော်

www.burmeseclassic.com

www.burmeseclassic.com



သည် ဆောင်ဓားဖြင့် ပြန်ပက်သောအခါ ရှောင်ရိရှမ်း၏ ခါးပတ်လက်နက်ကို ပိုင်းဖြတ်နိုင်ခဲ့၏။ **ထို့ကြောင့်** ရှောင်ရိရှန်းသည် ကိုယ်ဖော့ပညာဖြင့် ထွက်သွားလေ၏။

မရှေးမနှောင်းတွင် သံလက်ဝါး မယ်တော်မှာ သက်ပြင်းတစ်ချက်ချပြီး မန်ချူးစစ်စခန်းသို့ ပြန်သွား၏။

တိတ်ဆိတ်နေခြင်းကို ဖောက်ထွင်း၍ ...

"အစ်ကို သိပ်ပြီး အတွေးလွန်မနေနဲ့ ... နက်ဖြန်ညကျရင် သူတို့ ယှဉ်ပြိုင်တာကို ညီမတို့ လာကြည့်ဦးမှာလား"

"ဟား ... ဟား ... ဟား ... လာကြည့်ရမှာပေါ့ ညီမရယ်၊ သူတို့နှစ်ယောက်ဟာ မျက်မှောက်မှာ ထူးချွန်တဲ့ သိုင်းပညာရှင်တွေပဲ၊ အဲဒီတော့ သူတို့ယှဉ်ပြိုင်တာကို လေ့လာရင်း သံလက်ဝါးမယ်တော်ရဲ့ သိုင်းကွက်အတွက် ဖြေနည်း ရှာရတာပေါ့"

"ဟုတ်တယ်အစ်ကို ... အစ်ကို့အကြံ မဆိုးဘူး၊ လာ ... အစ်ကို၊ အချိန်မစောတော့ဘူး၊ ညီမတို့ လာဆာမြို့ကို ပြန်ကြစို့"

ထို့နောက် ချစ်သူနှစ်ဦးမှာ အမှောင်ထုထဲတွင် ပျောက်ကွယ်သွားကြလေတော့သတည်း။

✱ ✱ ✱

ဗိုလ်ချုပ် ဟုခ်န်းအန်းမှာ အလွန် ဇေစပ်သေချာသူတစ်ဦးဖြစ်၏။ သူ၏ တပ်မကြီး တိဘက်ပြည်သို့ဝင်ပြီး လာဆာမြို့ကို လျှပ်တစ်ပြက် စစ်ဆင်ခဲ့၏။



စစ်ရှုံး၍ ပြန်ခဲ့ရသည်။

ဗိုလ်ချုပ် ဟုခန်းအန်းမှာ သူ၏တပ်ဖွဲ့ထဲတွင် အတွင်းသူလျှိုရှိမည်ဟု ဝေဖန်သုံးသပ်မိသည်။

သို့သော် ဝေါ့ကျင်ဟုန်ကိုတော့ ရုတ်တရက် သံသယမဖြစ်မိသေးပေ။ လာဆာမြို့ကို ထပ်မံ စစ်ဆင်သောအခါ ထပ်ခါထပ်ခါ စစ်ရှုံးသောကြောင့် သူ၏ စစ်ရေးလျှို့ဝှက်ချက်များကို ရန်သူဘက်က ကြိုတင်သိထားသည်ဟု ယူဆလာတော့သည်။

ထိုအချိန်မှစ၍ သူ၏ အကြံပေး အရာရှိထဲတွင် ဆရျှန်မင်ထဲသတင်းပို့သောလူ ရှိရမည်ဟု ခန့်မှန်းတွက်ဆ လာတော့သည်။

အီလီနား ထွက်ပြေးသော ကိစ္စနှင့် ပတ်သက်၍ ဝေါ့ကျင်ထန်မှာ ဘူးကွယ်၍ မရတော့ပေ။ အကြောင်းမှာကား အီလီနားကို လုပ်ကြံဖို့ တိုင်ပင်သောအခါ ဝေါ့ကျင်ဟုန်အပါအဝင် အခြား ဗိုလ်ချုပ်နှစ်ဦး သုံးဦးခန့်သာ ရှိလေ၏။

နောက်တစ်ချက်ကား အီလီနား ထွက်ပြေးသွားသောအခါ သူမ ဝတ်ဆင်ထားသော ယူနီဖောင်းသည် ဝေါ့ကျင်ဟုန် တပ်ဖွဲ့မှ အမှတ်တံဆိပ်နှင့် ဝတ်စုံဖြစ်နေခြင်းပင်။

ထိုသို့ တွေးတောတွက်ဆပြီးသည်နှင့် ဗိုလ်ချုပ် ဟုခန်းအန်းသည် ဒေါသကို မချုပ်တီးနိုင်ဘဲ ကိုယ်ရံတော်တပ်မှူး ဟာခွန်ကို ချက်ချင်း ဆင့်ခေါ်လိုက်၏။

သူ၏ နံဘေးသို့ကပ်၍ တီးတိုးမှာကြားပြီး [illegible]စစ်သည်

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးကို အမိန့်ပေးလိုက်၍ ငေါ့ကျင်ဟုန်ကို စစ်နည်းဗျူဟာ ဆွေးနွေးရန် အခေါ်လွှတ်လိုက်ပြန်၏။

အတန်ကြာသော် ငေါ့ကျင်ဟုန်သည် လက်နက်တပ်ဆင်လျက်က ယူနီဖောင်းအပြည့်ဖြင့် ရောက်လာ၏။

ဝင်ဝင်ခြင်း ငေါ့ကျင်ဟုန်က စ၍ မေးလိုက်၏။

"ဗိုလ်ချုပ်ကြီး ... ကျွန်တော့်ကို ခေါ်နိုင်းလိုက်တာ အကြောင်းကိစ္စရှိလို့လား၊ ဘာလဲ ... လာဆာမြို့တော်ကို ချီတတ် သိမ်းပိုက်ဖို့ အမိန့်ပေးမလို့လား"

ထိုအခါ ဗိုလ်ချုပ်ကြီး ဟုခန်းအန်းက ...

"အိုး ... ရှေးပြေးအရာရှိကြီး ထိုင်ပါဦးကွာ၊ ငါ့မှာ အရေးကြီးကိစ္စနဲ့ မင်းကို ဆွေးနွေးစရာရှိလို့ပါ"

စစ်သည်တစ်ဦးက ကုလားထိုင်တစ်လုံး ရွှေ့၍ ပေး၏။ ထိုင်သောအခါ ငေါ့ကျင်ထန်က ကိုယ်ကို အတန်ငယ်ကြွ၍ ဝင်ထိုင်လိုက်၏။ ထိုအချိန်တွင် ဗိုလ်ချုပ် ဟုခန်းအန်း၏မျက်နှာသည် ရုတ်ခြည်း တင်းမာသွား၍ ...

"ဟိတ် ... ဒီကောင်ကို ဝိုင်းဖမ်းကြစမ်း"

အသင့် ပြင်ဆင်ထားသော ကိုယ်ရံတော်တပ်မှူး ဟာခွန်က ငေါ့ကျင်ဟုန်၏ နောက်ဘက်တွင် ရှိနေ၏။

ဟုခန်းအန်း အမိန့်ပေးလိုက်သည်နှင့် ရှေ့သို့ ပြေးကပ်သွားပြီး တုတ်ခိုင်သော လက်မောင်းဖြင့် ငေါ့ကျင်ဟုန်ကို ခုံရော လူကိုပါ သိုင်းဖက်လိုက်၏။ သူ ဖမ်းချုပ်လိုက်ခြင်း ဖြစ်သည်။



တစ်ချိန်တည်းမှာပင် ကိုယ်ရံတော်တပ်ဖွဲ့မှ စစ်သည်တို့သည်လည်း ရှေ့သို့ တိုးကပ်သွားရင်း ငေါ့ကျင်ဟုန်၏ ရင်ဝကို ဓားဖြင့် လှမ်းထောက်လိုက်သည်။

အငိုက်မှာမို့ ငေါ့ကျင်ဟုန် ခံလိုက်ရပြီး သူသည် ထူထဲသော သံချပ်အင်္ကျီကို ဝတ်ဆင်ထားသောကြောင့် မလှုးသာ မလှုပ်သာတော့ပေ။ သူ အဖမ်းခံလိုက်ရသည်။

သို့သော် ငေါ့ကျင်ဟုန်က ရဲစွမ်းသတ္တိ ပြည့်စုံသူပီပီ တည်ငြိမ်သော လေသံဖြင့် ပြန်မေးလိုက်၏။

"အလို ... ဗိုလ်ချုပ်ကြီး ကျွန်တော့်ကို ဒီလိုသဘောထားတာ၊ ကျွန်တော့်မှာ ဘယ်လိုအပြစ်များ ရှိလို့ပါလိမ့်"

"ဟား ... ဟား ... ဟား ... မင်းကိုမင်း လည်လှပြီ အောက်မေ့နေသလား၊ တောက် ... အသားထဲက လောက်ထွက်တဲ့အကောင်၊ မင်းအဖေဟာ တို့အစိုးရအပေါ် သစ္စာရှိပေမယ့် မင်းကျတော့ ဘာပြုလို့ သစ္စာဖောက်ရတာလဲ"

"အို ... ဗိုလ်ချုပ်ကြီး အထင်မှားနေပြီ၊ ကျွန်တော့်ကို မယုံသင်္ကာ မဖြစ်ပါနဲ့၊ ဒါဆိုရင် တပ်ဖွဲ့ထဲက အခြား တပ်မှူးထမ်းတွေလည်း ကျေနပ်ကြမှာ မဟုတ်ဘူးဗျ"

"ဟိတ်ကောင် ... မင်းက အီလီနားကို တိတ်တိတ်ပုန်း ပြန်လွှတ်လိုက်တယ် မဟုတ်လား၊ ဘာအခုကျမှ ငါ့ရှေ့မှာ ဝေ့လည်ကြောင်ပတ် လုပ်နေရတာလဲ၊ မင်း ဖြောင့်ချက် မပေးရင် ငါ့မှာ မင်းဝန်ခံမယ့် နည်းလမ်းတွေ ရှိပါတယ်ကွာ"

www.burmeseclassic.com

www.burmeseclassic.com



ဟုခန်းအန်းသည် ပြောပြောဆိုဆိုဖြင့် အာဏာပါးကွက်သားတွေကို အမိန့်ပေးလိုက်၏။

"ဟိတ်ကောင်တွေ ... ဒီကောင်ကို ခေါ်ထုတ်သွားစမ်းကွာ"

ခေါ်ထုတ်ပါဟူသော ဝေါဟာရသည် မန်ချူးတို့၏ သတ်စေဟူသော အမိန့်ပင် ဖြစ်၏။

သို့သော် အခုချိန်တွင် ငေါ့ကျင်ဟုန်သည် လုံးဝ မလှုပ်ရှားနိုင်တော့ပေ။ ၎င်းအချိန်မှာပင် အာဏာပါးကွက်သား တစ်ဦးက ကြိုးရှည်တစ်ချောင်း ယူလာပြီး ငေါ့ကျင်ဟုန်ကို ခုံပါတစ်ပါတည်း ကြိုးနှင့် ချည်နှောင်လိုက်၏။

ထို့နောက် ငေါ့ကျင်ဟုန်ကို အပြင်ဘက်သို့ တွန်းထုတ်လိုက်သည်။

ဟုခန်းအန်းသည် ငေါ့ကျင်ဟုန်အား ဒဏ်ခတ်ရန် အမိန့်ပေးလိုက်ပြန်၏။

သို့ဖြစ်၍ စစ်သည်ဆယ်ယောက်တို့သည် ခဏအတွင်းမှာ ဂေါ်ပြားကိုယ်စီဖြင့် လေးပေကျော်ခန့်နက်သော ကျင်းတစ်ခုကို ချက်ချင်းတူးလေတော့သည်။

တူးပြီးသည်နှင့် ဟုခန်းအန်း၏ အမိန့်အတိုင်း ငေါ့ကျင်ဟုန်ကို ခုံရောလူပါ ကျင်းထဲသို့ ချလိုက်၏။ ထိုသို့ ချပြီးသောအခါ မြေများကို ဂေါ်ပြားဖြင့် ကော်ထည့်ပြီး တခဏအချိန်အတွင်းမှာ ငေါ့ကျင်ဟုန်၏ ရင်ဝအထိ မြေဖြင့် ပြည့်နှက်နေစေတော့သည်။



ထိုအခါကျမှ ဟုခန်းအန်းက ရပ်တန့်စေ၍ ငေါ့ကျင်ဟုန်အား စစ်မေးလိုက်၏။

"မင်း တိဘက်လူမျိုးနဲ့ ပေါင်းပြီး စစ်ရေးပေါက်ကြားခဲ့တဲ့ အဖြစ်ကို အမှန်အတိုင်း ဖြောင့်ချက်ပေးပါ၊ အဲဒါဆိုရင် မင်းအဖေရဲ့ ကျေးဇူးကိုထောက်ပြီး ငါ မင်းကို အသက်ချမ်းသာခွင့် ပေးလိုက်မယ်၊ မင်းဆက်ပြီး ဘူးကွယ်နေရင်တော့ အခု ခံစားရတဲ့ ဝဋ်ဒုက္ခကို လေးရက်တိတိဆက်ပြီး ခံစားရမယ်ဆိုတာ မှတ်ထားပါ"

ငေါ့ကျင်ဟုန်သည် သူ၏ ခြိမ်းခြောက်မှုကို ခွန်းတုန့်မပြန်ချေ။ သို့ဖြစ်၍ ဟုခန်းအန်းက ပြုံးလိုက်ပြီး ...

"သစ္စာဖောက် ... မင်း အခုထိ အမြင်မှန် မရသေးဘူးလား"

သူကပြောရင်း ခေါင်းပေါ်သို့ ရေလောင်းထည့်ရန် အမိန့်ပေးလိုက်၏။

အဆက်မပြတ် ရေလောင်းချနေခြင်းပင်။

ထိုသို့ ပြုလုပ်ခြင်းဖြင့် အသက်ရှူကြပ်လာပြီး နှစ်ရက်အတွင်း သွေးများ ယိုစိမ့်ပြီး သေဆုံးသွားနိုင်သည်။

ထိုသို့ ရေလောင်းသောအခါ နာရီဝက်ခန့်အကြာတွင် ငေါ့ကျင်ဟုန် အသက်ရှူကြပ်လာပြီး တစ်ကိုယ်လုံးရှိ သွေးများသည် ဦးနှောက်သို့ လာရောက်စုပြုံပြီး မူးမေ့သွားမတတ် ဖြစ်လာလေတော့သတည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

### အရှုံး

အီလိနားသည် မန်ချူးကင်းစခန်းမှ ထွက်ပြေးလွတ်မြောက်လာခဲ့ပြီး နှစ်နာရီခန့် ခရီးအပြင်း နှင်သောအခါ မောဟိုက်လာသဖြင့် ရပ်လိုက်သည်။

သူမသည် ချက်ချင်း ဆုံးဖြတ်ချက် ချလိုက်သည်။

"အင်း ... ဟုတ်ပြီ၊ ငါ သာဆာမြို့ကိုသွားတာ အကောင်းဆုံးပဲ"

သေချာ ဆန်းစစ်ကြည့်သောအခါ မဝံမရဲ ဖြစ်မိပြန်၏။ လာဆာမြို့တွင် သူမ၏ ဆွေမျိုးရင်းချာတစ်ယောက်မှ မရှိပေ။ ဆချွန်မင် ရှိသည့်တိုင် မုံစီလွန် ရှိနေသောကြောင့် ၎င်းထံ မသွားလိုပေ။

ထို့ပြင် သူမ၏ဆရာ သံလက်ဝါး မယ်တော်သည် မန်ချူးစစ်သည်တို့ကို ထောက်ခံအားပေးနေသောကြောင့် သူမအနေနှင့် ဆချွန်မင်ဆီသွား သွားပါက သံသယကင်းမည် မဟုတ်ပေ။



သူမ၏ ကြေကွဲဖွယ်ရာ ဖြစ်ရပ်များကို ပြန်ပြောင်း တွေးမိသောအခါ ဝမ်းနည်းပက်လက် ဖြစ်ရ၏။ ရှိုက်ကြီးတငင် ငိုကြွေးမိလေသည်။

အချိန်မည်မျှ ကြာသွားသည်မသိပေ။ သူမသည် ဇဝေဇဝါ ဖြစ်ရင်း မှုန်ဝါးသော အသံတစ်ခုဖြင့် မေးသည်ကို ကြားလိုက်ရသည်။

"အလို ... ကလေးမ၊ မင်း ဘာကြောင့်ငိုရတာလဲ၊ နောက်ပြီး မင်းကိုယ်မှာ ဘာကြောင့် မန်ချူးတို့ရဲ့ ဝတ်စုံကို ဝတ်ထားရတာလဲ"

အသံကြားရာသို့ အီလိနား လှည့်ကြည့်လိုက်သောအခါ အနက်ရောင် ဝတ်ဆင်ထားသော မိန်းမကြီးတစ်ယောက်ကို မြင်လိုက်၏။

ရှောင်ရှိရှမ်းမှန်း သေချာ ဝေခွဲသောအခါ အီလိနားမှာ အလန့်တကြား ဖြစ်မိ၏။

အကြောင်းက ရှောင်ရှိရှမ်းမှာ ခုံတုံကိုဏ်းနှင့် ရန်ဘက်ဖြစ်သကဲ့သို့ သံလက်ဝါး မယ်တော်နှင့်လည်း ရန်သူဖြစ်၏။

သို့ဖြစ်၍ အီလိနားက တုန်တုန်ယင်ယင်ဖြင့် မေးလိုက်၏။

"ရှင် ... ရှင် ... ရှောင်ရှိရှမ်းနော် ..."

"ဟုတ်ပါတယ် မိန်းကလေး ... ငါဟာ ရှောင်ရှိရှမ်းပါ၊ မင်း မှတ်ဉာဏ်က ဘယ်ဆိုးလို့တုန်း၊ ငါနဲ့ ဆချွန်မင် မင်းတို့ဆီရောက်ခဲ့တာကို မင်း မှတ်မိသေးတယ်နော်"

ရှောင်ရှိရှမ်း ပြုံးရယ်နေသည်ကို တွေ့သောအခါ သူမအရေးပါ ရန်လိုသောသဘော မပါမှန်း အကဲခတ်မိ၍ သူမက အကြံစစ်ခု ရပြီး ဒူးထောက်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ဆရာမကြီး ... ကျွန်မမှာ သေရေးရှင်ရေးနဲ့ ကြုံနေရလို့ ကျွန်မကို ကယ်ပါဦး"

"အို ... ဒူးထောက်စရာ မလိုပါဘူး၊ တူမလေး မင်းကိုငါ မြင်မြင်ချင်း သံယောဇဉ်ရှိပါတယ်၊ ဒီတော့ ဘယ်လိုအခက်အခဲနှင့် ရင်ဆိုင်နေပါစေ၊ ငါ လုံးဝ တာဝန်ယူပါတယ်"

ထိုအခါ အီလီနှားက ဖြစ်ကြောင်းကုန်စင်တို့ ပြန်လည်၍ ဖောက်သည်ချပြီးသောအခါ ရှောင်ရီရှမ်းက ရင်သပ်ရှုမော ဖြစ်မိလေတော့သည်။

သို့သော် သူမ၏ စကားဆုံးသည်နှင့် ရှောင်ရီရှမ်းက ရုတ်တရက် အလန့်တကြား ဆိုလိုက်သည်။

"အလို ... မဖြစ်ဘူး၊ ငါ လူတစ်ယောက်ကို မြန်မြန်သွားကယ်မှပဲ"

"အို ... ဆရာမကြီးက ဘယ်သူ့ကို သွားကယ်ရမှာလဲ"

"အော် ... မင်းက နားဝေးတာကိုး၊ အခု အရေးပေါ် ကယ်ရမှာက မင်းကို ကယ်တင်လိုက်တဲ့ ငေါ့ကျင်ဟုန်ကွယ့်၊ သူ့ခမျာ မန်ချူး သစ္စာဖောက်တို့ဆီမှာ အမှုထမ်းနေပေမယ့် မျိုးချစ်စိတ်ဓာတ် အလွန် ပြင်းထန်တဲ့လူကွယ့်၊ သူအခုလို မင်းကို လွှတ်ပေးလိုက်တာနဲ့ မသက်သာစရာ ဖြစ်နေပြီ၊ အဲဒီတော့ သူ့ကို အချိန်မီ မကယ်တင်ရင် သူ့အသက်အတွက် စိုးရိမ်ရတယ်"

ထိုအချိန်၌ မိုးလင်းနေလေပြီ။



ရှောင်ရီရှမ်းသည် ရယ်၍ ...

"ဪ ... မေ့နေလိုက်တာ၊ ငါက မင်းအတွက် နေရာထိုင်ခင်းပေးဖို့ မေ့နေတာကိုး ... လာ ... ငါနဲ့ လိုက်ခဲ့၊ နေရာချထားပြီးမှ ငေါ့ကျင်ဟုန်ကို ကယ်ဖို့ ငါ စီစဉ်မယ်"

သူမသည် ပြောဆိုရင်းက အီလီနှားကို လက်ဆွဲခေါ်၍ အရှေ့အရပ်သို့ ထွက်ခွာသွားတော့သည်။

✻ ✻ ✻

နေဝင်သည့်တိုင် ငေါ့ကျင်ဟုန်သည် ခြောက်နာရီကြာမျှ မြေကျင်းထဲ၌ ကြုံကြုံတောင့်ခံနေ၍ တစ်ချက်မှ မညည်းပေ။ သူသည် ကြံ့ခိုင်သူဖြစ်၍ ကြုံကြုံခံနေသောကြောင့် အသက်မသေပေ။

ထိုအနိက်မှာပင် ဆူညံသောအသံ ပျံ့လွင့်လာသည်။

"အလို ... ကြည့်စမ်း၊ လေထဲမှာ ပျံလာနေပြီ၊ လူလား၊ နတ်လား မသိဘူး"

ဟုခန်းအန်းက အလန့်တကြားဆိုရင်း တဲအပြင်ဘက်သို့ ချက်ချင်း ထွက်ကြည့်သည်။

မှောင်ရီ ပိုးတဝါးအချိန်တွင် ဝတ်ရုံနက်နှင့် လူတစ်ယောက် လေထုထဲမှ တစ်ရှိန်ထိုး အုန်ဖြင့် ဆင်းသက်လာသည်ကို မြင်ရသည်။

ခပ်လှမ်းလှမ်းမှ ဖြစ်သောကြောင့် ယောကျ်ားမှန်း မိန်းမှန်း ဝေခွဲ၍ မရပေ။ တဲအိမ်နေရာသို့ ရောက်သောအခါ ခြေများဖြင့် တဲအိမ်အမိုးကိုထောက်ပြီး အပေါ်သို့ တစ်ခါပြန်တက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ လေးငါးခါ ဆင်းသက်လိုက်သည်နှင့် ခဏအတွင်းမှာ ဠာနချုပ် တည်ရာသို့ ရောက်လာတော့သည်။

မန်ချူးများ အော်ဟစ်နေသော အသံများကြားက ထိုမဲမဲသဏ္ဌာန်သည် ဌာနချုပ်တည်ရာ ခေါင်မိုးပေါ်သို့ ရောက်ရှိလာသည်။ သူသည် အလံတိုင်ကို ဆွဲနုတ်လိုက်ပြီး 'ဝိုး'ခနဲမြည်အောင် ဝှေ့ယမ်းကာ ဟုခန်းအန်း၏ ဦးခေါင်းတည့်တည့်သို့ ရုတ်တရက် ဖုံးအုပ်လိုက်သည်။

ဟုခန်းအန်၏ ဘေးတွင် ကိုယ်ရံတော်တပ်သား ဆယ်ယောက်ကျော်ခန့် ရှိသော်လည်း ၎င်း မဲမဲသဏ္ဌာန်၏ ပြင်းပြလှသော အရှိန်ကို ခုခံနိုင်စွမ်း မရှိပေ။

သို့ဖြစ်၍ အလံတိုင်၏ ရိုက်ခတ်ခြင်းဒဏ်ကို မခံနိုင်ဘဲ အတုံးအရုံး လဲကုန်ကြလေသည်။

ထိုအခိုက် ရှောင်တခင် တိုက်ခိုက်လာသော သိုင်းပညာရှင်က သွက်လက်သော လှုပ်ရှားမှုဖြင့် ဟုခန်းအန်း နံဘေးသို့ တိုးကပ်လာပြီး နားရွက်ဘေးရှိ သွေးကြောကို လှမ်းထောက်လိုက်သည်။ ဟုခန်းအန်း၏ ကိုယ်ခန္ဓာသည် ချက်ချင်း ထုံကျင် ပျော့ခွေသွားတော့သည်။

ထို့နောက် ဟုခန်းအန်း၏ ဂုတ်ကို ဖမ်းဆွဲပြီး ...

"မန်ချူးသစ္စာဖောက်တွေ ... မင်းတို့ရဲ့ စစ်ဦးစီးကို ဖမ်းမိထားတယ်၊ မင်းတို့လှုပ်ရင် သူ့အသက် ပျောက်ပြီလို့သာ မှတ်ပါ"

ထိုသို့ ပြောဆိုပြီး ...



မျက်နှာဖုံးအနက်ကို ခွာချလိုက်သည်။

ထိုအခါ အမျိုးသမီးတစ်ဦးကို တွေ့ရသည်။ သူမ၏ အသားအရေမှာ စိုပြေပြီး အသက်သုံးဆယ်ခန့်ရှိသော မိန်းမချောတစ်ဦး ဖြစ်နေသည်ကို တွေ့လိုက်ရလေ၏။

ထိုစဉ်မှာပင် ရှောင်ရိရှမ်းက ခနဲ့ပြုံး ပြုံး၍ ဆိုပြန်သည်။

"တောက် ... စစ်ဦးစီးဖြစ်နေပြီး ဒီလောက်တောင် စိတ်ထားယုတ်ညံ့ရသလား၊ အခုလို ညှင်းပန်းနှိပ်စက်တာ လူမဆန်ဘူး၊ ငါပြောသလို ကျင်းထဲကလူကို မြန်မြန် ပြန်လွှတ်စမ်းပါ၊ နို့မဟုတ်ရင်တော့ သူ့အသက်ကို ချက်ချင်း သတ်ပစ်ရလိမ့်မယ်"

ရှောင်ရိရှမ်း၏ ဟစ်အော်သံ ကြားသောအခါ နဂိုက ငေါ့ကျင်ဟုန်အပေါ် ခင်မင်ရင်းနှီးသော စစ်သည်အချို့က ကျင်းဆီသို့ ချက်ချင်းသွား၍ မြေများကို ဂေါ်ပြားဖြင့် ဒလကြမ်း ခတ်ထုတ်ပင့်ကော်ပေးပြီး ငေါ့ကျင်ဟုန်ကို အပေါ်သို့ဆွဲတင်ကာ ကြိုးဖြေပေးလိုက်သည်။

သို့သော် အချိန်ကြာမြင့်စွာ နှိပ်စက်ခံရသောကြောင့် ငေါ့ကျင်ဟုန်မှာ မေ့နေပြီး သတိလစ်နေသည်။

ထိုအဖြစ်ကို မြင်သောအခါ ရှောင်ရိရှမ်းက ငေါ့ကျင်ဟုန်ဆီသို့ ပြေးကပ်သွား၏။

ငေါ့ကျင်ဟုန်၏ ကိုယ်လုံးကို ချိုင်းကြားသို့ ညှပ်ပြီးသည်နှင့် ဟစ်အော် ကြုံးဝါးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟိတ် ... ငါ သွားတော့မယ်၊ မင်းတို့မြားနဲ့ ပစ်နိုင်ရင် ပစ်ကြ"

သူမသည် ပြောဆိုရင်းက ကိုယ်ဖျောက်ပညာဖြင့် ဒွာနချုပ်တဲ့ အမိုးပေါ်သို့ ခုန်တက်ပြီး ခဏအတွင်းမှာ ပျောက်ကွယ်သွားတော့သည်။

မန်ချူးများမှာ မြားနှင့် မပစ်နိုင်ပါ။

အဘယ်ကြောင့်ဆိုသော် ...

သူတို့၏ စစ်သူကြီး ပြန်လည်သတိ ရစေရန် အားလုံးက ကြိုးစားပမ်းစား ပြုစုနေရသောကြောင့်တည်း။

✹ ✹ ✹

စစ်ချီခရာ မှုတ်သံကြား၍ အားလုံးအလန့်တကြား ဖြစ်သွားတော့သည်။

ဆချွန်မင်၏ ဆရာဖြစ်သူ ဆရာကျိုချန်က ပြောသည်။

"အလို ... မန်ချူးစစ်သည်တွေ ချီတတ်လာပြီလား၊ လာ ... မြန်မြန်သွားကြည့်ရအောင်"

ထိုစဉ် တိဘက်ကင်းသမားက ဝင်လာ၍ အစီရင်ခံသည်။

"ဆရာကြီး ... ဟိုနေ့က လေ့ခါးကနေ မြို့ကိုလာရောက်တိုက်ခိုက်တဲ့ အဘွားအိုဟာ အခု မြို့ရိုးပေါ်ကို တက်လာနေပြီ၊ ကျွန်တော်တို့က လေးနဲ့ပစ်ခတ်ပေမယ့် သူ့ကို မထိဘူးဗျ၊ အဲဒါ ဆရာတို့ လာကြည့်ကြပါဦး"



ထိုအခါ ဆရာကျိုချန်၊ ဖွမ့်ကုံတပ်နှင့် ဆချွန်မင်တို့လူသိုက်သည် ချက်ချင်းထွက်၍ မြို့ရိုးတံတိုင်းကို သွားရောက်ကြည့်ရှုသည်။

ထိုသို့ သွားရောက်ကြည့်ရှုသောအခါ သံလက်ဝါး မယ်တော်သည် မြို့ရိုးအတိုင်း တစ်လှမ်းခြင်း တက်လာသည်ကို တွေ့ရ၏။

တိဘက်စစ်သည်တို့ အုတ်တံတိုင်းပေါ်မှ မြားများဖြင့် ပစ်ခတ်သောလည်း သံလက်ဝါး မယ်တော်မှာ မြို့ရိုးတံတိုင်းကို တွယ်ကပ်ထားသောကြောင့် ထိမှန်ခြင်း မရှိပေ။

ထိုအခါ ဆချွန်မင်က အော်ဟစ်အမိန့်ပေးလိုက်၏။

"ဟိတ်ကောင်တွေ ... မြား မပစ်နဲ့တော့၊ သူ့ကို အပေါ် လွှတ်လိုက်"

စစ်သည်များသည် မြားပစ်ခတ်ခြင်းကို ရပ်တန့်လိုက်ကြ၏။ အတန်ကြာသောအခါ သံလက်ဝါး မယ်တော်သည် မြို့ရိုးတံတိုင်းပေါ်သို့ ရောက်လာတော့၏။

အပေါ်သို့ ရောက်လာသည်နှင့် တိဘက်စစ်သည်တို့ ထိတ်လန့်၍ အားလုံး နောက်ဆုတ်သွားကြတော့သည်။

သံလက်ဝါး မယ်တော်သည် မြို့ရိုးတံတိုင်းပေါ်သို့ ရောက်သည်နှင့် အသံကျယ်ဖြင့်အော်ရင်း ဆချွန်မင် ရှိရာသို့ တစ်ရှိန်ထိုး ခုန်အုပ်လိုက်သည်။

"အို ... နေပါဦး၊ ဒါက ဘယ်လို ဖြစ်လာတာလဲ"

ဆချွန်မင်က ရှောင်တိမ်းပေးရင်း ပြောဆိုလိုက်သော်လည်း

www.burmeseclassic.com

www.burmeseclassic.com



သံလက်ဝါး မယ်တော်မှာ ဆချွန်မင်ကို ဒလကြမ်း တိုက်ခိုက်လေတော့သည်။

ဆချွန်မင်က ပြန်လည်တိုက်ခိုက်ရင်း ကပျာကယာ တိမ်းရှောင်လိုက်၏။

ထိုအခိုက်တွင် ဆချွန်မင်ကို ကူညီရန် ဆရာကျိချုန်နှင့် မုံစီလွှန်တို့ ဆောင်ထားကိုယ်စီ ဖွေ့ရမ်း၍ သံလက်ဝါး မယ်တော်ကို ဝင်ပိုင်းလေတော့သည်။

သို့သော် သံလက်ဝါး မယ်တော်သည် ဆချွန်မင်ကိုသာ အညိုးကြီးစွာဖြင့် သဲသဲမဲမဲ ဖိတိုက်သည်။

အတန်ကြာ တိုက်ခိုက်ရင်း သံလက်ဝါး မယ်တော်သည် မကျေမချမ်းဖြင့် ဟစ်အော်ကြုံးဝါးလိုက်သည်။

"ငါ့တပည့်မကို မင်း သတ်ပစ်ခဲ့တဲ့အတွက် သွေးကြွေးဆပ်ရမယ်"

"အလို … အီလီနားကို ကျွန်တော် မသတ်ရပါလား"

ဆချွန်မင် ရှင်းပြသော်လည်း သံလက်ဝါး မယ်တော်မှာ မကျေနပ်ဘဲ ဒလစပ် တိုက်ခိုက်ပြန်သည်။

မုံစီလွှန်မှာ အလန့်တကြား အော်၍ သတိပေးလိုက်သည်။

"အစ်ကို … သူ့ရဲမကြီးကို သတိထားနော် …"

စကားဆုံးသည်နှင့် မုံစီလွှန်မှာ အခွင့်ကောင်းကို လက်လွှတ်မခံဘဲ ဆောင်ဓားဖြင့် အဘွားအို၏ ပခုံးကို မိမိရရ ပိုင်းလိုက်သည်။



သို့ရာတွင် သံလက်ဝါး မယ်တော်သည် အရိုးကြီး ပညာဖြင့် ရုတ်ချည်းတိမ်းရှောင်၍ သူမ၏ ခြေသလုံး သွေးကြောကို ဖမ်းဆုပ်၍ ဖျစ်ညှစ်လိုက်သည်။

သို့ဖြစ်၍ ရွှေလေးရှင် မင်းသမီး၏ ခုတ်ချက်လွဲသွားပြီး သွေးကြောပိတ်ခံရသောကြောင့် မြို့ရိုးပေါ်တွင် မှူးမေ့၍ လဲကျသွားလေတော့သည်။

ဆချွန်မင်မှာ ချစ်သူအတွက် စိတ်စောကာ သံလက်ဝါး မယ်တော်နှင့် တိုက်ခိုက်ရင်း ကျောပြင်နှင့် အုတ်တံတိုင်း ဆောင့်မိသောအခါ နာကျင်၍ မူးဝေမတတ် ဖြစ်မိပေသည်။

ထိုအခါ သံလက်ဝါး မယ်တော်မှာ ဆချွန်မင်ကို တစ်ချက်တည်း အသေသတ်ရန် သံလက်သည်းဖြင့် ဦးခေါင်းကို တအားရိုက်ချလိုက်သည်။

ဆရာကျိချုန်နှင့် အပေါင်းပါတို့သည် ထိတ်လန့်တုန်လှုပ်ရင်း အလန့်တကြား ဖြစ်မိသည်။

ထိုအခိုက် လူရိပ်သဏ္ဍာန်တစ်ခု ဖျတ်ခနဲ ရောက်လာပြီး တစ်ချိန်တည်းမှာ ဘိုင်းခနဲ မြည်ဟီးသံ ကြားလိုက်ရသည်။

အကြောင်းမှာ ထိုလူရိပ်က သံလက်ဝါး မယ်တော်အား ဝင်တိုက်ခိုက်ပြီး နှစ်ယောက်စလုံး အတွင်းဖက် မြို့ရိုးတံတိုင်းပေါ်သို့ ကျသွားခြင်းပင်။

အဖြစ်က မြန်ဆန်လွန်းသောကြောင့် အားလုံး အံ့ဩနေမိပေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ရှောင်တခင် တိုက်နိုက်လာသူကို ကြည့်လိုက်သောအခါ ဝတ်ရုံအနက်နှင့် ရှောင်ရီရှမ်း ဖြစ်လေသည်တကား။

သူမသည် ဆချွန်မင်ကို အချိန်မီ ကယ်တင်ရန် ရောက်လာခြင်းပင် ဖြစ်သည်။

သံလက်ဝါး မယ်တော်သည် ရှောင်ရီရှမ်းကြောင့် အကြံအစည် ပျက်သွားသည်။

"ဒီမှာ ကျွန်မရဲ့ တပည့်မအတွက် ဆချွန်မင်ကို လက်စားချေတာ ရှင်နဲ့ ဘာဆိုင်လို့တုန်း၊ ဘာလဲ ... ရှင်က လူများစုအားကိုးနဲ့ အနိုင်ယူချင်လို့လား"

"ဒီမယ် မိန်းမယုတ် ... ရှင့်အနေနဲ့ ကျွန်မနဲ့ ချိန်းထားတာကို မမေ့ဖို့ အရေးကြီးတယ်"

"အို ... ကျွန်မနဲ့ ရှင်နဲ့ ဘာများချိန်းထားလို့လဲ"

"ဟား ... ဟား ... ဟား ... ရှင် မေ့သွားပြီလား၊ လွန်ခဲ့တဲ့ သုံးရက်က ကျွန်မနဲ့ရှင် ပညာယှဉ်ပြိုင်ဖို့ ချိန်းထားတာလေ၊ အဲဒါ ရှင်သာ ရှုံးခဲ့ရင်တော့ မန်ချူးသစ္စာဖောက်တွေကို အားပေးအားမြှောက် မလုပ်ရတော့ဘူး"

ဆချွန်မင်မှာ တစ်စုံတစ်ရာ ဝင်ပြောမည်ပြုစဉ် ...

မလှမ်းမကမ်းမှ တစ်စုံတစ်ယောက် လျှောက်လာသည်ကို တွေ့ရပေသည်။ အားလုံး အံ့ဩသွားကြ၏။

အထူးသဖြင့် သံလက်ဝါး မယ်တော်မှာ ပို၍ အံ့ဩမိပြီး ဝမ်း သာခြင်းလည်း ဖြစ်မိ၏။



သူမကား တိဘက်ဝတ်စုံ ဝတ်ထားသော အီလီနားပင်တည်း။

အမှန်က ရှောင်ရီရှမ်းသည် သူမအား မြို့တွင်းတစ်နေတာ၌ ချထားပြီး နောက်မှလိုက်လာရန် မှာကြားပြီး ရုတ်တရက် မြို့ရိုးပေါ် တက်လိုက်ရာမှ မမျှော်လင့်ဘဲ ဆချွန်မင်၏ အသက်ကို ကယ်တင်နိုင်ခြင်းပင် ဖြစ်တော့သည်။

သံလက်ဝါး မယ်တော်မှာ အီလီနားကို တွေ့မြင်လိုက်သည်နှင့် ပြေး၍ သိုင်းဖက်မိလေ၏။ သူမသည် အီလီနားအပေါ် တကယ်ပင် သံယောဇဉ်ရှိသည်။

"အို ... တပည့်မ၊ မသေဘူးနော်၊ ဆချွန်မင်က တပည့်ကို သတ်ပစ်ပြီ မှတ်နေတာ"

"အို ... မဟုတ်ပါဘူး ဆရာမရယ်၊ သူတော်ကောင်းကို မစွပ်စွဲပါနဲ့၊ ကျွန်မကို သတ်ချင်တဲ့လူက မန်ချူးလူယုတ်မာ ဟုခန်းအန်းပါ၊ ကျွန်မကို ကယ်တဲ့လူ မရှိရင် ဒီတစ်သက်တော့ ဆရာမနဲ့ တွေ့ရမှာ မဟုတ်တော့ပါဘူးရှင်"

အီလီနားသည် ဖြစ်ကြောင်းကုန်စင် ပြန်လည် ဖောက်သည်ချလိုက်သည်ကို ကြားသောအခါ သံလက်ဝါး မယ်တော်သည် ကိုယ့်ကိုကိုယ် ရှက်ရွံ့မိတော့သည်။

ယခုတော့ အဘွားအို သံလက်ဝါး မယ်တော်သည် စာတ်ရည် လည်သွားလေပြီ။

တကယ်တော့ သူမ၏တပည့်မသည် အသတ်ခံရခြင်း မဟုတ် ပေ။

www.burmeseclassic.com

www.burmeseclassic.com



သူမသာလျှင် ဗိုလ်ချုပ်ဟုခန်းအန်း၏ လှည့်စားခြင်းကို ခံခဲ့ရသည်။

သို့ဖြစ်၍ ဆန္ဒမ်မင်အပေါ်ထားရှိသော လှည့်စားခြင်းကို ခံခဲ့ရ၏။

သို့သော် သူမက အသေးစိတ် ပြန်လည် သုံးသပ်သောအခါ ရှောင်ရှိရှမ်းတို့ ခွန်လွန်ဂိုဏ်းနှင့် ရန်ညှိုးဖြစ်ခဲ့သည်ကို အခဲမကြေနိုင်သေးပေ။

သို့အတွက်ကြောင့် ရှောင်ရှိရှမ်းကို မကျေမနပ်ဖြင့် ဆက်ပြောလိုက်၏။

"ရှင် ကျွန်မရဲ့တပည့်မကို ကယ်ခဲ့တာ ကျေးဇူးတင်တယ်၊ ဒါပေမယ့် ကျွန်မရဲ့ ရန်ညှိုးက မကြေနိုင်သေးဘူး၊ အဲဒီတော့ ရှင် ပြောတဲ့အတိုင်း ဆက်ယှဉ်ပြိုင်ကြရအောင် ..."

သူမသည် ပြောပြောဆိုဆိုဖြင့် သံလက်ဝါးကို ဝှေ့ရမ်းပြီး ရှောင်ရှိရှမ်း၏ ငယ်ထိပ်တည့်တည့်သို့ ထိုးချလိုက်သည်။

ကြိုတင် ပြင်ဆင်မှုရှိသော ရှောင်ရှိရှမ်းသည် ဣန္ဒြေရရဖြင့် အသာ တိမ်းရှောင်ရန် 'လေဆင်နှာမောင်း' သိုင်းကွက်ဖြင့် ပြန်ပက်လိုက်၏။

သံလက်ဝါး မယ်တော်သည် နောက်ဇေ့ကို ရိုက်ခတ်လာသည်ဟု ထင်မှတ်၍ ဝဲဘက်သို့ ကပျာကရာ ရှောင်တိမ်းလိုက်၏။

သို့ရာတွင် ရှောင်ရှိရှမ်းသည် 'ရှမ်ရှမ်' သိုင်းကွက်ကို ထုတ်



သုံးပြီး သံလက်ဝါး မယ်တော်၏ ချိုင်းကြားမှလျှို၍ သူမ၏ ပခုံးကို ဖြန်းခနဲနေအောင် နှစ်ချက်ဆင့် ရိုက်မိသည်။

ပြင်းထန်လှသော အရှိန်ကြောင့် သံလက်ဝါး မယ်တော်သည် နောက်သို့ နှစ်လှမ်းခန့် ဆုတ်သွားရလေ၏။

ခဏအတွင်းမှာ နှစ်ယောက်သား လက်နက်ကိုယ်စီဖြင့် ဘတစ်ပြန် ကျားတစ်ပြန် အကြိတ်အနယ် လုံးထွေး ပူးသတ်လေတော့သည်။ သိုင်းကွက် ငါးဆယ်ခန့် ယှဉ်ပြိုင် သတ်ပုတ်ပြီးသောအခါ သံလက်ဝါး မယ်တော်မှာ တဖြည်းဖြည်း တိုက်ကွက်နယ်ပယ် ကျဉ်းမြောင်းလာသည်။

ထို့ကြောင့် ရှောင်ရှိရှမ်းသည် အခွင့်ကောင်းကိုယူပြီး သူမ၏ ကျောပြင်ကို ပြင်းထန်သော 'စန်ယန်စင်ကုန်' လက်ဝါးတစ်ချက် ရိုက်လိုက်သည်။

သံလက်ဝါးမယ်တော် ကျွမ်းထိုးကျသွားသည်။

"ဟား ... ဟား ... ဟား ... သံလက်ဝါးမယ်တော် ကျွမ်းပစ်ပြီ၊ ကဲ ... မြန်မြန် အညံ့ခံပေတော့ ..."

ရှောင်ရှိရှမ်းက တဟားဟား ရယ်မောရင်း ပြောလိုက်၏။

ထိုအခါ သံလက်ဝါး မယ်တော်သည် ဒေါသလည်းထွက်၊ ရှက်လည်း ရှက်မိပေသည်။ သို့ဖြစ်၍ မျက်နှာထားဖြင့် ပြန်အော်လိုက်၏။

"အင်း ... အပွဲပွဲနွှဲခဲ့သမျှ ဒီတစ်ချီကျတော့ ခံရတယ်ကွ ...

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ပြန်တော့မယ်၊ ဟောဒီ တိဘက်နယ်ပယ်မှာတော့ ရှင်တို့ ခွန်လွန်ဂိုဏ်းက ကြီးစိုးဦးပေါ့၊ ဒီတော့ ငါးနှစ်အကြာမှာ ကျွန်မကို ဆက်ဆက် စောင့်နေပါ၊ အဲဒီအချိန်ကျတော့ ကျွန်မတို့ မကြေပွဲ ထပ်ယှဉ်ကြသေးတာပေါ့"

သူမသည် ပြောဆိုပြီး လှည့်ပြန်ရန် ဟန်ပြင်လိုက်သည်။

"နေပါဦးရှင် ..."

ရှောင်ရိရှမ်းက ဟန့်တားလိုက်သောအခါ သံလက်ဝါး မယ်တော်မှာ ဇဝေဇဝါဖြစ်ရင်း ရုတ်တရက် ရပ်၍ ပြန်မေးလိုက်၏။

"ရှင် မလွန်လွန်းဘူးလားဟင်၊ အခု ကျွန်မက အညံ့ခံပြီး ပြီပဲ၊ ရှင်က အနိုင်ကျင့်ဦးမလို့လား"

"ဒီလို မဟုတ်ပါဘူး၊ ကျွန်မတို့ရဲ့ ခွန်လွန်ဂိုဏ်းက သိုင်းစာအုပ်နဲ့ မီးကာဓားကို ရှင့်ဆီမှာ ရှိတယ်မဟုတ်လား၊ အဲဒီဓားဟာ ပိုင်ရှင်လက်ထဲ ပြန်ရောက်သွားပြီ၊ အဲဒီတော့ ရှင့်ဆီမှာကျန်တဲ့ သိုင်း စာအုပ်ကို ပြန်ပေးခဲ့ရင် ရှင့်ကို ပြန်လွှတ်မယ်"

"ဟား ... ဟား ... ဟား ... ရယ်စရာ ကောင်းလိုက်တာ၊ ရှင်ဟာ သိုင်းလောကရဲ့ ဓလေ့ထုံးစံကို နားမလည်ဘူးလား၊ ဥစ္စာလိုရင် ဥစ္စာရင်ခဲရတယ်၊ အခု ... သိုင်းပညာစာအုပ် ကျွန်မဆီမှာ ရှိပါတယ်၊ ရှင် အစွမ်းအစရှိရင် လာယူပါလား"

သူမ၏ စကားကို ကြားသောအခါ ရှောင်ရိရှမ်းမှာ ဒေါသထွက်ပြီး ဝင်ရောက်တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။



ထိုအခါ ဘေးနားမှာ ဆရှုန်မင်က အသံကျယ်ကျယ်ဖြင့် ကြားဝင်ဆိုလိုက်သည်။

"ဆရာမကြီး ... အဲဒီ သိုင်းပညာစာအုပ်ကို ယူသွားပါစေဗျာ၊ ဒီအသွားအိုကို ငါးနှစ်လောက် ပေးကျင့်ပြီးမှ ကျွန်တော်နဲ့ ထပ်တွေ့မယ်"

ဆရှုန်မင်၏စကားကို ကြားသောအခါ သံလက်ဝါး မယ်တော်က ဝမ်းသာအားရဖြင့် ဆို၏။

"ကိုင်း ... ရှင်ကြားတဲ့အတိုင်းပဲ မဟုတ်လား၊ အဲဒီသိုင်းစာအုပ်ဟာ ရှင့်အစ်ကိုကြီး ပိုင်တာဖြစ်ပေမယ့် ဆရှုန်မင်ကို ပေးပြီးသားမို့ သူပိုင်ဖြစ်နေပြီ၊ အခုပဲ သူက ကျွန်မကို ငှားမယ်လို့ ပြောပြီးပြီ၊ အဲဒီတော့ ... ရှင်ဘာမှ ဝင် မရှုပ်ရင် ကောင်းမယ်"

သူ၏ စကားကြောင့် ရှောင်ရိရှမ်းမှာ ဒေါသထွက်လွန်း၍ စကားမပြောနိုင်ပေ။

ၾင်းအချိန်မှာပင် အီလိနားက ပြေးထွက်လာရင်း သံလက်ဝါး မယ်တော်ကို အော်ပြောလိုက်သည်။

"ဆရာ ... ဆရာ ... ခုံလုံဂိုဏ်းကို ပြန်မလို့လား၊ ဒါဆိုရင် ကျွန်မလည်း ဆရာနဲ့အတူ လိုက်ခဲ့မယ်လေ"

"ဟား ... ဟား ... အခုအချိန်မှာ ငါဟာ နင့်ဆရာ မဟုတ်တော့ဘူး၊ နင့်ရဲ့ဆရာဟာ ဒီမှာလာ ရှုံးနိမ့်ခဲ့တာကြောင့် နင့်ကို တပည့်အဖြစ် လက်မခံဝံ့တော့ဘူး၊ အဲဒီတော့ နင် သူတို့နဲ့ လိုက်သွားပါ"

www.burmeseclassic.com

www.burmeseclassic.com



သံလက်ဝါး မယ်တော်က စိတ်ဆိုးမာန်ဆိုးနှင့် ပြောလိုက်သောကြောင့် အီလီနားမှာ ရှိက်ကြီးငင် ငိုကြွေးမိလေသည်။

"အို ... ဘာပဲပြောပြော ကျွန်မကတော့ ဆရာနဲ့ လိုက်မှာပဲ"

ရှောင်ရီရှမ်းက ...

"ဒီမယ် မိန်းကလေး ... သူက လက်မခံချင်တဲ့ နောက်တော့ သူ့နောက်လိုက်မနေပါနဲ့၊ လာပါ ... အဒေါ်နဲ့ပဲ လိုက်နေပါကွယ်၊ အဒေါ် စောင့်ရှောက်ပါ့မယ်"

ရှောင်ရီရှမ်းက ဝင်၍ နှစ်သိမ့်အားပေးရသည်။

ပြိုင်ပွဲတွင် ရှုံးနိမ့်သော သံလက်ဝါး မယ်တော်သည် ရှက်ရှက်ဖြင့် တစ်ချိုးတည်း ထွက်ခွာသွားတော့လေသတည်း။

* * *

## အခန်း (၃၁)

## တပ်ဆုတ်ခြင်း

ရှောင်ရီရှမ်းက ဝေါ့ကျင်ဟုန်တစ်ယောက် ညှဉ်းပမ်းနှိပ်စက်ခြင်း ခံနေရသည်ကို ပြောပြသည်။ ၎င်းအား ဗိုလ်ချုပ်ဟုခန်းအန်းထံမှ ပြန်လည်ကယ်တင်ခဲ့သည့် အဖြစ်ကို ပြန်၍ ဖောက်သည်ချလိုက်သည်။

ထိုအခါ ဆရချွန်မင်က သူ့အတွက် များစွာ စိတ်မကောင်းဖြစ်မိသည်။

သို့သော် ...

ဆရာ ကျိုချန်ကို ချက်ချင်းက အဖော်ညှိလိုက်သည်။

"ဆရာ ... ကျွန်တော်တို့ သူ့ကို သွားကြည့်ကြစို့"

ဆရာကျိုချန်လည်း ဝေါ့ကျင်ဟုန်၏ လျှို့ဝှက်တာဝန်မှာ ဘာကြောင့် သတင်းပေါက်ကြားရသည်ကို သိလို၍ ချက်ချင်း သဘောတူလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



၎င်းတို့သည် ရှောင်ရိုရှမ်း၏ တဲရှိရာသို့ ရောက်လာကြသည်။

ထိုအချိန်တွင် တဲအိမ်ထဲတွင် ရှိနေသော ငေါ့ကျင်ဟုန်သည် သိုးမွေး စောင်တစ်ထည်ကိုခြုံပြီး ပင်ပန်းနွမ်းနယ်ခြင်းကြောင့် လဲနေလေသည်။

ဆချွန်မင် ဝင်လာသည်ကို တွေ့သောအခါ သူ၏မျက်လုံးအစုံသည် ဝမ်းသာ၍ တောက်ပသွားသည်။

သို့ဖြစ်၍ အားယူရုန်းကန်ပြီး ထထိုင်ရန် ဟန်ပြင်လိုက်သည်။ နောက်မှ ကပ်လိုက်လာသော အီလီနားက ချက်ချင်း ပြေးကပ်သွားပြီး လက်ဖဝါးနုနုကလေးဖြင့် ဟန့်တားလိုက်၏။

"အို ... အစ်ကို အိပ်ရာက ထလို့ မဖြစ်သေးဘူးလေ၊ ဆရာမပြောတော့ အစ်ကို နောက်ထပ် တစ်ရက်အနားယူမှ အိပ်ရာက ထ,လို့ရမယ်တဲ့ရှင့်"

သူမသည် ပြောပြောဆိုဆိုနှင့် ငေါ့ကျင်ဟုန်၏ ကျောပြင်ကို ကြင်ကြင်နာနာဖြင့် နှိပ်နယ်ပေးလိုက်သည်။

ထိုအဖြစ်ကို မြင်သောအခါ နှမလေးလို ချစ်ခဲ့ရသော အီလီနားအတွက် ဆချွန်မင်သည် စိတ်သက်သာရာ ရရှိပြီး သူတို့နှစ်ဦးပေါင်းဖက်နိုင်ရင် သိပ်ကောင်းမှာပဲဟု ရင်ထဲ၌ တွေးတောမိသည်။

ငေါ့ကျင်ဟုန်က အီလီနားကို ကယ်တင်ခဲ့သည့်အတွက် ဟုခန်းအန်းက သူ့အပေါ် သံသယဖြစ်ပြီး နှိပ်စက်ရင်း စစ်မေးခဲ့သည့် အဖြစ်ကို ပြန်လည် ဖောက်သည်ချမိ၏။



နောက်ဆုံးတွင် ငေါ့ကျင်ဟုန်က မှတ်ချက်ချ၍ ဆက်လက်ပြောဆိုလိုက်သည်။

"ဒီမှာ ဆချွန်မင် ... ဟုခန်းအန်းဟာ အလွန် ရက်စက်ကြမ်းကြုတ်တဲ့လူဗျ၊ သူ အခု နောက်တန်းက အမြောက်တပ် အရောက်ကို စောင့်နေတာ၊ အမြောက်တပ် ရှေ့တန်းကို ရောက်တာနဲ့ သူဟာ လာဆာမြို့တော်ကို တိုက်စစ်ဆင်ပါလိမ့်မယ်၊ အဲဒီတော့ အစ်ကိုတို့ အထူးသတိထားဖို့ လိုတယ်ဗျာ"

ငေါ့ကျင်ဟုန် စကားပြောနေသော အချိန်မှာပင် အပြင်ဘက်မှ ပျံ့လွင့်လာသော တဝုန်းဝုန်း တဒိုင်းဒိုင်း အသံများကို ကြားလိုက်ရတော့သည်။

ထိုအသံကို ကြားရသောအခါ ဆရာကိုချန်က အမူအရာ ပျက်သွားလေတော့၏။

"ဆချွန်မင် ... မန်ချူးတွေ လာဆာမြို့ကို တိုက်စစ်ဆင်နေပြီ၊ တို့တတွေ လာဆာမြို့ကို ချက်ချင်း ပြန်မှဖြစ်မယ်"

ဆရာ၏ နှိုးဆော်သံကို ကြားသောအခါ ဆချွန်မင်သည် ရုတ်ချည်း ထ,ရပ်၍ နှုတ်ဆက်လိုက်သည်။

"ကဲ ... ငေါ့ကျင်ဟုန် အေးအေးလူလူ အနားယူကွာ၊ အစ်ကို နောက်တော့မှ လာတွေ့ပါဦးမယ်"

ဆချွန်မင်သည် နှုတ်ဆက်ရင်းက တစ်ဖက်သို့လှည့်၍ မေးလိုက်ပြန်သည်။ သူမေးမိသည်မှာ ရှောင်ရိုရှမ်း ဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာမ ... ကျွန်တော်တို့နဲ့ မြို့ထဲကို အတူတူလိုက်ခဲ့မှာလားဟင်"

"မင်းတို့ဘာသာ မြို့ထဲကို ပြန်ကြပါကွယ်၊ ဒီမှာ ငေါ်ကျင်ဟုန်ကိုလည်း စောင့်ရှောက်ရဦးမယ်"

ထို့နောက် ဆရာကျိုချန်တို့လူစုသည် နှုတ်ဆက်ပြီး လာဆာမြို့တော်သို့ ထွက်လာခဲ့ကြပေတော့သတည်း။

✷ ✷ ✷

သူတို့ ကြိုတင် တွက်ဆထားသည့် အတိုင်းပင် မန်ချူးစစ်သည်တို့က လာဆာမြို့တော်ကို တိုက်စစ်ဆင်နွှဲနေလေပြီ။

ငေါ်ကျင်ဟုန်ကို ရှောင်ရိရှမ်းက ဝင်ရောက်ပြီး ကယ်တင်သွားသဖြင့် ဗိုလ်ချုပ် ဟုခန်းအန်းမှာ ဒေါသပုန်ထပြီး စစ်ကဲဗိုလ်မှူးများကို အမိန့်ပေးလိုက်သည်။

ဟုခန်းအန်း၏ ရှေ့တန်းတပ်မဟာမှာ တစ်သိန်းခန့် ရှိသည်။ စစ်သည်တို့ကိုလည်း လာဆာမြို့သို့ တိုက်ခိုက်ချီတက်ရန် အမိန့်ပေးလိုက်သည်။

အခုတစ်ခေါက် တိုက်စစ်သည် ဟုခန်းအန်းက စစ်သည်မြောက်များစွာကို အဆုံးရှုံးခံ၍ ဆွဲနွှဲခြင်းပင် ...

တိုက်ပွဲတွင် အလိုအပ်ဆုံးဖြစ်သော ဆယ်ကိုယ်ကျော်ခန့် အမြင့်ရှိ လှေခါးတစ်ရာကျော်ခန့်ကို တိုက်ပွဲတွင် ထုတ်သုံးသည်။



လှေခါးတစ်ခုကို မြင်းလေးကောင်တွင်ဆွဲစေ၍ လှေခါးတိုင်းတွင် စစ်သည် သုံးဆယ်ခန့်ကို တွဲဖက်ပေးထားပြီး ၎င်းတို့က မြို့ရိုးတံတိုင်းကို ထိုးဖောက်ဝင်စီးရန် မဟုတ်ပေ။

သူတို့တတွေသည် လေး ကိုယ်စီ ကိုင်ဆောင်ထားပြီး ရေနံချေးများသုတ်ထားသော အဝတ်လုံးကြီးများလည်း ပါရှိလေသည်။

မြို့ရိုးတံတိုင်းသို့ ချဉ်းကပ်သွားကြသည်နှင့် မန်ချူးစစ်သည်တို့သည် အသင့်ပါလာသော မီးအဝတ်များဖြင့် ပစ်လွှတ်လိုက်၏။

ထိုအခါ မီးလောင်နေသော အဝတ်တို့သည် တစ်ရှိန်ထိုးအဟုန်ဖြင့် မြို့ရိုးတံတိုင်းသို့ မြားများနှင့်အတူ တဖွဲဖွဲ ရောက်ရှိသွားတော့သည်။

သို့ဖြစ်၍ ခဏအတွင်းမှာ လာဆာမြို့တစ်ခုလုံး မီးဟုန်းဟုန်းတောက်နေတော့သည်။

မီးဖြင့် တိုက်ခိုက်ခြင်းသည် မန်ချူးတို့၏ ပထမ စစ်ဆင်ရေးပင် ဖြစ်၏။

ဒုတိယအဆင့်တွင် ဟုခန်းအန်းက အမြောက်တပ်မှ ယမ်းများဖြင့် ပစ်ဖောက်ရသော အမြောက်အလက် လေးငါးရာကို ရှေ့တန်းသို့ တွန်းပို့နိုင်းလိုက်၏။

ထို့ပြင် ဟုခန်းအန်းက လက်ရွေးစင်တပ်သား သုံးသောင်းခန့်ကို ရွေးချယ်၍ သူတို့ကို သံချပ်ကာ သံချိတ်တို့အပြင် ခါးတွင် အုန်းဆံကြိုးပတ်စေလျက် တောင်ထိပ်ကိုအရ သိမ်းပိုက် တိုက်ခိုက်နိုင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



တဖန် ၎င်းလက်ရွေးစင် တပ်သားတို့ ရှုပ်ရှုပ်ချွံချွံ မတိုက်နိုက်မည်စိုးသောကြောင့် လက်မရွံ့ လူသတ်သမား သုံးလေးထောင်ကို နောက်မှ ကြပ်မတ်စေ၍ ချီတက်နိုင်း၏။

ချီတက်တိုက်နိုက်သော စစ်သည်တို့ ကြောက်ရွံ့ပြီးနောက်ဆုတ်ပါက ချက်ချင်းကွပ်မျက်နိုင်းသည်။

ထိုသို့ စစ်သည် အလုံးအရင်းနှင့် တိုက်နိုက်သည့်ပြင် ကြီးမားသော နစ်နာချက်ဖြင့် ဒလကြမ်း တိုက်နိုက်နေသောကြောင့် တိုက်ပွဲမှာ ကြောက်ခမန်းလိလိ ပြင်းထန်လှသည်။

ထိုသို့ ပြင်းထန်သောတိုက်ပွဲ ဆင်နွဲသောအခါ တိဘက်စစ်သည်တို့က သာမန်အချိန်မှာကဲ့သို့ ခုခံကာကွယ်သည်။

၎င်းတို့သည် သမားရိုးကျနည်းဖြင့် မြားနှင့်ပြန်လည်ပစ်ခတ်၍ မြို့ရိုးတံတိုင်းပေါ်မှ ကျောက်တုံး ကျောက်ခဲများကို လိမ့်၍ ပစ်ချလေသည်။

သို့ရာတွင် မန်ချူးတို့ဘက်မှ ဖိဖိစီးစီး ဒလကြမ်း တိုက်နိုက်သောကြောင့် တိဘက်စစ်သည်များဘက်မှ အထိနာသည်။

ထို့ပြင် မီးတုတ်ပါသော မြားများ မြို့ရိုးပေါ်သို့ တဖွဲဖွဲ ကျရောက်လာသောကြောင့် အလုအယက် မီးသတ်ရ၍ ဖရိုဖရဲ ဖြစ်ကုန်ကြ၏။

၎င်းအချိန်မှာပင် ဝုန်းခနဲအသံမြည်ရင်း ဧရာမ ကျောက်တုံးကြီးတစ်တုံး မန်ချူးဘက်မှ ပစ်ခတ်လိုက်တော့သည်။



၎င်းကျောက်တုံးကြီးသည် မုံစီလွန်နှင့် မလှမ်းမကမ်း နေရာတွင် ကျရောက်၍ တိဘက်စစ်သည်အားလုံးတို့ ထိတ်လန့် ချောက်ချားမိကြပေသည်။

သို့သော် မုံစီလွန်က ဣနြေ္ဒရရနေ၍ တည်ငြိမ်စွာဖြင့် မေးလိုက်သည်။

"ဟေး ... မန်ချူးတို့ဘက်က ယန္တရားစက်တွေနဲ့ ကျောက်တုံးကြီးတွေကို ပစ်ခတ်နေတယ် မဟုတ်လား"

"ဟုတ်ကဲ့မမ ... မန်ချူးတို့ဘက်က ဒီတစ်ခေါက် စက်ယန္တရား တပ်ကို အထူးပြင်ဆင်ထားပါတယ်၊ ပြီးတော့ မီးတုတ်ပါတဲ့ မြားတွေလည်း ပါသေးတယ်ဗျ"

ဖွမ့်ကျင်ကျို၏ စကားမဆုံးမီမှာပင် မန်ချူးတို့ဘက်က ပစ်လွှတ်လိုက်သော မြားတစ်စင်းသည် ကျလာရင်းက မီးဟုန်းဟုန်းတောက်လောင်လာလေသည်။

ဖွမ့်ကျင်ကျိုက ဆက်၍ ၎င်းမြားကိုညွှန်ပြရင်း ...

"မမ ... ဟိုမှာကြည့်စမ်း၊ အဲဒါ ... မန်ချူးတွေရဲ့ ကျူးကျော်မှုတွေပဲ"

တိုက်ပွဲအခြေအနေကို အသေးစိတ် လေ့လာသုံးသပ်ရန် မုံစီလွန်က ဆက်လက် မေးမြန်းလိုက်သည်။

"ဒါနဲ့ မန်ချူးတို့ဖက်က မြို့ရိုးကို ထိုးဖောက်ဖို့ အစီအစဉ်တယ် ရှိသလား"

www.burmeseclassic.com

www.burmeseclassic.com



"ရှိပါတယ် မမ ... သူတို့ စစ်သည်အလုံးအရင်းနဲ့ ချီတက်လာရင် ပုရွက်ဆိတ်အုံလို အလွန်ကြောက်စရာ ကောင်းပါတယ်၊ အခုဆိုရင် သူတို့ တောင်ခါးစောင်းကို ရောက်လုနေပါပြီ"

ထိုအခါ မုံစီလွန်က အတန်ကြာစဉ်းစားရင်း ဖြေသိမ့် ဖျောင်းဖျလိုက်သည်။

"အို ... သိပ်လည်း ပျာယာခတ်နေဖို့ မလိုပါဘူးကွယ်၊ လာဆာမြို့က အိမ်တွေဟာ အုတ်အိမ်တွေ များနေတော့ သူတို့မီးကို သိပ်ကြောက်စရာ မလိုပါဘူး၊ တို့တတွေ သူတို့ရဲ့ရန်ကို ကာကွယ်ဖို့ လွယ်ပါတယ်၊ အိမ်တိုင်းအိမ်တိုင်းကို သဲပုံးတွေ အသင့်ပြင်ထားခိုင်းပြီး မီးတုတ်ပါတဲ့မြား ရောက်လာတာနဲ့ သဲပုံးနဲ့ ဖုံးအုပ်ခိုင်းတာပေါ့၊ အဲဒါ ရေထက် ပိုထိရောက်တယ်"

သူမ၏အကြံ ကြားရသောအခါ ဖွမ့်ကျင်ကျို့က ခေါင်းညိတ်ပြ၍ အမိန့်ကိုနာခံရန် ချက်ချင်း အကြောင်းကြားလိုက်သည်။ ထိုသို့ စီစဉ်ပြီးသည်နှင့် မုံစီလွန်ဘက်သို့ လှည့်၍ မေးမြန်းလိုက်၏။

"မမ ... အခု မန်ချူးဘက်က စက်ယန္တရားတပ်နဲ့ မြို့ရိုးတံတိုင်းပေါ်ကို ကျောက်တုံးတွေ ပစ်တင်နေပါတယ်၊ အဲဒါ ကျွန်တော်တို့ ဘယ်လို ကာကွယ်ရင် ကောင်းမလဲ"

"အင်း ... ဒီလိုလုပ်ရင် ကောင်းမယ်၊ မင်း အစောင့်တပ်သားတွေကို ချက်ချင်း အမိန့်ပေးလိုက်ပါ၊ မြို့ရိုးတံတိုင်းပေါ်မှာ စစ်သည် သုံးပုံ တစ်ပုံပဲ ချန်ရစ်ခဲ့ပါ၊ ကျန် သုံးပုံ နှစ်ပုံရှိတဲ့ ရဲဘော်တွေကိုတော့ အတွင်းဘက် အုတ်တံတိုင်းဆီ ဆုတ်ခွာဖို့ အမိန့်ထုတ်လိုက်ပါ"



သူမ၏ စကားကို ကြားသောအခါ သူမ၏ နည်းဗျူဟာကို နားမလည်သောကြောင့် တပ်ဖွဲ့မှူး ဖွမ့်ကျင်ကျို့ ညီအစ်ကိုတို့က အလန့်တကြားဖြင့် ပြန်မေးလိုက်၏။

"အို ... အဲဒါ မဖြစ်ဘူးထင်တယ် မမ၊ သူတို့ကို နောက်ဆုတ်ခိုင်းရင် မန်ချူးနယ်ချဲ့တို့က အခွင့်ကောင်းယူပြီး မြို့ရိုးတံတိုင်းပေါ်ကို တက်လာရင် ဘယ့်နှယ် လုပ်မလဲ"

"အင်း ... မင်းတို့ တယ်အ,ပါလားကွာ၊ စက်ယန္တရားဆိုတာ လူတွေ အစုအဝေးနေမှ အသေအကြေ များတာယ်ကွယ့်၊ တို့ အခုလို လူလျှော့လိုက်တော့ သူတို့ရဲ့ စက်ယန္တရားတပ်ဟာ အလကားဖြစ်သွားတာပေါ့"

"ဪ ... ကျွန်တော် အခုမှ သဘောပေါက်တယ်၊ ဒါပေမယ့် မန်ချူးစစ်သည်တွေ မြို့ရိုးတံတိုင်းပေါ်ကို ထိုးဖောက်ဝင်ရောက်လာရင် ကျွန်တော်တို့က စစ်သည်အင်အား နည်းနေတော့ ဘယ်လို ခုခံကာကွယ်မလဲ"

"အို ... အဲဒီအတွက် စိတ်ပူစရာ မလိုပါဘူးကွယ်၊ သူတို့ စစ်သည်တွေဟာ မြို့ရိုးတံတိုင်းပေါ်ကို ရောက်လာရင် စက်ယန္တရားနဲ့ ပစ်ခတ်တော့မှာ မဟုတ်ပါဘူး၊ အဲဒီ အချိန်ကျမှ တို့ နောက်ဆုတ်ထားတဲ့ ရဲဘော်တွေကို မြို့ရိုးတံတိုင်းပေါ် စေလွှတ်ပြီး တန်ပြန်တိုက်ခိုင်းပါ့မယ်"

မုံစီလွန်၏ အကျယ်တဝင့် ရှင်းလင်းချက်ကို ကြားရပြီးမှ ဖွမ့်ကျင်ကျို့ ညီအစ်ကိုတို့သည် နားလည် သဘောပေါက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ သူမ၏ အမိန့်အတိုင်း စီစဉ်မှု ချမှတ်ကိုက်၏။

ထို့ပြင် အိမ်တိုင်းအိမ်တိုင်းကိုလည်း သံပုံးများ ပြင်ဆင်ထားနိုင်းပြီး မီးလောင်နေသော မြားများကို ငြိမ်းသတ်ရန် စီစဉ်ခဲ့၏။

ထိုသို့ အကွက်ကျကျ စီစဉ်လိုက်သောအခါ လာဆာမြို့၏ အခြေအနေမှာ ပြန်လည်ငြိမ်သက် ကောင်းမွန်လာတော့သည်။

မန်ချူးစစ်သည်တို့၏ ပြင်းထန်လှသော တိုက်စစ်သည်လည်း အချည်းနှီးသာ ဖြစ်လေတော့သည်။

သို့သော် မြို့ရိုးတံတိုင်းပေါ်မှ တိဘက်စစ်သည်များကို လျော့လိုက်သောကြောင့် မန်ချူးဘက်မှ အသေခံတပ်မှ စစ်သည်သုံးသောင်းမှ တစ်ဝက်ခန့်တို့သည် မြို့ရိုးတံတိုင်းပေါ်သို့ ထိုးဖောက်ဝင်ရောက်လာလေပြီ။

၎င်းတို့ဘက်မှ စစ်သည်တို့ကို မှားပြီး ပစ်ခတ်မည် စိုးသောကြောင့် မန်ချူးတို့ဘက်မှ ယန္တရားလည်း ပစ်ခတ်ခြင်းကို ရပ်တန့်လိုက်လေ၏။

ထိုအခါ မုံစီလွန်က အတွင်းဘက် အုတ်တံတိုင်းသို့ ဆုတ်ခွာခဲ့သော တိဘက်စစ်သည်တို့ကို မြို့ရိုးတံတိုင်းပေါ်သို့ ချီတက်ဝိုက်ခိုက်ရန် အမိန့်ပေးလိုက်သည်။

၎င်းတပ်ဖွဲ့မှ စစ်သည်တို့သည် တဟုန်ထိုးအရှိန်ဖြင့် မြို့ရိုးတံတိုင်းပေါ်သို့ ချီတက်သွားကြသည်။

ထို့နောက် အသင့်ပြင်ဆင်ထားသော ကျောက်တုံးကြီးများဖြင့် မြို့ရိုးတံတိုင်းအောက်သို့ လှိမ့်ချလိုက်သည်။



ထိုသို့ ရန်သူတို့၏ တိုက်ခိုက်ခြင်းကို ဖြိုခွင်းပြီးသည်နှင့် ရန်သူ၏ စက်ယန္တရားတပ်၏ ရန်ကို ရှောင်ရှားရန် အလို့ငှာ အတွင်းဘက် အုတ်တံတိုင်းဆီသို့ ချက်ချင်း ပြန်ဆုတ်လာကြ၏။

တိဘက် စစ်သည်တို့သည် ရှွေလေးရှင် မင်းသမီး မုံစီလွန်၏ ကွပ်ကဲအပ်ချုပ်မှုအောက်တွင် ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်ပြီး ကျောက်တုံးများ တွန်းချသောကြောင့် မန်ချူးတို့ အထိနာကြလေ၏။

မြို့တံတိုင်းသည် မြင့်မား မတ်စောက်လှသောကြောင့် မန်ချူးစစ်သည်တို့မှာ မြို့ရိုးတံတိုင်းပေါ်သို့ လွယ်လင့်တကူ မတက်နိုင်ပေ။

သို့ဖြစ်၍ တိဘက်စစ်သည်တို့၏ တန်ပြန်တိုက်ခိုက်မှုကြောင့် မန်ချူးဖက်မှ အသေခံတပ်သား သောင်းငါးထောင်တို့သည် ငါးပုံလေးပုံခန့် သေကြေကြကုန်၏။

မြို့ရိုးတံတိုင်းဆီသို့ မရောက်သေးသော မန်ချူးစစ်သည်တို့မှာ တစ်သောင်းကျော်ခန့် ရှိသေး၏။

သူတို့၏ စစ်သည်များ ရုပ်ပျက်ဆင်းပျက် သေဆုံးပုံကို တွေ့မြင်ရသောအခါ ကြောက်ဒူးတုန်ကြ၏။ အသေခံ တပ်သားတို့လည်း ကြောက်ရွံ့ ထိတ်လန့်မိကြသည်။

ရှေ့သို့ မချီတတ်ဝံ့တော့ဘဲ တောင်ပေါ်မှ ပြေးဆင်းလာကြသည်။ ထိုအခါ လက်မရွံ့ လူသတ်သမားတို့ ထိန်းမနိုင်သိမ်းမရဖြစ်ပြီး အချင်းချင်း လုံးထွေး သတ်ပုတ်ကြကုန်၏။

၎င်းအချိန်တွင် နောက်တန်း၌ စီမံကွပ်ကဲနေသော ဗိုလ်ချုပ်

www.burmeseclassic.com

www.burmeseclassic.com



ဟုခန်းအန်းသည် ရှေ့တန်းတွင် အခြေအနေ မလှမှန်း သိသည်နှင့် ရှေ့တန်းစစ်မျက်နှာသို့ ချက်ချင်း ဆင်းလာသည်။

လာဆာမြို့၏ ပထဝီ အနေအထားမှာ ခိုင်ခံ့တောင့်တင်းလွန်းသောကြောင့် ထိုသို့ အမြန်နည်းဖြင့် သိမ်းပိုက်၍မရမှန်း သိရှိရသည်။

သို့ဖြစ်၍ သက်ပြင်းရှည်တစ်ချက်ချရင်း တပ်ဖွဲ့အားလုံးကို နောက်ဆုတ်ရန် ခရာဖြင့် မှုတ်ခိုင်းလိုက်၏။

ထိုအမိန့်ကို ကြားသောအခါ မန်ချူးစစ်သည်တို့သည် ဝမ်းသာအားရဖြင့် နောက်ဆုတ်ကြကုန်၏။

ဟုခန်းအန်းလည်း စစ်ရှုံးသောကြောင့် လက်မှိုင်ချကာ သူ၏ ဌာနချုပ်တို့ နောက်ဆုတ်သွားတော့သတည်း။

✹ ✹ ✹

## အခန်း (၃၂)

## စစ်ဦးစီးချုပ် သေဆုံးခြင်း

ဆရာမကြီး ရှောင်ရိရှမ်းက ဒဏ်ရာရထားသော မုံစီလွန်နှင့် ငေါ့ကျင်ဟုန်တို့သည် ပြန်လည် ရှင်လန်းလာသည်ကို မြင်ရသောကြောင့် ခရီးဆက်ထွက်ရန် စီစဉ်သည်။

သုံးရက်ခန့် ကြာမြင့်ခဲ့သည်။

ဆရာကျိုချန်ကို နှုတ်ဆက်သောအခါ ဆချွန်မင်က အလန့်တကြားဖြစ်ရင်း မေးလိုက်၏။

"အလို... ဆရာမ ပြန်တော့မလို့လား၊ ကျွန်တော်တို့ရဲ့ တော်လှန်ရေးကိစ္စကို လုံးဝ ပစ်ပယ်ထားတော့မှာလား"

"အင်း... မင်းတို့ တော်လှန်ရေး ကိစ္စကို မကူညီချင်လို့ မဟုတ်ပါဘူး၊ တို့ဂိုဏ်းရဲ့ စည်းမျဉ်းကို မကျူးလွန်ဝံ့လို့ပါကွယ်၊ မင်းရဲ့ တော်လှန်ရေးစိတ်ဓာတ်ကို ချီးကျူးဂုဏ်ယူမိတယ်၊ ဒါပေမယ့် မင်းတို့ အင်အားနည်းလွန်းတာကြောင့် ထမြောက်အောင်မြင်ဖို့ မလွယ်ကူဘူးကွယ့်၊ အဲဒီတော့ မင်းတို့ရဲ့ အခြေအနေ မဟာမိုင်း ဆရာမတို့

www.burmeseclassic.com

www.burmeseclassic.com



စခန်း နတ်ရေကန်ကို လာကြပါ၊ ဆရာမ မင်းတို့အတွက် အားလုံး တာဝန်ယူတယ်"

"ဟုတ်ကဲ့ ... အခုလို ကူညီတာကို ကျေးဇူးတင်ပါတယ်၊ ဒါနဲ့ ဆရာမက ခုတဲ့တောင်ကို ခရီးထွက်မှာလားဟင်"

"မဟုတ်ပါဘူးကွယ်၊ ဆရာမရဲ့ အစ်မကြီး လီစွမ်းမေ ပျောက်နေတယ်၊ မွန်ဂိုဒေသကို ခရီးထွက်ပြီး သူ့ကိုရှာမယ်လို့ စိတ်ကူးထားတယ်၊ ဒီက ကိစ္စပြီးပြတ်ရင်လည်း ခုတဲ့ဂိုဏ်းကိုသွားပြီး သံလက်ဝါး မယ်တော်ဆီက သိုင်းစာအုပ်ကို ပြန်ယူခဲ့ပါ"

"ဟုတ်ကဲ့ ဆရာမ ... စိတ်ချသာ သွားပါ"

ဆချွန်မင် ကတိပေးပြီးသည်နှင့် ရှောင်ရိရှမ်းသည် ခေါင်းဆားကိုလွှယ်ပြီး ခရီးစတင် ထွက်ခွာသွားတော့သည်။

ရှောင်ရိရှမ်းကို လိုက်လံ ပို့ဆောင်ပြီးသည်နှင့် ဆချွန်မင်သည် ဌာနချုပ်သို့လာကာ လာဆာမြို့အတွက် ကာကွယ်သော ခံစစ်ဆင်နွဲရန် ဆွေးနွေး တိုင်ပင်လေတော့သည်။

ထိုအချိန်တွင် မန်ချူးတို့ဘက်မှ အထူး ငြိမ်သက် ကိတ်ဆိတ်နေ၏။ လာဆာမြို့ကို တိုက်ခိုက်ခြင်း မပြုသောကြောင့် မုံစီလွှန်တို့က စစ်ဆင်ရေး အခြေအနေအတွက် အထူး စိုးရိမ်မကင်း ဖြစ်ကြရပြန်သည်။

သို့ဖြစ်၍ ငေါ်ကျင်ဟုန်ကို ဌာနချုပ်သို့ ဖိတ်ခေါ်ပြီး မေးမြန်း တိုင်ပင်ကြရလေ၏။



မုံစီလွှန်က မေးသည်။

"ဗိုလ်ချုပ် ဟုခန်းအန်းဟာ ပထမအခေါက် ယမ်းသေတ္တာ အလုံခံရကတည်းက နောက်ထပ် မှာကြားပို့နိုင်းတဲ့ အရိပ်ယောင်ကူအော တွေ့မိသေးလား"

"အို ... အဲဒါကိုတော့ ကျုပ် အတပ်မပြောနိုင်ဘူးဗျ၊ ဒါပေမယ့် အခင်းဖြစ်ပွားတဲ့ရက်အတွင်းမှာ ဟုခန်းအန်းက ခြေမြန်တော်စစ်သည်ကို စေလွှတ်ပြီး ဗိုလ်ချုပ် ဟိုစီလီဆီကို ပေလွှာတစ်စောင် ပါးလိုက်ပါတယ် ဆိုတာကိုတော့ ကျုပ်သိတယ်"

"ဟင်း ... ဒီလောက်ဆို ကျွန်မ သိပါပြီရှင်၊ အဲဒီပေလွှာဟာ ယမ်းသေတ္တာ ထပ်မှာထားတဲ့ အရေးပေါ်စာပဲ ဖြစ်ရမယ်၊ မန်ချူးဘက်မှာ အထူး ငြိမ်သက်နေတာဟာ ယမ်းသေတ္တာ မရောက်သေးလို့ဘဲ၊ ဒီတော့ ယမ်းသေတ္တာ ရောက်လာတာနဲ့ လာဆာမြို့ကို သူတို့ ချက်ချင်း စစ်ဆင်နွဲကြတော့မှာပဲ"

ထိုစကားကို ကြားရသောအခါ ငြိမ်သက်စွာ နားထောင်နေသော ဆရာကျိုချန်က ကြားဝင်ပြောလေ၏။

"ဟုတ်တယ် ... တူမလေး၊ မန်ချူးဘက်က ယမ်းအမြောက်ဟာ တို့အတွက် အန္တရာယ်ပဲကွယ့်၊ ငါ့တူမလေးက ဉာဏ်ကြီးရှင်ပီပီ လက်နက်ကို ခုခံကာကွယ်ဖို့ နည်းလမ်းရှာကြံလို ရသလား"

"အဲဒီ ယမ်းသေတ္တာကို ဖျက်ဆီးဖို့ မလွယ်ပါဘူးရှင်"

မုံစီလွှန်က စိတ်ပျက်စွာ ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် နံဘေးမှ ဖွမ့်ကျင်ကျိုက သတိရ၍ အကြံပေးလိုက်၏။

"ဒီမယ် မမ ... ကျွန်တော် အခုမှ သတိရတယ်၊ မမ အရင်တစ်ခေါက်တုန်းက လုတာ ထမြောက်အောင်မြင်ခဲ့တယ် မဟုတ်လား၊ ဒီတော့ ကျွန်တော်တို့ တစ်ခါထပ် ဝင်တိုက်ကြရအောင် ..."

သူ၏ စကားကြားသောအခါ မုံစီလွန်က စဉ်းစားရင်း ပြန်ဖြေလိုက်၏။

"အင်း ... မောင်လေး သိထားဖို့က အကြံတစ်ခုက တစ်ခါပဲ သုံးတာ ကောင်းတယ်ကွယ့်၊ အဲဒီအကြံကို နောက်တစ်ခါ သုံးရင် အောင်မြင်ချင်မှ အောင်မြင်မှာ၊ ဒါပေမယ့် မောင်လေး သတိပေးတာနဲ့ မမ အကြံတစ်ခု ထပ်ရတယ်"

သူမ စကားပြောကြားစဉ်မှာပင် အီလီနားသည် အပြင်ဘက်မှ ဝင်လာသည်။

"မမ ... မန်ချူးတို့ဘက်က အခုရက်ပိုင်းမှာ အထူး ငြိမ်သက်နေတာဟာ ပရိယာယ်ရှိမယ်ရှင့်၊ ဒီတော့ ကျွန်မတို့ ကြိုတင်ပြင်ဆင်ထားမှ ဖြစ်မယ်"

မုံစီလွန်သည် သူမ၏စကားကို မဖြေဘဲ ငေါ့ကျင်ဟုန်ဘက်သို့ ရယ်၍ မေးလိုက်၏။

"အစ်ကိုကို ညီမ စကားအနည်းငယ် မေးစရာရှိပါတယ်ရှင်"

"အို ... အားနာစရာ မလိုပါဘူးကွယ်၊ ညီမ မေးချင်တာကို မေးနိုင်ပါတယ်"



"ဒီလိုပါ အစ်ကို ... ညီမတို့ရဲ့ တော်လှန်ရေး လုပ်ငန်းအတွက် မန်ချူးတို့ဘက်မှာ ညီမ အတွင်းသူလျှို နှစ်ယောက် ပို့ထားလိုပါတယ်၊ အဲဒါ အစ်ကို ကူညီနိုင်ပါ့မလား"

"ညီမရဲ့အကြံကို ဆောင်ရွက်ဖို့ မလွယ်ကူ ဘူးထင်တယ်"

"ဒါဖြင့် အစ်ကို့ရဲ့ သဘောကို ရှင်းပြစမ်းပါဦး"

"ဒီလိုပါ ညီမရယ် ... မန်ချူးစစ်သည်တို့ဟာ တပ်ဖွဲ့ခြင်း တစ်ဖွဲ့နဲ့တပ်ဖွဲ့ ထိန်းသိမ်း စောင့်ရှောက်ကြတာကြောင့် သူတို့ထဲကို လူလွှတ်ဖို့ မလွယ်ပါဘူး"

"အို ... အဲဒါဆို ပိုကောင်းတာပေါ့ရှင်၊ ဒါနဲ့ ဟုခန်းအန်းဆီမှာ တပ်ဖွဲ့မှူး ဘယ်နှစ်ယောက် ရှိသလဲ"

"အော် ... ဟုခန်းအန်းဆီမှာ တပ်ဖွဲ့မှူး စုစုပေါင်း လေးယောက် ရှိပါတယ်၊ နှစ်ယောက်က မန်ချူးလူမျိုး ဖြစ်ပြီး နှစ်ယောက်က တရုတ်လူမျိုးပါ"

"အင်း ... ဟုတ်ပြီ၊ တရုတ်တပ်ဖွဲ့မှူး နှစ်ယောက်တို့ရဲ့ နာမည်က ဘယ်လိုခေါ်သလဲ၊ ပြီးတော့ အစ်ကိုနဲ့ ရင်းနှီးတာ ဘယ်နှစ်ယောက်လဲ၊ အဲဒါတွေ ညီမကို ပြောပြပါ၊ ညီမမှာ အကြံတစ်ခု ရှိနေပါပြီ"

"ကောင်းပြီ ... အဲဒီ တရုတ်လူမျိုး တပ်ဖွဲ့မှူး နှစ်ယောက်တို့ဟာ တစ်ယောက်ကို မာရိစုလို့ ခေါ်တယ်၊ သူက မန်ချူးဗိုလ်သင်တန်းကျောင်းထွက် ဆိုတော့ အစ်ကိုနဲ့ သဟဇာတ မဖြစ်ဘူး၊ ကျန်

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကတော့ ကျူကွမ်တာလို့ ခေါ်ပြီး အစ်ကိုနဲ့ အလွန်ရင်းနှီးပါတယ်၊ ဘာကြောင့် ရင်းနှီးရသလဲ ဆိုတာကတော့ ဗိုလ်ချုပ်ကြီး ကွန်ဝွမ်ရဲ့ လက်ထက်တုန်းက အစ်ကိုတို့နှစ်ယောက်ဟာ အဆင့်တူ ဗိုလ်မှူးပါပဲ၊ တစ်ခါတုန်းက တိုက်ပွဲပြင်းထန်စွာ တိုက်နေစဉ်မှာ ကျူကွမ်တာနဲ့အတူ သူ့ရဲ့တပ်ဖွဲ့ တစ်ခုလုံးဟာ ရန်သူရဲ့ ပိတ် ဆို့ခြင်းကို ခံရပါတယ်။

အဲဒီတုန်းက အစ်ကိုဟာ ကိုယ်ရံတော် တပ်ဖွဲ့ကို ဦးစီးပြီး သူ့ကို သက်စွန့်ဆံဖျား ဝင်ရောက် ကယ်တင်တဲ့အတွက် သူတို့ဟာ သေဘေးမှ လွတ်မြောက်ခဲ့ပါတယ်၊ ဒါကြောင့် အစ်ကိုတို့ချင်းဟာ ရင်းနှီးတဲ့ မိတ်ဆွေလို့ ဆိုနိုင်ပါတယ်"

"ဟုတ်ပြီ ... ဒါဆို လုံလောက်တယ်၊ ဒါဖြင့် အခုညမှာ အစ်ကိုနဲ့ ဖွမ့်ကျင်ကျို ညီအစ်ကိုတို့ မန်ချူးတပ်ဖွဲ့ကို တစ်ခေါက် လောက် သွားပေးပါလား"

"မဖြစ်ဘူးထင်တယ်၊ ညီမရဲ့အကြံဟာ ကောင်းပေမယ့် အန္တရာယ်များလွန်းပါတယ်၊ အခန့်မသင့်ရင် ဖွမ့်ကျင်ကျို့တို့ ညီအစ်ကိုနှစ်ယောက်ရဲ့ အသက် ဆုံးရှုံးနိုင်တယ်၊ အစ်ကိုကတော့ အကြောင်း မဟုတ်စေပါဘူး"

"ဒီမယ်အစ်ကို ... ညီမတို့ရဲ့ တော်လှန်ရေး လုပ်ငန်းအတွက် မစွန့်လို့ မဖြစ်ဘူး၊ ရန်သူဆီမှာ သူလျှိုထားနိုင်မှ ရန်သူဖက်က စစ်ရေးအခြေအနေကို အချိန်အခါမရွေး သိထားနိုင်မှာ တန်ကာကျ



ပါတယ်၊ အဲဒါမှ တိုက်ပွဲမှာ အောင်ပွဲအဆင့်ဆင့် ဆွတ်ခူးနိုင်မှာပါ၊ ညီမရဲ့အကြံအတိုင်း သတိထား ဆောင်ရွက်ပါ"

ရွှေလေးရှင် မင်းသမီး၏ ယတိပြတ် ဆုံးဖြတ်ချက်ကို ကြားသည်နှင့် ဝေါ့ကျင်ဟုန်မှာ လိုက်နာရန်သာ ရှိတော့သည်။

သူသည် သူ့အသက် သွေးချွေးတို့ကို မန်ချူးတော်လှန်ရေးအတွက် ပေးအပ်ထားသည် မဟုတ်ပါလော။

✸ ✸ ✸

ထိုနေ့ည သန်းခေါင်ယံအချိန်မှာပင် လာဆာမြို့၏ မြို့ရိုးတံတိုင်းမှ လူသုံးယောက်ကို ကြိုးဖြင့် အောက်သို့ချလိုက်၏။

ထိုသုံးယောက်မှာ ဝေါ့ကျင်ဟုန်နှင့် ဖွမ့်ကျင်ကျို့တို့ ညီနောင်ပင် ဖြစ်၏။

ထို သုံးယောက်သည် ညအမှောင်ကို အကာအကွယ်ယူကာ ကိုယ်ဖော့ပညာဖြင့် တောင်ခြေရင်းရှိ မန်ချူးတပ်စခန်းသို့ ရှိရာသို့ ဦးတည်ကာ တစ်ရှိန်ထိုး ပြေးသွားကြ၏။

စစ်သည် အလုံးအရင်းနှင့် တိုက်ခိုက်လာသော မန်ချူးတပ်စခန်းတို့သည် ပြွတ်သိပ် ထူထပ်နေသော်လည်း တပ်စခန်း တစ်နေရာနှင့် တစ်နေရာကြားတွင် ဟာကွက်တော့ ရှိသည်။

ထို ကွက်လပ်ဒေသတွင် မန်ချူးတို့က သံဆူးနှင့် ပုဝါးကွဲတို့ မြှုပ်ထားသည့်အပြင် အမဲလိုက်ခွေးများလည်း လွှတ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ၎င်းအတားအဆီးများတို့သည် ဝေါ့ကျင်ဟုန်တို့လို အဆင့်မြင့် သိုင်းပညာရှင်အဖို့ အသေးအဖွဲပင် ဖြစ်၏။

သို့ဖြစ်၍ နာရီဝက်ခန့် အချိန်တွင် ဝေါ့ကျင်ဟုန်က ဖွမ့်ကျင်ကျို ညီအစ်ကို ခေါ်ဆောင်လာပြီး အတားအဆီးများကို ကျော်လွှားထိုးဖောက်၍ တပ်ဖွဲ့မှူး ကျူကွမ်တာရှိရာ ရုံးချုပ်သို့ ရောက်လာတော့သည်။

၎င်းအချိန်တွင် ကျူးကွမ်တာတို့သည် သူ၏ ယာယီတဲထဲတွင် စစ်မြေပုံကို လေ့လာ သုံးသပ်နေဆဲပင်။

ဟုခန်းအန်း၏ အမိန့်အရ လာဆာမြို့ကို ရေပက်မဝင်အောင် ဝိုင်းရံ ပိတ်ဆို့ရန် အစီအစဉ်များကို လုပ်ဆောင်ရပေမည်။

ထိုသို့ ညဥ့်သန်းခေါင်းထိ မြေပုံကိုကြည့်ပြီး တွေးတောနေစဉ် သူတို့၏ တဲတာလပတ်မှာ ရုတ်ခြည်း လုပ်သွားပြီး လူတစ်ယောက် ချက်ချင်း လျှိုဝင်လာတော့သည်။

ခေါင်းရှုပ်နေသော ကျူးကွမ်တာက ကင်းရုထားသော အစောင့်စစ်သည်ဟု ထင်မှတ်၍ လှည့်မကြည့်ဘဲ ...

"ဘာကိစ္စ ရှိလို့တုန်း ..."

"ဟား ... ဟား ... ဟား ... ညီလေးကျူ အစ်ကိုပါကွ"

ရင်းနှီး မှတ်မိပြီးသား စကားသံကို ရုတ်တရက် ကြားလိုက်ရသောအခါ ကျူကွမ်တာက လန့်သွားပြီး ချာခနဲလှည့်ကာ ခေါ်လိုက်၏။



"အို ... အစ်ကို ကျင်ဟုန်"

ညဝတ်စုံ ဝတ်ထားသော ဝေါ့ကျင်ဟုန်က တည်ကြည်လေးနက်သော အမူအယာဖြင့် ကုလားထိုင်ပေါ်သို့ ထိုင်ရင်း စားရီးပေါ်သို့ လက်တင်၍ မေးလိုက်၏။

"ညီလေးကျူ ... ဟိုနေ့က အစ်ကို ထွက်ပြေးတာနဲ့ ပတ်သက်ပြီး ဟုခန်းအန်းက ဘာတွေ ဝေဖန်သေးသလဲ"

ထိတ်လန့်နေဆဲဖြစ်သော ကျူကွမ်တာက ထစ်ထစ်ငေါ့ငေါ့ဖြင့် ပြန်ဖြေလိုက်၏။

"ဗိုလ်ချုပ်ကြီးက ခင်ဗျားကို သူပုန်တွေနဲ့ ပေါင်းတယ်လို့ ပြောတယ်၊ အခုည အခြေအနေကို ဝေဖန်သုံးသပ်ရရင် ဗိုလ်ချုပ်ကြီးရဲ့ မှတ်ချက်အတိုင်း ဖြစ်နေပြီ"

မှန်သည်။

ဝေါ့ကျင်ဟုန်ကို ရှောင်ရိရှမ်း ကယ်တင်သွားသည် မဟုတ်ပါလော။

ထိုအခါ ဝေါ့ကျင်ဟုန်က မျက်နှာကိုတည်ရင်း လေးနက်သော အသံဖြင့် ဖြေလိုက်၏။

"ညီလေး ... အဲဒီလိုတွေးရင် မှားမှာပေါ့၊ အစ်ကိုတို့ အမိနိုင်ငံကို ကယ်တင်ဖို့အတွက် တိုက်ပွဲဝင်တာဟာ သူပုန်လို့ မဆိုနိုင်ဘူး၊ ညီလေးဟာ တိုင်းပြည်ကို ချစ်မြတ်နိုးတဲ့ ယောကျ်ားကောင်းပီသရင် အစ်ကို့ကို ကတိတစ်ခု ထပ်ပေးရမယ်"

www.burmeseclassic.com

www.burmeseclassic.com



သူ၏စကားကို ကြားသောအခါ ကျူကွမ်တာမှာ ခေတ္တတွေဝေနေရင်း ပြန်ဖြေလိုက်၏။

"ဒီမှာ အစ်ကို ... ကျွန်တော်တို့ချင်း အလွန် ရင်းနှီးနေတော့ ကျွန်တော့်အနေနဲ့ တတ်အားသရွေ့ ကူညီရမှာပါ၊ ဒါပေမယ့် ကျွန်တော့် သားမယားက နောက်တန်းမှာ ရှိနေသေးတော့ နောက်ဆံ တင်းတယ်ဗျ"

ငေါ့ကျင်ဟုန်က ရှင်းပြသည်။

"စိတ်ချပါ ညီလေး ... ရင်းနှီးတဲ့ အပေါင်းအသင်းတွေပဲ၊ အစ်ကိုက မင်းမတတ်နိုင်တာကို မနိုင်းပါဘူး၊ အခု ညီလေးတပ်ဖွဲ့ ထဲမှာ သူငယ်ချင်းနှစ်ယောက် ခန့်ထားပေးစေချင်လို့ပါ၊ အဲဒါ အစစ အရာရာ ညီလေးရဲ့ စောင့်ရှောက်မှုကို လိုလားပါတယ်"

ငေါ့ကျင်ဟုန်က စကားပြောရင်း လက်ဖြောက်တစ်ချက် တီးလိုက်၏။

လက်ဖြောက်သံနှင့်အတူ တဲထဲသို့ တောင့်တင်းကျစ်လစ်သော လူငယ်နှစ်ဦး ဝင်လာတော့သည်။

ထိုအခါ ငေါ့ကျင်ဟုန်က ဖွမ့်ကျင်ကျွီတို့ ညီအစ်ကို နှစ်ယောက် ကို ညွှန်ပြလိုက်ရင်း ဆက်ပြောလိုက်သည်။

"ကဲ ... ညီလေးကျူ၊ ဟောဒီ သူငယ်ချင်းနှစ်ယောက်ကို တတ်နိုင်သရွေ့ စောင့်ရှောက်ပါ၊ မင်းရဲ့ တပ်ဖွဲ့ထဲမှာ သူတို့ဟာ သတင်း ထောက်လှမ်းတာကလွဲပြီး တခြား ဘာမှ မလုပ်ပါဘူး၊ အဲဒါ ညီလေး သူတို့အတွက် တာဝန်ယူနိုင်ပါ့မလား"



"ကောင်းပြီလေ ... ဒါဆိုရင် မနက်ဖြန်ကစပြီး ကျွန်တော့်ရဲ့ တပ်စုနံပါတ် ခုနစ်မှာ တပ်စုမှူးအဖြစ် ခန့်ထားမယ်"

"အေးကွာ ... ကျေးဇူးပါပဲ"

ငေါ့ကျင်ဟုန်သည် ပြောပြောဆိုဆိုဖြင့် မတ်တတ်ရပ်၍ ရုတ်တရက် ဆိုပြန်သည်။

"ဒီမှာ ညီလေးကျူ ... မင်းမှာကတိ လုပ်မှာသစ္စာတဲ့၊ အဲဒီတော့ ညီလေးပေးထားတဲ့ ကတိကို တည်စေချင်တယ်၊ အစ်ကို့ သူငယ်ချင်းတွေကို ရောင်းစားတာ၊ ဒါမှမဟုတ် ဟုခန်းအန်းဆီ သတင်းပေါက်ကြားသွားရင် အရင်တစ်ခါ ဒီကိုလာတဲ့ ဝတ်ရုံနက်နဲ့ ရှောင်ရီရှမ်းကို သိတယ်မဟုတ်လား၊ အစ်ကို့ သူငယ်ချင်းတွေသာ တစ်စုံတစ်ခု ဖြစ်သွားရင်တော့ သူဟာ မင်းကို ချမ်းသာခွင့်ပေးမှာ မဟုတ်ဘူး"

အမှန်မှာ ငေါ့ကျင်ဟုန်က ပရိယာယ်ဖြင့် ကျူကွမ်တာကို ခြိမ်းခြောက်လိုက်ခြင်း ဖြစ်၏။

ကျူကွမ်တာသည် ကြက်သီးမွေးညင်း ထသွား၏။

ငေါ့ကျင်ဟုန်လည်း ရယ်သွမ်းသွေး၍ နှုတ်ဆက်ပြီး ပြန်သွားသည်။

လက်တွေ့တွင်လည်း ကျူကွမ်တာမှာ ကတိတည်ပြီး ဖွမ့်ကျင်ကျွီတို့ ညီအစ်ကိုကို တပ်စုမှူးအဖြစ် ခန့်အပ်လိုက်၏။

သို့ဖြစ်၍ ထိုနေ့မှစ၍ လာဆာမြို့တော်တွင် မန်ချူးတို့ဖက်မှ သတင်းများကို မှန်မှန်ရရှိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်နှစ်ရက် ကြာသောအခါ ဟုခန်းအန်းက တပ်ဖွဲ့များကို ဦးစီးပြီး လာဆာမြို့သို့ ထပ်မံ တိုက်ခိုက်တော့သည်။

သို့သော် အခုတစ်ခါတွင်တော့ ဟန်ဆောင်တိုက်ခိုက်ခြင်းသာ ဖြစ်၍ မန်ချူးစစ်သည်တို့ နေ့တစ်ဝက်အချိန်မှာပင် အလိုအလျောက် ပြန်ဆုတ်ကြကုန်၏။

ထိုညမှာပင် မုံစီလွန်သည် ဖွမ်းကျင်ကျီတို့ ညီအစ်ကိုထံမှ ကြောက်မက်ဖွယ် စစ်သတင်းကို ရရှိလေတော့၏။

ဗိုလ်ချုပ်ဟုခန်းအန်း မှာထားသော ယမ်းသေတ္တာ လေးရာတို့ သည် ဗိုလ်ချုပ် ဟိုင်စီလီထံမှ ရောက်ရှိလေပြီ။

ထိုသတင်းကို ရရှိသည်နှင့် မုံစီလွန်မှာ တုန်လှုပ်မိသည်။

ပြင်းထန်သော တိုက်ပွဲသည် စတင်တော့မည်မှာ တပ်အပ် သေချာနေတော့သည်။

၎င်း ယမ်းသေတ္တာ ရောက်ရှိသည်နှင့် ဟုခန်းအန်းသည် လာ ဆာမြို့ကို အမြောက်နှင့် ပစ်ခတ်ပြီး စင်စန်းတောင်ကိုလည်း သိမ်း ပိုက်တော့မည် ဖြစ်၏။

ထိုအခြေအနေကို ကောင်းစွာ ဝေဖန်သုံးသပ်သော မုံစီလွန်က လာဆာမြို့၏ အာဏာပိုင်ဖြစ်သော တရားသူကြီးမင်း တပ်လိုက် လားမားသည် အညွှံခံမည်ကို သိ၏။

ထို့ကြောင့် ဆရာကျိချန်၊ ဆချွန်မင်နှင့် မျိုးချစ်ရဲဘော်များ သည် အပူတပြင်း ညှိနှိုင်းတိုင်ပင်ကြ၏။



အခြေအနေ ဆိုးဝါးမှန်းသိသော ဆချွန်မင်က ယတိပြတ် ဆုံးဖြတ်၍ ဆိုလိုက်သည်။

"အခုမှတော့ မထူးတော့ပါဘူး၊ ကျွန်တော်တို့ ဟုခန်းအန်း ကို လုပ်ကြံသတ်ဖြတ်ရအောင်၊ ပြီးတော့ အစ်အားစုပြီး မန်ချူးတွေ ကို တန်ပြန်တိုက်ခိုက်တာပေါ့၊ ကျွန်တော်တို့ အခြေအနေက အောင် ပွဲသာ ဆွတ်ခူးရမယ်၊ စစ်ရှုံးလို့ မဖြစ်ဘူး"

ထိုစဉ် ဘေးမှ ဝေါ်ကျင်ဟုန်ကလည်း ထောက်ခံ ပြောဆို လိုက်၏။

"ဟုတ်တယ် ညီမ ... အစ်ကို ဆချွန်မင်ရဲ့ အကြံကို ထောက် ခံပါတယ်၊ အခုအချိန်မှာ မန်ချူးတပ်စခန်းထဲမှာ သူရဲ့ စစ်ကူဖြစ်တဲ့ သုံလက်ဝါး မယ်တော် မရှိဘူး၊ ကျွန်တော်တို့ငါးယောက်နဲ့ ဖွမ် ကျင်ကျီတို့ ညီအစ်ကိုနဲ့ ပေါင်းလိုက်ရင် အကြံထမြောက်အောင်မြင် မှာပါ"

မုံစီလွန်မှာ ၎င်းအကြံကို မနှစ်မြို့သော်လည်း အခုလို ဘေး ကြပ် နံကြပ် အချိန်တွင် အခြားနည်းလမ်း မရှိဟု သူမက ဆုံးဖြတ် လိုက်သည်။

"ကောင်းပါပြီရှင် ... အခုချိန်ကျမှာတော့ နောက်ဆုံးအနေနဲ့ နွှန်းစားရတော့မှာပေါ့"

သူမ၏ ဆုံးဖြတ်ချက်မှာ ဤမျှသာ ဖြစ်ပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညမှာပင် လာဆာမြို့ရိုး တံတိုင်းပေါ်မှ အောက်သို့ လှေငါးယောက်သည် ကြိုးဖြင့် တွယ်ဆင်းလာသည်။

၎င်းတို့မှာ ဆရာကျိုချန်၊ ဆချွန်မင်၊ မုံစီလွန်၊ ဝေ့ကျင်ဟုန်နှင့် အီလီနားတို့ ဖြစ်သည်။

မျိုးချစ်ရဲဘော်တို့သည် မန်ချူးတပ်စခန်း ရှိရာသို့ တစ်ဟုန်ထိုး ပြေးသွားကြ၏။

ဟုခန်းအန်း၏ ဌာနချုပ်တည်ရာ နေရာသည် လာဆာမြို့ မြောက်ဘက်မှ မိုင်ပေါင်းသုံးဆယ်ခန့် ကွာဝေး၍ အစောင့်များဖြင့် ပြည့်နှက်နေ၏။ ထို့အပြင် အနီးပတ်ဝန်းကျင်တွင် မြေကျင်းနှင့် ထောင်ချောက်များ တူးဖော်ထား၏။

၎င်းမှ ငါးမိုင်ကွာဝေးသော ကွက်လပ်ဒေသသည် ကင်းလွတ်ရာအရပ်ဒေသ ဖြစ်၏။

မန်ချူးတို့သည် ဆယ်ယောက်တစ်ဖွဲ့ ဖွဲ့ပြီး အဆက်မပြတ် ကင်းလှည့်ကြသည်။

ယခုအချိန်တွင် ဆရာကျိုချန်တို့ လူတစ်စုသည် ကွက်လပ်သို့ ဖြတ်ကျော်ခဲ့လေပြီ။

၎င်းတို့သည် ကိုယ်ဖော့ပညာ ထူးချွန်သော သိုင်းပညာရှင်များ ဖြစ်သောကြောင့် မြေကျတုတ်ကျင်း စသည်တို့ကို လွယ်လင့်တကူ ဖြတ်ကျော်နိုင်သည်။

သို့သော် ၎င်းနေရာကို ဖြတ်ကျော်ပြီးသည်နှင့် ကင်းအစုလိုက်ကို တွေ့ရတော့သည်။



ဆရာကျိုချန်တို့ လူသိုက်မှာ ပိပိရိရိ လုပ်ဆောင်လိုသောကြောင့် လှိုဏ်မြောင်ထဲတွင် စိတ်ရှည်ရှည်ဖြင့် စောင့်နေကြ၏။

ညဥ့်သုံးနာရီခန့် အချိန်တွင် ကင်းတပ်များ တာဝန်ပြောင်းကြသောကြောင့် ထိုအချိန်တွင် အခွင့်ကောင်းယူပြီး တပ်စခန်းရှိရာသို့ ပြေးကပ်သွား၏။

ထိုနေရာသို့ ရောက်သည်နှင့် ဆချွန်မင်က ဓားဖြင့် ဝင်းထရံအဖြစ် ကာရန်ထားသော သစ်နှစ်ချောင်းကိုဖြတ်ကာ အထဲသို့ လှိုးဝင်သွား၏။

နာရီဝက်ခန့် ကြာသောအချိန်မှာ မန်ချူးတပ်စခန်း တည်ရှိရာ ဌာနချုပ်သို့ ရောက်ရှိသွား၏။

ဝေ့ကျင်ဟုန်သည် မန်ချူးတပ်ဖွဲ့တွင် အမှုထမ်းခဲ့ဖူးသောကြောင့် ထိုလူသိုက်ကို ဦးဆောင်ပြီး ဌာနချုပ်သို့ ရောက်သောအခါ အတွင်းဘက်သို့ လှမ်းကြည့်လိုက်၏။

ထိုအခါ ဟုခန်းအန်း ထိုင်နေကျနေရာ သားရေကုလားထိုင်တွင် မတွေ့ရှိရချေ။

ကုလားထိုင်ဘေးတွင် ကိုယ်ရံတော် တပ်သားလေးယောက်ကိုသာ တွေ့ရ၏။

ဤအဖြစ်ကို ဝေ့ကျင်ဟုန်က အံ့ဩရင်း တွေးနေသည်။

"ဗိုလ်ချုပ် ဟုခန်းအန်း ဘယ်ရောက်နေသလဲ၊ သူ့ကို လုပ်ကြံမယ့်အကြောင်းကို သိသွားလို့ အခုညမှာ သက်သက်မယ့် ငါ်းရှောင်နေတာလား"

www.burmeseclassic.com

www.burmeseclassic.com



အားလုံး စိတ်ဇဝေဇဝါ ဖြစ်နေချိန်မှာ တရှပ်ရှပ်လျှောက်လာသော ခြေသံကို ကြားလိုက်ရ၏။ ငေါ့ကျင်ဟုန်က လှည့်ကြည့်လိုက်သောအခါ လန့်ဖျတ်၍ အော်မိမတတ် ဖြစ်သွားလေ၏။

ဟုခန်းအန်းသည် ကိုယ်ရံတော် စစ်သည်များ ခြံရံ၍ ဌာနချုပ်သို့ ပြန်ရောက်လာခြင်း ဖြစ်သည်။

"အင်း … စဉ်းစားရ တယ်ကြပ်ပါလား၊ ဗိုလ်ချုပ် ဟုခန်းအန်း ဘာကြောင့် အခုအချိန်ထိ မအိပ်သေးတာလဲ"

ငေါ့ကျင်ဟုန်သည် ထိုသို့တွေးတောနေစဉ်မှာပင် သူ၏နောက်မှ အချက်ပေးသံကို ကြားလိုက်ရ၏။

ထိုအချက်ပေးသံ၏ ဆိုလိုရင်းမှာ 'စကြပေတော့' ဟူသော အဓိပ္ပာယ်ကို ဆောင်သည်။

သို့ဖြစ်၍ ငေါ့ကျင်ဟုန်မှာ တုန့်ဆိုင်းမနေတော့ဘဲ တဲခေါင်မိုးပေါ်မှ ခုန်ဆင်းလိုက်ရသည်။

သူသည် ဟုခန်းအန်း၏ ရှေ့တန်း တပ်ဖွဲ့မှူးဖြစ်၍ အဆင့်မြင့် သိုင်းပညာရှင်လည်း ဖြစ်သည်။ သူသည် လွန်ခဲ့သော ရက်များက ဟုခန်းအန်း၏ ညှင်းပန်းနှိပ်စက်ခြင်းကို သတိရမိသောအခါ ဒေါသထွက်ရင်း ဟုခန်းအန်း၏ ရင်ဝသို့ ဓားဖြင့် တည့်တည့်ထိုးသွင်းလိုက်သည်။

ထိုခဏတွင် ကန့်လန့်ဖြတ် ဓားတစ်လက် ထွက်ပေါ်လာ၍ အသံမြည်ဟီးသွား၏။



သူ၏ဓားကို ပက်ထုတ်လိုက်သူအား လှမ်းကြည့်လိုက်သောအခါ လုံခြုံရေးတပ်ဖွဲ့မှူး ဟာခွန်းမှန်း သိရသည်။

တစ်ချိန်ထဲမှာ သချွန်မင်တို့ ဆရာတပည့်က ဝဲယာမှညှပ်၍ တိုက်စစ်ဆင်နွှဲ၏။

မုံစီလွှမ်းနှင့် အီလီနားတို့ကလည်း ကိုယ်ရံတော် စစ်သည်များနှင့် သဲသဲမဲမဲ တိုက်ခိုက်နေ၏။

ဟုခန်းအန်းသည် အဆင့်မြင့် သိုင်းပညာရှင် မျိုးချစ်သူရဲကောင်း ငါးယောက်တို့ ယခုလို တစ်ချိန်ထဲ ပေါ်လာသောကြောင့် ထိတ်ထိတ်ပြာပြာ ဖြစ်သွားသည်။

သူ၏ ကိုယ်ရံတော် တပ်ဖွဲ့သည် လက်ရွေးစင် သင်တန်းသားများ ဖြစ်ကြ၍ ရန်သူများ ဝင်ရောက် နှောင့်ယှက်ခြင်းကို တွေ့သည်နှင့် ဟုခန်းအန်းအား အလယ်တွင် ဝိုင်းရံထားပြီး ခုခံကာကွယ်ပေးကြသည်။

၎င်းအချိန်တွင် ဆရာကျိုချန်က ဓားကို ဝှေ့ရမ်းလိုက်ပြီး ဝင်ပူးသည်။

မျက်နှာချင်းဆိုင်မှ ကိုယ်ရံတော် တပ်သားနှစ်ဦးက ဓားရှည်ဖြင့် ပြန်ပက်လိုက်သောအခါ ဆရာကျိုချန်က အော်ဟစ် ကြုံးဝါးလိုက်၏။

"ဟော့ … ငြိမ်ငြိမ်နေကြစမ်း"

"ချလံ …"

ပြင်းထန်လှသော အားရှိန်ကြောင့် ကိုယ်ရံတော်၏ [illegible] ဓားသည် ထက်ပိုင်းပြတ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်တည်းမှာ ဆရာကျိုချန်က ခြေထောက်ဖြင့် ခတ်လိုက်သောကြောင့် တပ်သားနှစ်ဦးသည် ငါးကိုက်အကွာသို့ လွင့်စဉ်သွားသည်။

ဆချွန်မင်ကလည်း စန်ယန်သိုင်းကွက်ဖြင့် တပ်သားနှစ်ဦးကို ကိုင်ပေါက်လိုက်၏။

မုံစီလွန်နှင့် အီလီနားတို့ကလည်း အနိုင်မခံ အရှုံးမပေးသောဇွဲဖြင့် ရန်သူများကို ရင်ဆိုင် သတ်ပုတ်နေကြ၏။

ဆရာကျိုချန်သည် ရန်သူကိုဖမ်းလျှင် စစ်ဦးစီးကို အရင်ဖမ်းရမည်ဟူသော ဆောင်ပုဒ်အရ ဗိုလ်ချုပ် ဟုခန်းအန်းရှိရာသို့ ခုန်အုပ်လိုက်၏။ ကျားကလေးနှင့်ကျားကြီး မည်သူက ပိုအရေးကြီးသနည်း။

ဟုခန်းအန်းသည် အလန့်တကြားဖြစ်ရင်း ဓားရှည်ဖြင့် ခုတ်ချက်ကို ကပျာကယာ ပက်ထုတ်လိုက်၏။

ဆရာကျိုချန်သည် သူ၏လက်ကို လက်ပြန်ဖမ်းချုပ်လိုက်၏။

ထို့နောက် လက်ကောက်ဝတ်ကို ဖမ်းချုပ်ရင်း ...

"ဟား ... ဟား ... ဟား ... လူယုတ်မာကြီး၊ မင်း ဘယ်လောက် ကောက်ကျစ်စဉ်းလဲပေမယ့် အခုတော့ ငါ့ လက်ခုပ်ထဲရောက်နေပြီ မဟုတ်လား"

ဆီလီနားသည် သူ၏ ပက်စက်ယုတ်မာသော လုပ်ကြံမှုကို ပြန်ပြောင်း တွေးမိသဖြင့် ဒေါသကို မချုပ်တီးနိုင်၍ တစ်ရှိန်ထိုး



ဝင်ရောက်ကာ ဟုခန်းအန်း၏ လည်ပင်းကို ဓားဖြင့် ထိုးချလိုက်သည်။

သူမ၏ ပြင်းထန်သော ဓားချက်ကြောင့် ဟုခန်းအန်း၏ လည်ပင်းမှ သွေးများ ယိုစီးလာပြီး ချက်ချင်း သေဆုံးသွားလေ၏။

မန်ချူးစစ်ဦးစီးကို သတ်ဖြတ်ပြီးသည်နှင့် ဆချွန်မင်က အားတက်လာပြီး ရန်သူတို့ကို ဒလကြမ်း တိုက်ခိုက်လေတော့သည်။

သူ၏ ပြင်းထန်လှသော သိုင်းကွက်ကြောင့် ကိုယ်ရံတော်တပ်သားတို့သည် ခြေလက်များ ကျိုးပဲ့ကုန်ကြ၏။

သေဖို့မလို၊ ရန်သူများများ ဒဏ်ရာ ရဖို့သာ လိုသည်။

ငင်းအချိန်၌ ပတ်ဝန်းကျင်ရှိ မန်ချူးစစ်သည်တို့သည် အသံကြား၍ ဌာနချုပ်ရှိရာသို့ ဝိုင်းအုံလာကြ၏။

ဆရာကျိုချဉ်က အခြေအနေ မဟန်မှန်းသိ၍ အော်ပြီး သတိပေးလိုက်၏။

"တပည့်တို့ မန်ချူးစစ်ဦးစီးချုပ်ကို တို့ သတ်လိုက်ပြီကွ၊ အဲဒီတော့ တို့ မြန်မြန် ဆုတ်ကြစို့"

တစ်ချိန်တည်းမှာပင် ဝေါ့ကျင်ဟုန်နှင့် ကိုယ်ရံတော် တပ်ဖွဲ့မှူး ဟာစွန်းတို့က သဲသဲမဲမဲ သတ်ပုတ်နေကြ၏။

အခြေအနေ မတိမ်းမယိမ်း ဖြစ်သောကြောင့် ဆချွန်မင်က လျင်မြန်သော အဟုန်ဖြင့် ပြေးကပ်သွားသည်။

ထို့နောက် လေဆင်နှာမောင်း သိုင်းကွက်ဖြင့် ဟာစွန်း၏

www.burmeseclassic.com

www.burmeseclassic.com



ဓက်ကြောကို ဆတ်ခနဲ ခုတ်ချလိုက်သောအခါ ဟာခွန်းသည် ချက်ချင်းပင် မှူးနောက်သွား၏။

ငေါ့ကျင်ဟုန်က အခွင့်ကောင်းကို လက်လွှတ် မပေးဘဲ ဟာခွန်း၏ ဝမ်းဗိုက်ဆီသို့ ဓားဖြင့် တအားထိုးချလိုက်သည်။

ဟာခွန်းသည် ငယ်သံပါအောင်အော်ရင်း ချက်ချင်းပင် သေဆုံးသွားသည်။

ရန်သူတို့ကို သုတ်သင် ရှင်းလင်းပြီးသည်နှင့် ဆရွှန်မင်က အချက်ပေးပြီး ဦးဆောင်၍ တဲအပြင်ဘက်သို့ ထိုးဖောက်ထွက်ပြေးသွားကြသည်။ ထိုအနိုက်တွင် မန်ချူးစစ်သည် အုပ်စုတို့က အုပ်စုလိုက် ဝိုင်းရံ ပိတ်ဆို့ထားကြလေ၏။

ထိုမြင်ကွင်းကို မြင်သောအခါ မုံစီလွန်က အသင့်ပါလာသော လေးဖြင့် သံလုံးလက်နက်ပုန်းများကို ရန်သူလူအုပ်ထဲသို့ လေကြမ်းပစ်ခတ်လိုက်လေသည်။

သံလုံးကို ကြောက်လန့်ပြီး ရန်သူတို့သည် အသီးသီး ရှောင်တိမ်းကြလေသည်။ ထိုအခါ ဆရွှန်မင်တို့လူစုက ဓားကိုယ်စီဖြင့် ဝှေ့ရမ်းထိုး ဖောက်ပြီး စခန်းအပြင်ဘက်သို့ ထွက်ပြေးကြတော့၏။

မန်ချူးစစ်သည်တို့သည် နောက်မှ လေးဖြင့် လိုက်လံပစ်ခတ်ကြသော်လည်း သူတို့၏ အံ့မခန်းသော ကိုယ်ဖော့ပညာကြောင့် အချည်းနှီးပင် ဖြစ်လေတော့သည်။

✱ ✱ ✱

## အခန်း (၃၃)

## လွှတ်မြောက်ခြင်း

မျိုးချစ် သူရဲကောင်းတို့သည် ဗိုလ်ချုပ် ဟုခန်းအန်းကို ယခုကဲ့သို့ အလွယ်တကူ သတ်ဖြတ်နိုင်လိမ့်မည်ဟု မမျှော်လင့်မိချေ။

သို့ဖြစ်၍ လာဆာမြို့သို့ ပြန်ရောက်သောအခါ မိုးလင်းနေပေပြီ။

ထိုအချိန်တွင် စစ်ဗျူဟာမှူး ရွှေလေးရှင်က တပ်လိုက်လားမားတရားသူကြီးမင်းအား ပင့်ဖိတ်၍ စစ်ရေးအခြေအနေများ ဆွေးနွေးရန် စိတ်ကူးမိ၏။

သို့သော် ထိုအနိုက်မှာ မြို့ရိုးတံတိုင်းပေါ်မှ စစ်ချီခရာ မှုတ်လေတော့သည်။

ထိုစစ်ခရာသံကို ကြားသောအခါ ဆရွှန်မင်က အလန့်တကြားဖြစ်ရင်း ဆိုလိုက်၏။

"အလို ... တယ်ဆန်းပါလားကွ၊ သူတို့ စစ်ဦးစီးကို ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



တို့ အခုပဲ သတ်ဖြတ်ခဲ့တာ၊ မန်ချူးတပ်ဖွဲ့တို့က ဘယ့်နှယ်ကြောင့် ကျွန်တော်တို့ကို စစ်ချီ တိုက်ခိုက်ရတာလဲ"

မျိုးချစ်ရဲဘော်တို့ အလန့်တကြားဖြစ်ကြပြီး မြို့ရိုးအုတ်တံတိုင်းပေါ်သို့ ချက်ချင်းတတ်ကြည့်ကြလေ၏။

ထိုအခါ မန်ချူးစစ်သည်တို့သည် အလုံးအရင်းဖြင့် အလံ ငါးခုမှာ အရောင်ငါးမျိုးဖြင့် တပ်ငါးဖွဲ့ခွဲပြီး တစ်ရှိန်ထိုး ချီတက်လာသည်ကို တွေ့ရသည်။ ကျန်တပ်ဖွဲ့ တစ်ခုကို စင်စန်းအရပ်သို့ ပန်းတက်သွားသည်ကို တွေ့မြင်ရသည်။

ထိုအဖြစ်ကို မြင်သောအခါ မုံစီလွှန်မှာ ဣန္ဒြေမဆည်နိုင်တော့ဘဲ အော်မိလေ၏။

"အလို ... ကိုယ်ကျိုးနဲကုန်ပါပြီ၊ မန်ချူးတပ်ဖွဲ့တို့ဟာ တပ်လိုက်လားမင်း တရားသူကြီးမင်းဆီကို သွားတာနဲ့ တူတယ်"

သူမ၏ စကားကို ကြားသည်နှင့် ဆချွန်မင်က ရဲစိတ်ရဲမာန် တက်ကြွပြီး ယတိပြတ် ဖြေလိုက်လေ၏။

"အို ... အခုချိန်ကျမှတော့ မထူးတော့ပါဘူး၊ မြို့ထဲမှာ ခံစစ်ဆင်နွဲလည်း သေမှာပဲ၊ အပြင်ထွက်တိုက်ရင်လည်း သေမယ့်အတူတူဆိုတော့ ကျွန်တော်တို့ဟာ မျိုးချစ် သူရဲကောင်းပီပီ တိုက်ပွဲဆင်နွဲရင်းနဲ့ ကျဆင်းရတာက မြတ်ပါသေးတယ်"

"အို ... အစ်ကိုကလည်း တဖွတ်ထိုး မလုပ်နဲ့လေ၊ အသက်ကို တန်ဖိုးထားပြီး အလဟဿ မဖြစ်ချင်စမ်းပါနဲ့၊ ညီမရဲ့ ဝေဖန်ချက်



အရဆိုရင် မနေ့ညက ညီမတို့ သတ်ဖြတ်ခဲ့တဲ့သူဟာ ဟုခန်းအန်း ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ နို့မဟုတ်ရင် သူတို့ရဲ့ စစ်ဦးစီးသာ တကယ်တမ်းသာ ကျဆုံးခဲ့ရင် မန်ချူးစစ်သည်တွေဟာ အခုလို သဲသဲမဲမဲ တိုက်စစ်ဆင်နွဲနိုင်မှာ မဟုတ်ဘူး"

မုံစီလွှန်က ထိုသို့ ထောက်ပြလိုက်တော့မှ ဆချွန်မင် နားလည်သဘောပေါက်လေတော့သည်။

ထိုစဉ် ... မန်ချူးစစ်သည်တော်တို့သည် မြို့ရိုးတံတိုင်းသို့ စုရုံး၍ ရောက်ရှိလာကြတော့၏။

မန်ချူးတပ်ဖွဲ့မှ စက်ယန္တရားတပ်ကို တွေ့ရသောအခါ တိဘက်စစ်သည်တို့သည် ထိတ်လန့် တုန်လှုပ်ရင်း အတွင်းဘက်သို့ အသီးသီး ထွက်ပြေး တိမ်းရှောင်ကြသည်။

မုံစီလွှန်က ရဲစွမ်းသတ္တိနှင့် ပြည့်စုံသူပီပီ မြို့ရိုးတံတိုင်းပေါ်တွင် မကြောက်မရွံ့ဖြင့် ရပ်နေ၏။

မန်ချူးတပ်ဖွဲ့၏ အလယ်ဗဟိုတည်နေရာတွင် ဟုခန်းအန်း၏ သင်္ကေတအလံကို တလူလူလွှင့်ထူထားသည်ကို မြင်သည်နှင့် သက်ပြင်းချရင်း ညည်းညူမိသည်။

"အင်း ... ကျွန်မတို့တော့ မြေခွေးလို ကောက်ကျစ်တဲ့ ဟုခန်းအန်းရဲ့ ဆင်ထားတဲ့ အကွက်ထဲကို ဝင်မိပြီ"

လက်တွေ့မှာလည်း သူမ ခန့်မှန်းထားသလိုပင် ဖြစ်လေ၏။

ဗိုလ်ချုပ် ဟုခန်းအန်းသည် သူ၏ ဌာနချုပ်သို့ ရှောင်ရှိရှမ်း

www.burmeseclassic.com

www.burmeseclassic.com



ဝင်နှောင့်ယှက်ကတည်းကပင် သေမည်ကို ကြောက်ရွံ့ပြီး ညဘက်တွင် ဌာနချုပ်ထဲ၌ မအိပ်ဘဲ သူနှင့် ရုပ်ချင်းဆင်တူဖြစ်သော လူတစ်ယောက်ကို ကိုယ်စားသဘောဖြင့် ဌာနချုပ်ထဲတွင်း ဓားစာခံချထားလေ၏။

မနေ့ညက သေဆုံးသောသူမှာ ဓားစာခံသက်သက်သာ ဖြစ်သည်။ သူ့ကို လုပ်ကြံသတ်ဖြတ်ရန် ဆရာကျိုချန်တို့လူစု ရောက်လာသည်ကို ကြားသောအခါ ဟုခန်းအန်းသည် မခံမရပ်နိုင်ဖြစ်ပြီး လာဆာမြို့ကို အပြတ်ချေမှုန်းရန် ဆုံးဖြတ်လိုက်တော့သည်။

ထိုသို့ စစ်ကြောင်းနှစ်ကြောင်းခွဲပြီး ချီတက်လာသောအခါ စင်စန်းတောင်သို့ ချီတက်သော တပ်ဖွဲ့က အမိကဖြစ်ပြီး လာဆာမြို့ကို ဝိုင်းရံထားသော တပ်ဖွဲ့က ဟန်ဆောင်တိုက်ခိုက်ခြင်းသာ ဖြစ်သည်။

စင်စန်းတောင်ပေါ်သည် တရားသူကြီးမင်း တပ်လိုက်လားမားနေထိုင်သော အရပ်ဖြစ်၍ တောင်ပေါ်တွင် စစ်သည် သုံးထောင်ခန့်သာ ချထားသည်။

မန်ချူးဘက်မှ တပ်ဖွဲ့မှူး ထမုလီကို ဦးစီးစေပြီး လက်ရွေးစင်တပ်သား နှစ်သောင်းဖြင့် စင်စန်းတောင်ကို အလွယ်တကူ ဝင်ရောက်သိမ်းပိုက်ခဲ့၏။

စင်စန်းတောင်ကို သိမ်းပိုက်ပြီးသည်နှင့် ဟုခန်းအန်းသည် ယမ်းအမြောက် နှစ်ဆယ်ကျော်တို့ကို စင်စန်းတောင်ပေါ်သို့ ချက်ချင်းပို့နိုင်းတော့သည်။



ထိုသို့ သယ်ပို့တပ်ဆင်ပြီးသည်နှင့် နောက်တစ်နေ့ မွန်းတည့်ချိန်တွင် ဟုခန်းအန်းက အမြောက်များနှင့် အပေါ်စီးမှနေ၍ လာဆာမြို့တွင်းရှိ ကျူပေါ့ကျောင်းကို ပစ်ခတ်နိုင်းသည်။

အမြောက်သုံးချက်က မြို့ရိုးတံတိုင်းကို ထိမှန်ပြီး ကျန်သုံးချက်က ကျူပေါ့ကျောင်းကို ထိမှန်သွား၏။ အမြောက်သံများ ကြားသောအခါ မြို့နေလူထုတို့သည် အလန့်တကြားဖြစ်ပြီး တရားသူကြီးမင်းလည်း များစွာ စိုးရိမ်ပူပန်မိသည်။

ထိုအချိန်တွင် သူ၏ ညာလက်ရုံးဖြစ်သော တော်ပါရန်နှင့် ဟူရင်ခက်တို့သည် အညံ့ခံချင်ကြ၏။ ယခုကဲ့သို့ ရန်သူများ ဝိုင်းရံပိတ်ဆို့ခြင်းကို ခံရသောအခါ တရားသူကြီးမင်းအား မန်ချူးနယ်ချဲ့တို့ထံ အညံ့ခံရန် အပူတပြင်း တိုက်တွန်းသည်။

ထိုအခါ တရားသူကြီးမင်း တပ်လိုက်လားမားက မျက်မှောင်ကြုတ်ပြီး ပြန်ပြောလိုက်သည်။

"အို ... ဖြစ်ပါ့မလား၊ တို့တတွေ လွန်ခဲ့တဲ့လက မန်ချူးအထူးကိုယ်စားလှယ်ကို သတ်ဖြတ်ခဲ့တယ် မဟုတ်လား၊ ဒီတော့ မန်ချူးတွေဆီကို ငြိမ်းချမ်းရေး တောင်းဆိုရင် သူတို့လက်ခံပါ့မလား"

"အို ... ဖြစ်ပါတယ်၊ တရားသူကြီးမင်း အဲဒီ ပြဿနာကို တရုတ်လူစုအပေါ် ပုံချလိုက်ရင် ပြီးတာပါပဲ"

ကြောက်ဒူးတုန်နေသော ညာလက်ရုံးများ၏ တိုက်တွန်းချက်အရ အခြားနည်းလမ်းလည်း မရှိတော့၍ တရားသူကြီးမင်းက အညံ့ခံရန် ဆုံးဖြတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ ကျောင်းဆောင်မှ တာဝန်ခံ လားမားများကို ချက်ချင်း ဆင့်ခေါ်ပြီး မန်ချူးတို့ဆီ ငြိမ်းချမ်းရေး တောင်းဆိုရန် စေလွှတ်လိုက်သည်။

နေ့ဝက်ခန့် ကြာသောအခါ တရားသူကြီးမင်း၏ အထူးကိုယ်စားလှယ်က တာဝန်ထမ်းဆောင်ပြီး ပြန်လာတော့သည်။

သို့သော် ... မန်းချူးဘက်မှ ပြန်လည်တောင်းဆိုသော အချက်သုံးချက်မှာကား နိုင်ထက်စီးနင်း ဆန်လှသော ချက်သုံးချက်ပင် ဖြစ်သည်။

၎င်းတို့မှာ ...

တစ်အချက်ကား တိဘက် အာဏာပိုင် တပ်လိုက်လားမားသည် မန်ချူးလက်အောက်ခံ အမတ်သာ ဖြစ်ရမည်။

နှစ်အချက်ကား တိဘက် အာဏာပိုင်သည် မန်ချူးအစိုးရကို ကျွဲ၊ နွား အကောင်တစ်သောင်းကို ချက်ချင်း ဆက်သရမည်။ ထို့အပြင် ဆန်စပါးနှင့် စစ်တပ်ရိက္ခာတို့ကို ထောက်ပံ့ရမည်။

သုံးအချက်ကား ဟုခန်းအန်းက ပုဂ္ဂိုလ်ရေး အညိုးကြောင့် တရားသူကြီးမင်းအား အကျုပ်ကိုင်ခြင်း ဖြစ်၏။

၎င်းအချက်ကား တိဘက် အာဏာပိုင်ဘက်မှ ကူညီတိုက်ခိုက်ပေးသော တရုတ်မျိုးချစ်သူရဲကောင်းတို့ကို ဖမ်းဆီးပြီး အပ်နှံရမည်။

ထိုအချက်သုံးချက်ကို လက်ခံလိုက်နှာပါက မန်ချူးတို့ဘက်မှ လာဆာမြို့ကို စစ်သည်များ ဝင်ရောက်နှောင့်ယှက်ခြင်း မပြုဟု ကတိပေးသည်။



တရားသူကြီးမင်းသည် စိတ်ကောင်းရှိသည်ပီပီ တရုတ်မျိုးချစ်သူရဲကောင်းတို့အား မန်ချူးတို့လက်ထဲ အပ်နှံရမည်ကို နှမြောစိုးရွံ့မိသည်။

သို့ဖြစ်၍ တွေဝေရင်း ချီတုံချတုံ ဖြစ်နေ၏။

ထိုအခါ သူ၏ ညာလက်ရုံးဖြစ်သူ တော်ပါရန်က တိုက်တွန်းလိုက်ပြန်၏။

"အို အခုချိန်ကျမှတော့ သူတို့အတွက် စဉ်းစားနေလို့ မဖြစ်ဘူး တရားသူကြီးမင်း၊ လာဆာမြို့တော်မှာ သိန်းချီပြီးရှိနေတဲ့ ပြည်သူလူထုအသက်နဲ့ သူတို့အသက်ကို ဘယ်လဲနိုင်မလဲ"

"အင်း ... ရှိပါစေတော့ကွာ၊ ဒါပေမယ့် တရုတ်လူမျိုး မျိုးချစ်သူရဲကောင်းတွေရဲ့ သိုင်းပညာအဆင့်ဟာ မြင့်လွန်းတယ်၊ အဲဒါ သူတို့ကို ဖမ်းဆီးဖို့ လွယ်မှာ မဟုတ်ဘူး"

"ဘာမှ မစိုးရိမ်ပါနဲ့ တရားသူကြီးမင်း ... အဲဒီကိစ္စကို ကျွန်တော်မျိုး တာဝန်ထားလိုက်ပါ"

တော်ပါရန်သည် အစောင့်တစ်ယောက်ကို ဆရွှန်မင်တို့ဆီ စေလွှတ်လိုက်၏။

ကိစ္စဆွေးနွေးညှိနှိုင်းရန် ဖိတ်ခေါ်ခိုင်းလိုက်သည်။

တကယ်တော့ မျိုးချစ်သူရဲကောင်းတို့လည်း တရားသူကြီးမင်း၏ စိတ်ဓာတ်ကို ကြိုတင် ခန့်မှန်းနိုင်၏။

၎င်းအချိန်တွင် မန်းချူးတပ်စခန်းတွင် အတွင်းသူလျှိုအဖြစ် ခန့်ထားသော ဖွမ့်ကျင်ကျိုတို့ ညီအစ်ကို ပြန်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဌာနချုပ်သို့ ရောက်သောအခါ ဆရာကျိုချန်နှင့် ဖွမ့်ကုံတပ်တို့ကို မြင်သည်နှင့် ရေးကြီးသုတ်ပြာဖြင့် ဆိုလိုက်၏။

"ဦးလေး ... ကိုယ်ကျိုးတော့နည်းကုန်ပြီ"

၎င်းတို့ ညီအစ်ကို၏ စကားကို ကြားသောအခါ မုံစီလွန်က အိန္ဒြေရရဖြင့် ပြန်ဖြေလိုက်၏။

"အို ... ဘာမှ ပူစရာ မလိုပါဘူးရှင်၊ တရားသူကြီးမင်းက မန်ချူးနယ်ချဲ့တို့ထံမှာ လက်နက်ချ အညံ့ခံရုံပေါ့"

"မမက တကယ့်ဉာဏ်ကြီးရှင်ပဲဗျာ၊ အဲဒီကိစ္စကို ဘယ်လိုသိတာလဲ"

"ဟား ... ဟား ... ဟား ... မင်းတို့ ပြန်လာတဲ့နောက်တော့ အခြေအနေ မဟန်လို့ ပြာလာတာပေါ့ကွယ်"

ထိုအခါ ဖွမ့်ကျင်ကျွီက တရားသူကြီးမင်းနှင့် မန်ချူးတို့ချင်း ဆွေးနွေးသော အချက်သုံးချက်ကို တင်ပြသည်။

အကြောင်းစုံကို သိသောအခါ ဆချွန်မင်က ဒေါသထွက်ပြီး တက်တခေါက်ခေါက် ဖြစ်နေ၏။

ထိုအနိုက် အပြင်ဘက်မှ အစောင့်ဝင်လာ၏။

ထိုအစောင့်သည် ဆရာကျိုချန်အား နှုတ်ဆက်ပြီး တရားသူကြီးမင်း၏အမိန့်ကို မိန့်ကြား၏။

"ဆရာတို့ တရားသူကြီးမင်းက အရေးပေါ်ကိစ္စရှိလို့ အခေါ်လွှတ်လိုက်ပါတယ်၊ ရှိသမျှ မျိုးချစ်သူရဲကောင်းတွေ လာရမယ်တဲ့"



ဆချွန်မင်၏ အမူအရာမှာ ဒေါသထွက်နေသော်လည်း မုံစီလွန်က တည်ငြိမ်သောအသံဖြင့် ပြန်လည်ပြောလိုက်သည်။

"ဟုတ်ကဲ့ရှင် ... ကျွန်မတို့တတွေ ကိုယ်လက်သန့်စင်ပြီးမှ လာတွေ့မယ်လို့ တဆိတ် အကြောင်းကြားလိုက်ပါ"

ထိုသို့ ဖြေကြားသောစကားကို ကြားရသောအခါ အစောင့်က နှုတ်ဆက်ပြီး ပြန်သွား၏။

ဖွမ့်ကျင်ကျွီတို့ ညီအစ်ကို စိုးရိမ်ပြီး မသွားစေရန် တားမြစ်ထားသော်လည်း မုံစီလွန်က ငွေကျင်ဟုန်ကို မှာလိုက်၏။

"ကဲ ... အစ်ကို အခုချက်ချင်း ဟန်ချိုမြို့ကိုသွားပါ၊ အဲဒီမှာ ကျွန်မတို့ ပိုက်ယုံကုက ခေါ်လာတဲ့ ရဲဘော်တွေကို စုစီးပြီး တပ်ဖွဲ့လေးဖွဲ့ ခွဲထားပါ၊ အစ်ကိုနဲ့ အီလီနားတို့က တပ်ဖွဲ့လေးဖွဲ့ကို ဦးစီးပြီး လာဆာမြို့တော်ဘက် မြို့ရိုးတံခါးမှာ အသင့်စောင့်နေပါ၊ ဒါပေမယ့် နှစ်နာရီကြာလို့မှ ကျွန်မ ပြန်ထွက်လာတာကို မတွေ့ရင် အစ်ကိုတို့ဘာသာ တပ်ဖွဲ့ကိုဦးစီးပြီး ထိုးဖောက်တိုက်ခိုက်ပါတော့ရှင်"

အားလုံး သွေးဆူနေသောကြောင့် မုံစီလွန်က ဆက်လက်ရှင်းပြသည်။

"တရားသူကြီးမင်းကို ကျွန်မတို့ သွားမတွေ့ရင် နောင်လာနောက်သားတွေက သူရဲဘောကြောင်တယ်လို့ ဆိုကြမယ်၊ ဒီတော့ တရားသူကြီးမင်းနဲ့ တွေ့ပြီးမှ ဆုံးဖြတ်ကြပါစို့"

www.burmeseclassic.com

www.burmeseclassic.com



၎င်းအချိန်မှာပင် ကျောင်းဆောင်မှ ခေါင်းလောင်းများ မြည်ဟီးလာ၏။

တရားသူကြီးမင်းသည် ဧည့်သည်နှင့်တွေ့ရန် စောင့်ဆိုင်းနေသော အဓိပ္ပာယ်ကို ဖော်ပြနေသည်။

သို့ဖြစ်၍ မုံစီလွန်က ငေါ့ကျင်ဟုန်ဘက်သို့ လှည့်၍...

"ကိုင်း ... အစ်ကို အခုသွားပေတော့၊ နောက်ကျရင် အချိန်မီမှာ မဟုတ်ဘူး"

သေးကြပ်နံကြပ်အချိန် ဖြစ်သဖြင့် ငေါ့ကျင်ဟုန်သည် အံကိုတင်းတင်းကြိတ်ရင်း အီလီနားတို့ကို ခေါ်ဆောင်ပြီး ထွက်ခွာသွားတော့သည်။

၎င်းတို့ ထွက်သွားသည်နှင့် ဆရာကိုချစ်နှင့် မုံစီလွန်တို့လည်း မျိုးချစ်သူရဲကောင်းများကို ဦးဆောင်ပြီး တပ်လိုက်လားမားရှိရာ ကျောင်းဆောင်သို့ စုရုံး ရောက်လာကြသည်။

လမ်းတစ်လျှောက်လုံးတွင် လက်နက်များ အသင့်ပြင်ဆင်ထားသော အစောင့်တို့ကို ဆယ်လှမ်းအကွာတွင် တစ်ယောက်စီ ချထားသည်ကို တွေ့ရ၏။

ကျောင်းဆောင်ခန်းမသို့ ဝင်သွားသည်နှင့် တပ်လိုက်လားမားကို ဖူးမျှော်ပြီး ပေးထားသည့်နေရာတွင် ဝင်ထိုင်လိုက်ကြသည်။

၎င်းနောက် ဆရာကိုချန်က လက်အစုံမိုး၍ ဦးခွာ တောင်းပန်လိုက်သည်။



"တပ်လိုက်လားမား တရားသူကြီးမင်း ကျွန်တော်တို့ ပြဿနာဖြေရှင်းနေရလို့ နောက်ကျသွားတာကို ခွင့်လွှတ်စေချင်ပါတယ်"

"အင်း ... အကြောင်းမဟုတ်ပါဘူး၊ တို့အတွက် ရှုပ်ရှုပ်ရွှံရွှံနဲ့ တိုက်နိုက်ပေးတာ ကျုပ်အနေနဲ့ ချီးကျူး ဂုဏ်ယူမိပါတယ်၊ ဒါပေမယ့် ... လာဆာမြို့လူထုရဲ့ အသက်စည်းစိမ် လုံခြုံရေးအတွက် အခုမန်ချူးတွေဆီမှာ အညွှန်ခံလိုက်ရပြီ၊ ဒါကြောင့် ကျုပ်ရဲ့ အခက်အခဲကို ခွင့်လွှတ်စေချင်ပါတယ်"

တပ်လိုက်လားမား၏ စကားမဆုံးမီ ဆာ ချွန်မင်သည် စိတ်မထိန်းနိုင်ဘဲ ဝင်ပြောလိုက်သည်။

"အို ... မိန့်ကြားမနေပါနဲ့၊ အခုအတိုင်းဆိုရင် ကျွန်တော်တို့ လာဆာမြို့မှာ မနေတော့ပါဘူး၊ ကဲ ... အခုပဲ ကျွန်တော်တို့ကို ခွင့်ပြုပါတော့ ..."

"စိတ်မလောပါနဲ့၊ ခင်ဗျားတို့အတွက် ကျုပ် နှုတ်ဆက်စားပွဲ တည်ခင်းစီစဉ်ထားပါတယ်"

တရားသူကြီးမင်းသည် ပြောဆိုပြီးသည်နှင့် တော်ပါရန်အား ဧည့်ခန်းသို့ ခေါ်ဆောင်သွားရန် မိန့်ကြားလိုက်၏။

ဧည့်ခန်း ကုလားထိုင်တွင် ကိုယ်စီထိုင်လိုက်ကြ၏။

၎င်းနောက် လူလေးယောက်က ရွှေရောင်ခရား နှစ်လုံးကို ဗန်းတွင်ထည့်၍ ယူလာကြသည်။

တော်ပါရန်သည် မျက်နှာချိုသွေးရင်း ရွှေရောင်ခရားတစ်လုံးကို မ,၍ သူ၏ခွက်ထဲသို့ အရက်ငှဲ့ရင်း ဆိုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မိတ်ဆွေတို့ တိဘက်ပြည်နယ်အတွက် တိုက်ခိုက်ခဲ့တာဟာ ပင်ပမ်းလွန်းအားကြီးပါတယ်၊ တရားသူကြီးမင်းက မိတ်ဆွေတို့ကို ကျေးဇူးတင်တဲ့အနေနဲ့ အခုလို ဧည့်ခံ(?) ဆက်စားပွဲ ကျင်းပရတာပါ၊ အခု ကျွန်တော်တိုက်တဲ့ အရက်ကို သောက်ကြပါဦး၊ နောင်လည်း အခွင့်ကြုံရင် လာဆာမြို့ကို လာလည်နိုင်ပါတယ်"

မုံစီလွန်သည် တော်ပါရန်၏ လှုပ်ရှားမှုကို မျက်ခြေမပြတ် အကဲခတ်နေ၏။

တော်ပါရန် အရက်ထည့်သောအခါ သူ၏ခွက်ကို ရှိုးရှိုးသား သားထည့်လိုက်၏။

သို့သော် မိမိတို့အတွက် အရက်ထည့်သောအခါ ခရားတွင် ရှိသော ခလုတ်ကို အသာနှိပ်လိုက်သည်။

ထိုအဖြစ်ကို မြင်သောအခါ မိမိတို့အတွက် အဆိပ်ခပ်မှန်း သိ၍ မုံစီလွန်က သူမ၏ရှေ့မှ အရက်ခွက်ကို မ,လိုက်ရင်း တော်ပါရန်ကို စိမ်ခေါ်လိုက်သည်။

"ခစ် … ခစ် … ခစ် … အားနာစရာ မလိုပါဘူး၊ တရားသူကြီး မင်းရဲ့ နံဘေးမှာ အကြံပေးရတဲ့အတွက် ပင်းပမ်းလှပါတယ်၊ ဒီတော့ ရှင်ထည့်ပေးတဲ့ အရက်နဲ့ရှင့်ကို ကျွန်မ တိုက်ပါရစေ"

သူမကရယ်ရယ်မောမောနှင့် ပြောလိုက်သော်လည်း အကောက် ကြံသော တော်ပါရန်၏မျက်နှာထားမှာ ချက်ချင်းပျက်သွားသည်။

ထိုအခါ တော်ပါရန်သည် ဟန်မဆောင်နိုင်ဘဲ အရက်ခွက် ကို ပုတ်ချရင်း ဘီလူးရုပ်ဖောက် ပေါ်လာသည်။



"ဟိတ်ကောင်တွေ … ထွက်ခဲ့ကြစမ်းကွာ"

သူ၏ အမိန့်ကြားသည်နှင့် မျိုးချစ်သူရဲကောင်း တစ်စုကို လုပ်ကြံသတ်ဖြစ်ရန် ကင်းပုန်းများချထားသော လက်နက်ကိုင်လူ များ ပေါ်လာသည်။

"တောက် … ရှင်တို့ဟာ တယ်လည်း ကျေးဇူးကန်းပါလား"

မုံစီလွန်က မခံမရပ်နိုင်ဖြစ်ပြီး ဓားကိုထုတ်၍ ရန်သူကို ဝင်ပိုင်း တော့သည်။

ဆချွန်မင်လည်း တော်ပါရန်၏ ဟုတ်မာမှုကို မုန်းတီးသော ကြောင့် စန်ယန်သိုင်းကွက်ဖြင့် တော်ပါရန်၏ ရင်ဝကို ပြင်းပြသော အဟုန်ဖြင့် တွန်းထုတ်လိုက်သည်။

သူ၏ ပြင်းပြသော အရှိန်ကြောင့် ဝုန်း'ခနဲ မြည်ဟီးရင်း တော်ပါရန်၏ ကိုယ်လုံးသည် ဆယ်လှမ်းခန့်အကွာသို့ လွင့်စင်သွား တော့သည်။

တစ်ချိန်တည်းမှာပင် ဆရာကျိုချန်နှင့် ဖွမ့်ကုံတပ်တို့ကလည်း လက်နက်ကိုယ်စီ ထုတ်၍ ရန်သူများနှင့် အကျိတ်အနယ် သတ် ပုတ်ကြသည်။

ရန်သူအင်အားမှာ များလွန်းသောကြောင့် ဆချွန်မင်က ဓား ကို ဝှေ့ရမ်းပြီး တိုက်ခိုက်နေရ၏။

ထိုအခါ ဟူရင်ခက်က အခွင့်ကောင်းယူပြီး ဆချွန်မင်ကို အလစ်ဝင်ပိုင်းရန် တရှိန်ထိုး ပြေးလာ၏။

သို့သော် ၎င်းအချိန်မှာပင် သွက်လက်ဖျတ်လတ်သော မုံစီ

www.burmeseclassic.com

www.burmeseclassic.com



လွန်က သံလုံးလက်နက်ဖြင့် ပစ်လွှတ်လိုက်သောကြောင့် ဟူရန်ကော်ရင်ဝကို ထိမှန်သဖြင့် သူ၏အကြံ မအောင်မြင်တော့ပေ။

ဆရာကျိုချန်မှာ အသက်ထောက်လာသော်လည်း အဆင့်မြင့်သိုင်းသမားပီပီ ရန်သူသုံးဦးကို တစ်ချိန်တည်း သုတ်သင်ရှင်းလင်းနိုင်ခဲ့၏။

သို့သော် ခြေတစ်ဖက်ကျိုးနေသော ဖွမ့်ကဲ့တပ်မှာ တိုက်နိုက်ရင်း ရုတ်ချည်းထခုန်ပြီး ပြင်းထန်လှသော ခြေဖြင့် တော်ပါရန်၏ ဝမ်းဗိုက်ကို အားကုန်ခတ်လိုက်သည်။

ထိုအချိန်တွင် မုံစီလွန်က တုန့်ဆိုင်းမနေတော့ဘဲ တော်ပါရန်၏ရင်ဝကို ဓားဖြင့် တအားထိုးချလိုက်၏။

တော်ပါရန်မှာ တစ်ချက်သာ အော်နိုင်ပြီး သွေးအိုင်ထဲတွင် လဲကျသေဆုံးသွားသည်။ တစ်ဆက်တည်းမှာပင် ဖွမ့်ကဲ့တပ်မှာ တိုက်နိုက်ရင်း ရရှိသော အတွင်းဒဏ်သည် ပြင်းထန်လွန်း၍ ...

"အမယ်လေး ..."

တစ်ချက်သာ အော်ရင်းဖြင့် အသက်စွန့်သွားရှာသည်။

ထိုမြင်ကွင်းကို မြင်ရသော ဆချွန်မင်က ပြေးလာပြီး ဖွမ့်ကဲ့တပ်အား ပွေ့ချီလိုက်သည်။

မုံစီလွန်သည် ဒေါသထွက်ရင်း ရန်သူတို့အား လက်နက်ပုန်းသံလုံးများဖြင့် ဒလကြမ်း ပစ်ခတ်လေ၏။

ဆချွန်မင်က အခဲမကြေဘဲ ရန်သူများကို လိုက်လံ တိုက်ခိုက်ရန် ပြုသောအခါ ...

BURMESE CLASSIC



ဆရာကျိုချန်က အော်လိုက်သည်။

"ဟော့ တပည့်တို့ ... သောမင်းခံတွင်းက အမြန်ဆုံး ထွက်သွားကြစို့"

ထိုသို့ အော်ဟစ် သတိပေးလိုက်သောအခါ ၎င်းတို့သုံးဦးသားမှာ ရှေ့ဆင့်နောက်ဆင့် ကျူပေါ့ကျောင်းဆောင်မှ ထိုးဖောက်တိုက်နိုက်ရင်း ပြေးထွက်လာခဲ့ကြသည်။

လမ်းမကြီးသို့ ရောက်သောအခါ လူသူကင်းရှင်း၍ အတားအဆီးကို လုံးဝ မမြင်ရချေ။

ထို့ကြောင့် ဆရာကျိုချန်တို့လူစုမှာ အတားအဆီး ကင်းစွာဖြင့် တောင်ဘက် မြို့ရိုးတံခါးဆီသို့ ထိုးဖောက်လာနိုင်ကြ၏။

မြို့ရိုးအပြင်ဘက်သို့ ရောက်သောအခါ ငေါ့ကျင်ဟုန်က တပ်ဖွဲ့လေးဖွဲ့ကို ဦးစီးပြီး စောင့်ဆိုင်းနေခြင်းကို တွေ့ရလေ၏။

ဖွမ့်ကျင်ကျိတို့ ညီအစ်ကိုနှစ်ယောက်မှာ ဖခင်၏ အလောင်းကို မြင်ရလျှင် ငိုက်ကြီးတငင်ဖြင့် ချုံးပွဲချကာ ငိုကြွေးကြ၏။

ထိုအခါ ဆရာကျိုချန်က နှစ်သိမ့်အားပေး ဖြောင်းဖျပြောဆိုလိုက်သည်။ သည့်နောက် သူတို့လူတစ်စုသည် လာဆာမြို့မှ ထွက်ခွာလာကြလေတော့သည်။

ထိုအခါ ဆချွန်မင်က မုံစီလွန်အား မေးလေ၏။

"ဒီမယ် ညီမ ... လာဆာမြို့ရဲ့ ကိစ္စတွေကတော့ ပြီးပြတ်သွားပြီ၊ အင်း ... ကမ္ဘာကြီးက ကျယ်ဝန်းပေမယ့် အစ်ကိုတို့တတွေ ဘယ်ကိုသွားရမှာလဲဟင် ညီမ ..."

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို ... ညီမတို့တတွေဟာ မန်ချူးနယ်ချဲ့တို့ရဲ့ လက်ချက်ကြောင့် မိသားစုနဲ့ မနေရဘဲ ဌာနေကို စွန့်ခွာခဲ့ရတယ်၊ အဲဒီတော့ အသက်ရှင်နေသရွေ့ နယ်ချဲ့မန်ချူးတွေကို အောင်ပွဲရသည်အထိ တိုက်ခိုက်ရမှာပဲ၊ လာပါအစ်ကိုရယ် ... ညီမတို့ နီပေါနိုင်ငံမှာ ခိုလှုံခွင့် တောင်းကြပါစို့"

သူမ၏အကြံကို ဖွမ့်ကျင်ကျွိတို့ ညီအစ်ကိုက ဦးစွာသဘောတူလိုက်သည်။

သည့်နောက် မျိုးချစ် သူရဲကောင်းတစ်သိုက်တို့သည် မလျှော့သော ခွဲလုံ့လဖြင့် လာဆာမြို့ကို စွန့်ခွာ၍ တောင်ဘက်စူးစူးအရပ်ရှိ အပြောကျယ်လှသော မြက်ခင်းလွင်ပြင်သို့ ထွက်ခွာသွားကြပေတော့သတည်း။

ချစ်သောသူ နှစ်ယောက် ...

ဆစ္စျန်မင်နှင့် မုံစီလွန် ...။

ချစ်သူနှစ်ဦးမှာ ...

အနာဂတ်၏ ဘဝပေးတာဝန်ကို ထမ်းဆောင်ရန် ရှေ့သို့ဆက်၍ ချီတက်သွားကြသည်။

နယ်ချဲ့များကို အောင်ပွဲရသည်အထိ တိုက်ခိုက်ရန် ရင်ဝယ်အသီးသီး ဆုံးဖြတ်ချက်ချမိကြတော့သည်။

**စာစဉ်(၃) ပြီး၏**

တက္ကသိုလ် နေလင်းအောင်

www.burmeseclassic.com